

# ဒသမင်းတာမန် ရေကာတာ

## Damming at Gunpoint

မြန်မာ့တပ်မတော်၏ညှင်းပန်းနှိပ်စက်မှု
များသည် ကရင်ပြည်နယ်အတွင်း
သံလွင်မြစ်ရေကာတာများကို
တည်ဆောက်ရေးအတွက်
လမ်းရှင်းပေးနေသည်

ဒသမင်းတာမန်ရေကာတာ

ကရင့်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့

# သေမင်းတမန်ရေကာတာ

**jrermwyrawm\ n§i;yr;Eypurrsm;on**
**u&ijyne , twi; ovijrpa&umwmrsm;u**
**wnaqmua&; twu vr;&i;ay;aeon/**


ကရင်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့


ဇန္နဝါရီ ၂၀၀၅
ကော်သူးလေ

"*ကရင်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့*"သည် ကရင့်အဖွဲ့အစည်းများအား ပေါင်းစည်းထားသည့် ညွန့်ပေါင်းအဖွဲ့ဖြစ်သည်။ ၎င်းတို့တွင် ကရင်ပြည်နယ်အတွင်းရှိ ကရင်ရေးရာများဖြစ်ကြသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမျိုးသမီး၊ လူငယ်၊ လူ့အခွင့်အရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြသည့် ကရင့်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးရုံးအဖွဲ့(**KORD**)၊ ကရင့်လူငယ်အစည်းအရုံး(**KYO**)၊ ကရင်ကျောင်းသူကျောင်းသားများကွန်ယက်အုပ်စု(**KSNG**)၊ ကရင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆောင်ရွက်ရေးကွန်ယက်(**KESAN**)၊ ကရင်အမျိုးသမီးအစည်းအရုံး(**KWO**)နှင့် ကော်သူးလေ ကရင်အလုပ်သမားသမဂ္ဂ(**FTUK**)များပါဝင်သည်။

"*ကရင်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့*"သည် မြန်မာနိုင်ငံကိုယေဘူယျပြုပြီး ကရင်ပြည်နယ်ကို အထူးပြုကာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်အားထိခိုက်စေမှုကို စောင့်ကြည့်ရေး၊ အထူးသဖြင့် ကရင်ပြည်နယ်အတွင်းရှိ မြစ်ချောင်းများအား စောင့်ကြည့်ခြင်းမှတဆင့် အောက်ခြေပြည်သူလူထု၏ အစုအဖွဲ့များကို စည်းရုံးလှုံ့ဆော် အားပေးကူညီကာ အခြားသော မြန်မာပြည်သားများနှင့် မြန်မာပြည်၏ ဒီမိုကရေစီရေးအတွက်လည်းကောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။


| | |
|---|---|
| စာအုပ်အပြင်အဆင်နှင့် မြေပုံ | ကျော်အဲနယ်(လင်းကျော်) |
| ထုတ်ဝေသူ | ကရင်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့ |
| အင်္ဂလိပ်ဘာသာဖြင့် | Damming at Gunpoint (အုပ်ရေ ၁၀၀၀) |
| ကရင်ဘာသာဖြင့် | တမၢ်ထံလၢကျိခိဉ်ထီး (အုပ်ရေ ၁၀၀၀) |
| မြန်မာဘာသာဖြင့် | သေမင်းတမန်ရေကာတာ (အုပ်ရေ ၁၀၀၀) |

*ချမ်းသာတဲ့သူတွေက ရေကာတာဆောက်တော့*

*တောင်ပေါ်ဒေသရှိ လယ်မြေများအား ရေလွှမ်းမိုးပြီး*

*"မိခင်"အတွက် ပြဿနာအမျိုးမျိုး ဖြစ်ပေါ်စေတယ်။*

*ချမ်းသာသူတွေက မြစ်တွေကို ကာရံလိုက်တော့*

*အိမ်ခေါင်မိုးအထိ ရေလွှမ်းမိုးပြီး*

*မိခင်ကို အိုးမဲ့အိမ်မဲ့ဖြစ်ရတယ်။*

**(ရွေးကရင်တို့၏ ရိုးရာအဆိုအမိန့်)**

## "ဤစာအုပ်တွင်ပါရှိသည့် အက္ခရာဖြင့်ဖော်ပြသည့်နာမည်များနှင့် ဝေါဟာရများအား ဖော်ပြရှင်းလင်းခြင်း"

***နအဖ နှင့်ပတ်သက်သည့် အက္ခရာများဖြင့် ဖော်ပြသော နာမည်များနှင့် ဝေါဟာရများ။***

နအဖ – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC)

ခလရ – ခြေလျင်တပ်ရင်း (IB)

ခမရ – ခြေမြန်တပ်ရင်း (LIB)

ရတခ – အရှေ့တောင်တိုင်းစစ်ဌာနချုပ် (ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်အတွင်းရှိ စစ်တိုင်းဌာနချုပ် ဖြစ်သည်။)

***ကေအဲန်ယူနှင့်ပတ်သက်သည့် အက္ခရာများဖြင့် ဖော်ပြသော နာမည်များနှင့် ဝေါဟာရများ။***

KNU – ကရင်အမျိုးသားအစည်းအရုံး

KNLA – ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်

KNDO – ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့

***ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းအတွင်းရှိ (KNU ၏ အုပ်ချုပ်ရေးနယ်မြေများ)***

၁။ သထုံခရိုင် – တပ်မဟာ (၁)

၂။ တောင်ငူခရိုင် – တပ်မဟာ (၂)

၃။ ညောင်လေးပင်ခရိုင် – တပ်မဟာ (၃)

၄။ မြိတ်/ထားဝယ်ခရိုင် – တပ်မဟာ (၄) (တနင်္သာရီတိုင်းအတွင်းတွင်ရှိသည်။)

၅။ ဖါပွန်ခရိုင် – တပ်မဟာ (၅)

၆။ ဒူးပလာယာခရိုင် – တပ်မဟာ (၆)

၇။ ဖါးအံခရိုင် – တပ်မဟာ (၇)

***ခရိုင်အုပ်ချုပ်ရေး***

မြို့နယ်

ကျေးရွာအုပ်စု

ကျေးရွာ

***အခြားအက္ခရာဖြင့်ဖော်ပြသည့်နာမည်များ***

EGAT – လျှပ်စစ်ဓါတ်အားပေးရေးဆိုင်ရာ ထိုင်းအာဏာပိုင်အဖွဲ့

EPDC – လျှပ်စစ်စွမ်းအင်ဖွံ့ဖြိုးရေးကုမ္ပဏီ (ဂျပန်ကုမ္ပဏီ)

NMSP – မွန်ပြည်သစ်ပါတီ (မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းအတွင်းရှိသည်။)

KNPLF – ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကယားပြည်နယ်ထဲတွင် ရှိသည်။)

# မာတိကာ


**ကျေးဇူးတင်လွှာ ............................................ က**
**မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အချက်အလက်များ ............................................ ဂ**
**အကျဉ်းချုပ်တင်ပြချက် ............................................ ၁**
**နိဒါန်း ............................................ ၄**
**စစ်အစိုးရ၏နယ်မြေဖွံ့ဖြိုးရေးအစီအစဉ်နှင့် ရေကာတာများ ............................................ ၁၂**
**သံလွင်ရေကာတာစီမံကိန်းများ ............................................ ၁၅**
**ကရင်ပြည်နယ်အတွင်းရှိ ဝဲကြီးနှင့်ခါးခွင်ရေကာတာ ............................................ ၁၇**
**ကရင်ပြည်နယ်အတွင်း ဤရေကာတာများနှင့်သက်ဆိုင်သည့်**
**နိုင်ငံရေးအကြောင်းရပ်များ ............................................ ၂၃**
**၁၉၉၂–ခုနှစ်မတိုင်မီ ဖါပွန်ဒေသ၊ ကရင်တို့၏ ထိန်းချုပ်မှုအောက်ရှိသံလွင်မြစ် ... ၂၆**
သဘာဝအရင်းအမြစ်များ ............................................ ၂၆
အခြေခံအဆောက်အအုံများ ............................................ ၃၀
၁၉၉၂–ခုနှစ်မတိုင်မီ ဖါပွန်ဒေသအတွင်း စစ်အစိုးရ၏ အဓိကထိုးစစ်များ ............................................ ၃၂
**ဖါပွန်ခရိုင်နှင့်သံလွင်မြစ်အား ထိန်းချုပ်နိုင်ရေးအတွက် စစ်အစိုးရ၏**
**နည်းပရိယာယ် (၁၉၉၂–ခုနှစ်မှ ယခုအထိ) ............................................ ၃၅**
အဆင့်ဆင့် စစ်ရေးထိုးစစ်များ ............................................ ၃၅
နဂါးမင်းထိုးစစ် ၁၉၉၁–၁၉၉၂ ............................................ ၃၅
မာနယ်ပလောကျဆုံးခြင်း ............................................ ၃၇
၁၉၉၇–ခုနှစ် အောင်မြင်ခြင်းမရှိသည့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲနှင့်
ပြင်းထန်သည့် မြေလှန်စနစ်နည်းပရိယာယ်များ ............................................ ၃၇
စစ်အစိုးရ၏တပ်များ တိုးမြှင့်ချထားလာနေခြင်း ............................................ ၃၉
သူပုန်ဆန့်ကျင်ရေးလှုပ်ရှားမှုကို အရေးယူဆောင်ရွက်ခြင်း ............................................ ၄၂
အဓမ္မရွှေ့ပြောင်းနေရာချထားမှုများ ............................................ ၄၆
အဓမ္မစေခိုင်းမှုများ ............................................ ၅၀
လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ............................................ ၅၁
ပြည်တွင်းဒုက္ခသည်များ (IDPs) ............................................ ၅၂
အကျဉ်းချုံးစီရင်သတ်ဖြတ်မှုများ ............................................ ၅၃
စားနပ်ရိက္ခာများအား ဖျက်ဆီးခြင်း ............................................ ၅၄
**ရေကာတာတည်ဆောက်မည့်နေရာတဝိုက်ရှိ အခြေအနေအချက်အလက်များ ....... ၅၉**
တောတောင်ရေမြေအနေအထားနှင့် ရိုးရာအသက်ရှင်နေထိုင်မှုများ ............................................ ၅၉
လက်ရှိလူဦးရေနှင့် ၎င်းတို့၏နေထိုင်စားသောက်မှုအခြေအနေ ............................................ ၆၂
နအဖတပ်များထိန်းချုပ်ထားသည့်ရွာများ(ငြိမ်းချမ်းရေးကျေးရွာများ) ............................................ ၆၆
IDPs ခေါ် ပြည်တွင်းဒုက္ခသည် အစုအဝေးများ ............................................ ၆၇

လုံခြုံရေး– လမ်းများနှင့်မြေမြှုပ်မိုင်းများ ........................................................ ၆၈
အစားအစာဖူလုံရေး ........................................................................................ ၇၀
ကျန်းမာရေး ..................................................................................................... ၇၃
ပညာရေး .......................................................................................................... ၇၅
**မကြာသေးမီကာလအတွင်း သံလွင်မြစ်ကြောင်းတလျှောက် ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ........................................................................................ ၇၈**
**ရေကာတာကြောင့်ဖြစ်ပေါ်မည့် သက်ရောက်မှုများ.............................................. ၈၃**
အသက်ရှင်ရပ်တည်မှုအပေါ် သက်ရောက်မှုများ ................................................... ၈၃
လုံခြုံရေးအပေါ် သက်ရောက်မှုများ ..................................................................... ၈၅
ဒေသခံပြည်သူအတွက်အကျိုးရှိမည်မဟုတ် ........................................................ ၈၆
**နိဂုံးချုပ်နှင့် အကြံပြုတင်ပြချက်များ ............................................................... ၈၉**
**နောက်ဆက်တွဲများ**
နောက်ဆက်တွဲ(၁) ရေကာတာစီမံကိန်းနေရာတဝိုက်ရှိ ရွာသူရွာသားအချို့နှင့် တွေ့ဆုံမေးမြန်းထားသည့် ကောက်နုတ်ချက်အချို့ ................................................... ၉၁
နောက်ဆက်တွဲ(၂) ဖါပွန်ခရိုင်အတွင်းစစ်အစိုးရတပ်ချထားသည့်နေရာများ .............. ၉၅
နောက်ဆက်တွဲ(၃) သံလွင်ရေကာတာ တည်ဆောက်ရေးစီမံကိန်းအတွက် အဆင့်ဆင့် ဆောင်ရွက်ခဲ့သည့်အကြောင်းအရာနှင့် ခုနှစ်သက္ကရာဇ်များ ...................... ၉၆
**မြေပုံများစာရင်း**
*မြေပုံ (၁) မြန်မာနိုင်ငံ၏ပြည်နယ်နှင့်တိုင်း ပြမြေပုံ*
*မြေပုံ (၂) ထိုင်း–မြန်မာနယ်စပ်စီမံကိန်းချထားသည့် သံလွင်ရေကာတာ၏နေရာပြမြေပုံ*
*မြေပုံ (၃) ဖါပွန်ခရိုင် အတွင်းရှိ သုတေသနလုပ်သည့်နေရာပြမြေပုံ*
*မြေပုံ (၄) "ဝဲကြီး"တဝိုက်မြေနေရာ အသေးစိတ်ပြမြေပုံ*
*မြေပုံ (၅) "ခါးခွင်"တဝိုက်မြေနေရာ အသေးစိတ်ပြမြေပုံ*
*မြေပုံ (၆) ဖာပွန်ခရိုင်အတွင်းရှိ သစ်တောကြိုးဝိုင်းနှင့် တောရိုင်းတိရိစ္ဆာန်များ ခိုအောင်းရာနေရာများ*
*မြေပုံ (၇) ဖါပွန်ခရိုင်လမ်းပန်းဆက်သွယ်ရေးအခြေပြမြေပုံ*
*မြေပုံ (၈) မြန်မာ့တပ်မတော်၏ စစ်ဆင်ရေးများနှင့် ဒုက္ခသည်များစီးဆင်းမှု*
*မြေပုံ (၉) ဖါပွန်ခရိုင်အတွင်း မြန်မာ့တပ်မတော်တပ်ချသည့်နေရာများ (၁၉၉၂)*
*မြေပုံ (၁၀) ဖါပွန်ခရိုင်အတွင်း မြန်မာ့တပ်မတော် တပ်ချသည့်နေရာများ (၂၀၀၄)*
*မြေပုံ (၁၁) ၁၉၉၂–ခုနှစ် မတိုင်မီ ဖါပွန်ခရိုင်အတွင်းရှိ ကျေးရွာများပြမြေပုံ*
*မြေပုံ (၁၂) ၂၀၀၄–ခုနှစ် ဖါပွန်ခရိုင်အတွင်း ကျန်ရှိနေသည့်ကျေးရွာများပြမြေပုံ*
*မြေပုံ (၁၃) ၂၀၀၄–ခု ဖါပွန်ခရိုင်အတွင်း သတ်မှတ်ထားသည့်စုစည်းရွာများ*
*မြေပုံ (၁၄) စီမံကိန်းချထားသည့် ရေကာတာတည်ဆောက်မည့်နေရာနှင့် တိုက်ရိုက်ထိစပ်လျက်ရှိသည့် ဖါပွန်အရှေ့ပိုင်းနယ်မြေ*
*မြေပုံ (၁၅) ဖါပွန်ခရိုင်အရှေ့ပိုင်းနယ်မြေရှိ ရေသွင်းစပါးစိုက်ပျိုးသည့် လယ်ယာများပြမြေပုံ*
*မြေပုံ (၁၆) စီမံချက်အရ ဖါပွန်ခရိုင်အတွင်း ရေလွှမ်းမိုးမည့်နေရာများ*
***မြေပုံအားလုံးကို ကရင်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့မှ ရေးဆွဲထားခြင်း ဖြစ်ပါသည်။***

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေနိုင်ရန်အတွက် ပါဝင်ကူညီကြသည့် အဖွဲ့အစည်း အသီးသီးနှင့် တဦးချင်း ပုဂ္ဂိုလ်များအား *ကျွန်ုပ်တို့* အထူးကျေးဇူးတင်အပ်ပါသည်။ ပထမဦးစွာ ဤသုတေသနလုပ်ငန်း ပေါ်ပေါက်နိုင်ရေးအတွက် အစီအစဉ်ချ ရေးဆွဲရာတွင် အကြံဉာဏ်များပေးပြီး ကနဦးစာတမ်းများအား ဖတ်ရှုပြင်ဆင်ပေးခြင်းအတွက် IEDS ခေါ် ပညာရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလေ့လာရေးဌာန အထက်တန်းသုတေသီများ၊ အရှေ့တောင်အာရှ မြစ်များစောင့်ကြည့်ရေးအဖွဲ့များဖြစ်ကြသည့် SEARINနှင့် RWESA တို့အား သုတေသနလုပ်ရန်အတွက် ဘဏ္ဍာရေးထောက်ပံ့မှု ပြုလုပ်ပေးခြင်းကြောင့်လည်းကောင်း၊ Peace Way Foundation Burma Issues အဖွဲ့အားတွေ့ဆုံမေးမြန်းရာတွင် ဗွီဒီယိုမှတ်တမ်းတင်ရန်တွင် အကူအညီပေးခြင်းကြောင့်လည်းကောင်း အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ထို့အပြင် ၎င်းတို့ပိုင်ပစ္စည်း ကိရိယာများနှင့် ရုံးခန်းများအား အသုံးပြုခွင့်ပေးသည့် ညွှန့်ပေါင်းအဖွဲ့ဝင်များအားလည်းကောင်း၊ စိတ်ရှည်လက်ရှည်ဖြင့် သုတေသနလုပ်ငန်းတွင် ပါဝင်ပြီး၊ အချက်အလက်များကို ရှာဖွေစုဆောင်းပေးကြသည့် အဖွဲ့ဝင်တဦးချင်းများအား လည်းကောင်း၊ ရေကာတာတည်ဆောက်ရေး ဆန့်ကျင်ကြသည့် သံလွင်မျက်စိ ရှာသူရှာသားများ (SEE) အဖွဲ့အားလည်းကောင်း၊ တပ်မဟာ(၅)နှင့် ဖါပွန်ခရိုင်အုပ်ချုပ်ရေးအဖွဲ့မှ မိတ်ဆွေများက ခရိုင်အတွင်းရှိ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ စစ်ရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား ကူညီသည့်အတွက်လည်းကောင်း၊ နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့(ကရင်)တို့ထံမှ ကျန်းမာရေးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ ပေးကမ်းခြင်းအတွက်လည်းကောင်း ၎င်းတို့အားလုံးကိုလည်း အထူးကျေးဇူးတင်ပါသည်။

နောက်ဆုံးအနေဖြင့် ကေအဲန်ယူဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ပဒိုမန်းရှာနှင့် ပဒိုထူးထူးလေးတို့ကို မိမိတို့အားလုပ်ငန်းအောင်မြင်ရေးအတွက် စိတ်ဓါတ်ရေးရာအရလည်းကောင်း၊ ရုပ်ဝတ္ထုပစ္စည်းထောက်ပံ့မှုအရလည်းကောင်း အားပေးကူညီမှုအတွက် အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကရင်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးညွှန့်ပေါင်းအဖွဲ့
ကော်သူးလေ




မြေပုံ(၁) မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းပြမြေပုံ

# မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အချက်အလက်များ

- စစ်အစိုးရ၏ လက်ရှိစစ်သားအရေအတွက်မှာ (၄၀၀၀၀၀) လေးသိန်းကျော်ရှိ နေပြီဖြစ်သည်။ ဤသည်မှာ ၁၉၈၈ ခုနှစ်တွင်ရှိခဲ့သည့် အရေအတွက်ထက် နှစ်ဆကျော်ဖြစ်သည်။

- မြန်မာနိုင်ငံ၏ဦးရေမှာ ခန့်မှန်းခြေအရ (၅၂) သန်းဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံများထဲတွင် မြန်မာပြည်သည် စစ်တပ်နှင့်အရပ်သားပြည်သူ လူဦးရေအချိုးအစားအရ စစ်တပ်ဦးရေအမြင့်ဆုံးရှိသည့် နိုင်ငံတနိုင်ငံဖြစ်သည်။

- စစ်အစိုးရသည် နိုင်ငံတော်ဘတ်ဂျက်တခုလုံး၏ (၄၀%)ကျော်ကို စစ်ရေးအတွက်အသုံးပြုသည်။ သို့ရာတွင် ကျန်းမာရေးနှင့်ပညာရေးအတွက်ကိုမူ ပြည်တွင်းထုတ်လုပ်မှုတန်ဘိုး စုစုပေါင်း GDP ၏ (၀.၄%) နှင့် (၀.၅%) အသီးသီးမျှသာ အသုံးပြုလျက်ရှိသည်။

- စစ်အစိုးရသည် NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပြတ်အသတ် အနိုင်ရခဲ့သည့် (၁၉၉၀) ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ရလာဒ်ကို အသိအမှတ်ပြုရန် ငြင်းဆန်လျက်ရှိသည်။

- တိုင်းရင်းသားလူမျိုးများနေထိုင်ကြသည့် ပြည်နယ်များထဲတွင် ပြည်တွင်းစစ် ဆက်လက်ဖြစ်ပွားလျက်ရှိနေခြင်းကြောင့် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် IDPs ခေါ်ပြည်တွင်းဒုက္ခသည် (၆၀၀၀၀၀) ခြောက်သိန်းကျော်ရှိနေပြီး ထိုင်းမြန်မာနယ်စပ်ရှိဒုက္ခသည်စခန်းများတွင် ဒုက္ခသည် (၁၄၀၀၀၀) တစ်သိန်းလေးသောင်းကျော်ရှိနေသည်။ ယင်းအနက် ကရင်ဒုက္ခသည် (၁၂၀၀၀၀) တစ်သိန်းနှစ်သောင်းကျော်ပါဝင်သည်။ ၎င်းပြင် မြန်မာနိုင်ငံရှိ ပြည်သူလူထု နှစ်သန်းကျော်သည် အိမ်နီးနားချင်း နိုင်ငံများတွင် ဒုက္ခသည်များအဖြစ်လည်းကောင်း၊ ပြည်ပရောက်အဖြစ်လည်းကောင်း၊ ပြန့်နှံ့ ရောက်ရှိနေကြရသည်။

- စစ်အစိုးရသည် မြန်မာနိုင်ငံမှထွက်ရှိသည့် သဘာဝဓါတ်ငွေ့ကို နိုင်ငံခြားရင်းနှီးမြုပ်နှံသူများထံသို့ ရောင်းချခြင်းဖြင့် တနှစ်လျှင် အမေရိကန်ဒေါ်လာ သန်း(၄၀၀)ကျော်ရရှိလျက်ရှိသည်။ ယခုဆိုလျှင် နိုင်ငံမှထွက်ရှိသည့် ရေအားလျှပ်စစ်စွမ်းအင်ကို ရောင်းချခြင်းဖြင့် ၎င်းတို့၏စစ်ရေးအင်အားကို တိုးချဲ့ဖြည့်ဆည်းရန်ပြုလုပ်နေခြင်းဖြစ်သည်။




မြေပုံ(၂) ထိုင်း–မြန်မာနယ်စပ် စီမံကိန်းချထားသည့် သံလွင်ရေကာတာ၏နေရာပြမြေပုံ

# အကျဉ်းချုပ်တင်ပြချက်

လျှပ်စစ်ဓါတ်အားကို ဈေးပေါပေါဖြင့် ရရှိနိုင်ရေးအတွက် ထိုင်းနိုင်ငံအနေဖြင့် မြန်မာ ပြည် စစ်အစိုးရနှင့် လက်တွဲပြီး သံလွင်မြစ်ပေါ်၌ ရေကာတာတခုပြီးတခု တည် ဆောက်ရန် ပြုလုပ်နေစဉ် ဤအစီရင်ခံစာက ကရင်ပြည်နယ်မြောက်ပိုင်းတွင် နေထိုင်ကြသည့် ပြည်သူများအပေါ် ကျရောက်နေသည့် စစ်အစိုးရ စစ်တပ်၏ နှိပ်စက် ညှင်းပမ်းမှုများကို ဖေါ်ထုတ်ပြသလိုက်ခြင်းဖြစ်သည်။ စစ်အစိုးရစစ်တပ်အနေဖြင့် ယခုကဲ့သို့ လုပ်ဆောင်ခြင်းမှာ စီမံကိန်းချထားသည့် အဆိုပါရေကာတာနှစ်ခုကို တည်ဆောက်နိုင်ရန်အတွက် လမ်းရှင်းပေး ခြင်းဖြစ်သည်။

တည်ဆောက်ရန် စီမံကိန်းချထားသည့် ရေကာတာများမှာ သံလွင်အထက်ပိုင်း “ဝဲကြီး” ရေကာတာနှင့် သံလွင်အောက်ပိုင်း “ဓါးခွင်” ရေကာတာများဖြစ်ကြသည်။ ဤရေကာတာ နှစ်ခု တည်ဆောက်ရန် နေရာမှာ မြန်မာပြည်ရှိ ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံရှိ မယ်ဟောင်ဆောင် ပြည်နယ်နှစ်ခုအကြားရှိ နယ်ခြားဒေသ သံလွင်မြစ်ပေါ်တွင် ဖြစ်ပါသည်။ ဤရေကာတာ နှစ်ခု ပေါင်း ထုတ်ပေးမည့် လျှပ်စစ်စွမ်းအင်မှာ မီဂါဝပ်(တ်) MW ၅၃၀၀ ရှိမည်။ သံလွင်အထက်ပိုင်း “ဝဲကြီး” ရေကာတာကြောင့် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်း ရေလွှမ်းမိုးကာ နစ်မြုပ်သွားမည့် နေရာဒေသအကျယ်အဝန်းမှာ ကီလိုမီတာ (၃၈၀) အထိ ရှိမည်။

ရေကာတာနှစ်ခုစလုံးသည် ဖါပွန်ခရိုင်၏ အရှေ့ဖက်စွန်းအရပ်တွင်တည်ရှိပါသည်။ လွန်ခဲ့ သည့် ဆယ်စုနှစ်တခုကာလတွင် လွတ်မြောက်နယ်မြေဖြစ်ခဲ့သည့် ဤနေရာတွင် စစ်အစိုးရသည် ကရင်ခုခံရေးအင်အားစုများအား ချေမှုန်းရန်အတွက် အကြိမ်ပေါင်းများစွာ ထိုးစစ်ဆင် တိုက်ခိုက် ခဲ့ပါသည်။ ၁၉၉၂–ခုနှစ်မတိုင်မီကာလက ဤခရိုင်အတွင်းတွင် မြန်မာ့တပ်မတော်မှ တပ်ချ နေထိုင်ခဲ့သည့်နေရာ (၁၀)ခုသာရှိခဲ့ရာမှ ယခုအချိန်တွင် သံလွင်မြစ်တလျှောက် စစ်အစိုးရ တပ်ချထားသည့်နေရာ (၁၂)ခုအပါအဝင် စစ်အစိုးရသည်စုစုပေါင်း (၅၄)နေရာ တပ်ချထား လျှက် ရှိပေသည်။ ဤတပ်စခန်းများတွင် လက်နက်ကြီးများ၊ အမြောက်ကြီးများ တပ်ဆင်ထား လျှက်ရှိသည်။

စစ်အစိုးရ၏ထိုးစစ်များကြောင့် ဒေသခံပြည်သူလုထုများ အကြီးအကျယ်ထိခိုက်နစ်နာခဲ့ရသည်။ ကျေးရွာပေါင်း(၂၁၀)ဖျက်ဆီးခြင်းခံရသည်။ ဒေသခံလူထုများအား နေရာ(၃၁) နေရာ သတ်မှတ်ပြီး အတင်းအဓမ္မပြောင်းရွှေ့နေရာချထားသည်။ ဤပြောင်းရွှေ့နေရာချထားသည့် စခန်းများမှ ရွာသူရွာသားများသည် စစ်တပ်၏တင်းကြပ်စွာ ထိန်းချုပ်မှုအောက်တွင် နေထိုင်ကြရသည်။ ၎င်းတို့မှာ အတင်းအဓမ္မစေခိုင်းခြင်းခံရသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများ နည်းမျိုးစုံခံကြရသည်။ ထို့ကြောင့်ရွာသူရွာသား အရေအတွက်ထောင်ပေါင်းများစွာသည် ထိုင်းနိုင်ငံဘက်သို့ ဒုက္ခသည်များအဖြစ် ထွက်ပြေးရောက်ရှိလာကြသည်။ ရွာသူရွာသားအချို့မှာ ပြည်တွင်းရှိတောထဲ၌ ပုန်းအောင်းနေထိုင်ကြရသည်။ ဤရွာသူရွာသားများမှာ စစ်အစိုးရစစ်တပ်၏ ညှင်းပန်းနှိပ်စက်မှု၊ သတ်ဖြတ်မှုခံရရန် အမြဲပင်စိုးရိမ်ကြောင့်ကျလျှက်ရှိကြသည်။ ၁၉၉၂–ခုနှစ်တွင် ဖါပွန်ခရိုင်အတွင်းလူဦးရေ (၁၀၇ ၀၀၀)ရှိခဲ့သည်ဟု ခန့်မှန်း ရသည်။ သို့ရာတွင် ယခုအချိန်၌ လူဦးရေတဝက်ခန့် ‘အရေအတွက်အားဖြင့် (၅၄၀၀၀)ခန့်’သာ ကျန်ရှိသည်။ ဤလူများထဲတွင် လူဦးရေ (၃၅၀၀၀) သို့မဟုတ် (၆၀%)မှာ ပြည်တွင်းဒုက္ခသည်များအဖြစ် တောတွင်း၌ပုန်းအောင်းလျှက်နေထိုင်ကြခြင်း ဖြစ်ပါသည်။ ကျန်လူဦးရေများမှာ ထိုင်းနိုင်ငံနှင့် မြန်မာပြည် အခြားဒေသများသို့ထွက်ပြေးကာသွားရောက်နေထိုင်လျှက်ရှိသည်။

ဤဖါပွန်ခရိုင်အတွင်းရှိ တောင်ပေါ်ဒေသတွင် အထက်ပါရေကာတာစီမံချက် ဧရိယာအတွင်း ဆက်စပ်တည်ရှိနေသည့် ကျေးရွာ (၈၅)ရွာရှိခဲ့ပါသည်။ ယခုဆိုလျှင် စစ်အစိုးရ၏ ထိုးစစ်များကြောင့် ကျေးရွာလေးပုံတပုံသာ ကျန်တော့သည်။ သံလွင်မြစ်ကြောင်းတလျှောက် လုပ်ကိုင်စားသောက်နေထိုင်ကြသည့် လူအစုအဝေးအများစုမှာ ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးသွားခဲ့ကြသဖြင့် ဤမြစ်ဝှမ်းဒေသတဝိုက် မြေဩဇာကောင်းမွန်သည့် လယ်မြေခြံမြေ အများအပြားမှာ ဆယ်စုနှစ် တခုလုံးလုံး လုပ်ကိုင်စားသောက်ခြင်းမပြုတော့ကြသဖြင့် ကောကုန်ကြသည်။ ရွာသူရွာသား(၅၀၀၀)ကျော်မှာ တောထဲ၌ပင် ဆက်လက်ပြီး ပုန်းအောင်းနေထိုင်လျှက် ရှိကြသည်။ ကျန်းမာရေးချို့တဲ့မှု၊ စားနပ်ရိက္ခာရှားပါးမှု ပြဿနာနှင့် အကြီးအကျယ် ရင်ဆိုင်ကြရသည်။ ရေကာတာတည်ဆောက်ရန် စီမံကိန်းနေရာသို့ လမ်းများဖောက်လုပ်ရာတွင် အတင်းအဓမ္မစေခိုင်းမှု အများအပြားရှိနေသည်။ ဤလမ်းများတလျှောက်တွင် မြေမြှုပ်မိုင်းဗုံးများ ထောင်ထားကြသည်။

ဤရေကာတာစီမံကိန်းနှင့်ပတ်သက်ပြီး ဒေသခံလူထုကိုဆွေးနွေးတိုင်ပင်ခြင်း လုံးဝမရှိခဲ့ချေ။ ရေကာတာများဆောက်လုပ်ပြီးစီးပါက ယခုတောထဲတွင်ပုန်းအောင်းနေထိုင်ကြသည့် ဒေသခံလူထုစုဝေးနေထိုင်ခဲ့သည့် နေရာများမှာ ထာဝစဉ် ရေလွှမ်းမိုး သွားမည်ဖြစ်သည်။ ရေကာတာ၏ လုံခြုံရေးကို အကြောင်းပြုပြီးတပ်များတိုးချထားခြင်းများကြောင့်လည်း ဒေသခံလူထုအတွက် ပိုမို၍အနိုင်ကျင့် ဗိုလ်ကျမှုများကို မရှောင်လွှဲသာဘဲ ရင်ဆိုင်သွားရမည်ဖြစ်သည်။

သံလွင်ရေကာတာမှာ စစ်အစိုးရ၏သေနင်္ဂဗျူဟာအရ ဖွံ့ဖြိုးရေးစီမံချက်အဖြစ် အသုံးပြုပြီး ဤလုပ်ငန်းမှတဆင့် အိမ်နီးချင်းတိုင်းပြည်များထံမှ ရံပုံငွေရရှိရေးအတွက်ဖြစ်သည်။ တချိန်တည်းမှာပင် ဤစီမံချက်သည် စဉ်းလဲသည့်အကြံဖြင့် တိုင်းရင်းသားလူမျိုးများ၏ ခုခံမှုကို အနိုင်ယူရန်ဖြစ်ပြီး ဒေသအတွင်းရှိ သဘာဝရင်းမြစ်များအား ရယူရန်အတွက် အံကိုက်ပြုလုပ်ခြင်းဖြစ်သည်။

*ကရင်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့အနေဖြင့် အောက်ပါအချက်များကို တောင်းဆိုလိုက်သည်။*

## နအဖသို့

- ကရင်ပြည်နယ်အတွင်း ပြည်သူများအားညှင်းပန်းနှိပ်စက်မှုများ ချက်ချင်းရပ်ဆိုင်းပြီး ဤဒေသအတွင်း တပ်ချထားသည့် စစ်အစိုးရတပ်အားလုံး ရုပ်သိမ်းသွားရန်။
- အာရှသဘာဝပတ်ဝန်းကျင်ဖြစ်တည်မှုစနစ်တခုလုံး၏ အရေးပါသည့် အစိတ်အပိုင်းတခုဖြစ်သော သံလွင်မြစ်ပေါ်တွင် ရေကာတာတည်ဆောက်ရေး စီမံကိန်းအားလုံးကို စွန့်လွှတ်ပြီး စွမ်းအင်ရရှိရေးအတွက် အခြားနည်းလမ်းများရှာဖွေဆောင်ရွက်ရန်။ သို့ရာတွင် ဤလုပ်ငန်းများမှာ ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် အစိုးရ၏ လက်ထဲမှာသာ ရှိသင့်သည်။

## ထိုင်းအစိုးရသို့

- ဒေသခံလူထုအတွက် မည်သို့မျှအကျိုးရှိမည်မဟုတ်သည့် ဤသံလွင်ရေကာတာ တည်ဆောက်ရေးစီမံကိန်းကိုရပ်လိုက်ပါ။ သို့မဟုတ်ပါက အခြားတဘက်တွင် ဤရေကာတာကြောင့် အတင်းအဓမ္မ စေခိုင်းမှုများ၊ ပြောင်းရွှေ့မှုများနှင့် အခြားလူ့အခွင့်အရေး ချိုးဖေါက်မှုများကို ဒေသခံလူထုများ ဆက်လက်၍ ခံကြရမည်ဖြစ်ပြီး ပို၍ပို၍သာ ဒုက္ခသည်များ တိုးများလာစေမှာဖြစ်သည်။
- မြန်မာပြည်၌ စစ်မှန်သည့်ဒီမိုကရေစီ မရသေးသည့်အချိန်တွင် ပုံစံအမျိုးမျိုးသော ရင်းနှီးမြှုပ်နှံမှုများသည် စစ်အာဏာရှင်ကိုသာ အားကောင်းစေပြီး တိုင်းရင်းသားပြည်သူများအား ဖိနှိပ်အနိုင်ယူသည့် စစ်အစိုးရ၏ စစ်ရေးသေနင်္ဂဗျူဟာများကို ထောက်ပံ့ရာကျသည့်အတွက် မြန်မာနိုင်တွင် ဒီမိုကရေစီမရမချင်း ရင်းနှီးမြှုပ်နှံမှုကို ရပ်ဆိုင်းထားရန်။
- မြန်မာပြည်၌ ဒီမိုကရေစီမရသေးသည်အချိန်တွင် ဖွံ့ဖြိုးရေးအကူအညီအားလုံးကို ရပ်ဆိုင်းရန်။ အဘယ်ကြောင့်ဆိုသော် ဤအကူအညီများသည် အဆင့်မြင့် စစ်တပ်အရာရှိများကိုသာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ဒေသခံလူထုအများအတွက် အသုံးပြုရလိမ့်မည်မဟုတ်ပါ။

# နိဒါန်း

## tajcctalumi;&i;

ဤအစီရင်ခံစာတွင် ကရင်ပြည်နယ်မြောက်ပိုင်းနယ်စပ်ဒေသ ထိန်းချုပ်နိုင်ရေး အတွက် စစ်အစိုးရ ကျင့်သုံးခဲ့သည့် နည်းပရိယာယ်များ၊ သံလွင်မြစ်ပေါ်တွင် ရေကာတာ တည်ဆောက်ရေးအတွက် စစ်အစိုးရနှင့် ထိုင်းအစိုးရတို့ အတူအကွ စီမံကိန်းချ ပြုလုပ်မည့်နေရာ စသည်တို့အား လေ့လာတင်ပြသွားမည်ဖြစ်ပြီး ဤဒေသအတွင်း စစ် အစိုးရ ကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်မှုများအား မီးမောင်းထိုး ဖေါ်ထုတ်သွားရန် ရည်ရွယ်သည်။

ထို့အပြင်စစ်အစိုးရက ဖွံ့ဖြိုးရေးကိုအကြောင်းပြပြီး တိုင်းရင်းသားလူမျိုးများ ထိန်းချုပ်ထားသည့် ဒေသကို တိုက်ခိုက်အနိုင်ယူခြင်းသည် တရားကြောင်း ပြည်တွင်းပြည်ပအား လိမ်လည်လှည့်ဖျားရန်အတွက် စစ်အစိုးရမည်ကဲ့သို့ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာပြည်ပြည်တွင်းစစ်၏ အရင်းခံအကြောင်းရင်းများကို ဖုံးကွယ်ရန် မည်ကဲ့သို့ဆောင်ရွက်ခဲ့ကြောင်း စသည့် အကြောင်းအရာများကိုလည်း ဖေါ်ထုတ်ဖွင့်ချသွားရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

စစ်အစိုးရသည် နိုင်ငံတော်အာဏာကို ရယူချိန်ကစပြီး တိုင်းရင်းသားလူမျိုးများ၏ ဒေသကို ထိန်းချုပ်နိုင်ရန်နှင့် တိုင်းရင်းသားလူမျိုးများ၏ လက်နက်ကိုင်တပ်ဖွဲ့များအား အင်အားချိနဲ့သွားရန်အတွက် သေနင်္ဗျူဟာ အမျိုးမျိုးကို အသုံးပြုခဲ့ပါသည်။

ဤသို့ပြုလုပ်ရာတွင် စစ်ရေးအင်အားကို တိုက်ရိုက်အသုံးပြုခြင်း အပါအဝင် အချို့သော တိုင်းရင်းသားလူမျိုးများ၏ တပ်များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရယူပြီး ထို အပစ်အခတ် ရပ်စဲရေး ရရှိသည့်တပ်ဖွဲ့များအား စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်စေခြင်းအားဖြင့် ၎င်းတို့၏မူလနိုင်ငံရေးတိုက်ပွဲလမ်းကြောင်းမှ သွေဖီသွားရန်လည်းပြုလုပ်ခဲ့သည်။

စစ်အစိုးရသည် ဤကဲ့သို့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို အသုံးချခြင်းအားဖြင့် ကြီးမားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များကိုလုပ်ဆောင်ကာ ၎င်းအတွက် ကြီးမားသည့် တိုက်ရိုက်အကျိုးခံစားမှုများကိုရရှိခဲ့သည်။

ဥပမာအားဖြင့် စစ်အစိုးရသည် မွန်ပြည်သစ်ပါတီနှင့် စစ်ရေးအရ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကိုရရှိပြီးနောက် ထိုဒေသအတွင်း (၁၉၉၅)ခုနှစ် ရတနာဓါတ်ငွေ့ပိုက်လိုင်း စီမံ

ကိန်းကို အကောင်အထည်ဖော်ရန် လမ်းရှင်းစေသည်။ အကြောင်းမူကား ထိုဒေသရှိ ကေအဲန်ယူ လက်နက်ကိုင်တပ်အချို့၏ လှုပ်ရှားမှုကို တစုံတရာ ထိန်းချုပ်လာနိုင်ခြင်းကြောင့် ဖြစ်သည်။

ဤအစီရင်ခံစာ၌ ဖါပွန်ခရိုင်အတွင်း စစ်အစိုးရအသုံးပြုခဲ့သည့် သေနင်္ဂဗျူဟာများနှင့် စစ်အစိုးရ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ မည်ကဲ့သို့ဆက်စပ်နေကြောင်းကို ဖေါ်ထုတ်ဖွင့်ချရန် ရည်ရွယ်ပါသည်။

## en;emaA'

ဤသုတေသနလုပ်ငန်းတွင် တိုက်ရိုက်ကွင်းဆင်းလေ့လာသည့် လုပ်ငန်းများနှင့် ဆက်စပ်လျှက် ရှိသည့် စာပေများ၊ စာစောင်စာတမ်းများအား လေ့လာဖတ်ရှုကာ ပေါင်းစပ်လုပ်ကိုင်မှုများကိုပြုလုပ်ပါသည်။ လေ့လာဖတ်ရှုခဲ့သည့် စာစောင်စာတမ်းများထဲတွင် SEARIN မှ ပြုစုရေးသားခဲ့သည့် သံလွင်ရေကာတာနှင့်ပတ်သက်သော နိုင်ငံနှစ်နိုင်ငံ၏ ဝမ်းနည်းပူဆွေးကြေကွဲမှု (The tragedy of two lands)[၁] နှင့် KHRG ကရင့်လူ့အခွင့် အရေးအဖွဲ့မှ ပြုစုရေးသားတင်ပြသော ဖါပွန်ခရိုင်အတွင်း လူ့အခွင့်အရေး အစီရင်ခံစာများ ပါဝင်သည်။ လေ့လာဖတ်ရှုခဲ့သည့် အခြားစာစောင်စာတမ်းများမှာ "နအဖ၏ ဖွံ့ဖြိုးရေး လုပ်ငန်းနှင့် နယ်စပ်ဒေသရှိ ဖွံ့ဖြိုးရေးအစီအစဉ်အားသုံးသပ်သည့်စာတမ်း" နှင့် "သံလွင်ရေကာ တာနှင့်ပတ်သက်ပြီး ထိုင်းနှင့်တရုတ်တို့၏ စီမံကိန်းများ" စာတမ်းလည်း ပါဝင်သည်။ လေ့လာခဲ့သည့် စာစောင် စာတမ်းများမှာ အင်္ဂလိပ်ဘာသာ၊ ထိုင်းဘာသာ၊ မြန်မာဘာသာနှင့် ကရင်ဘာသာ တို့ဖြင့် ရေးသားပြုစုထားကြသည့် စာစောင်စာတမ်းများ ဖြစ်ကြသည်။

ဤသုတေသနလုပ်ငန်းအတွက် ရယူထားသည့် နည်းနာဗေဒမှာ "ရေကာတာနှင့်ပတ်သက်သည့် ကမ္ဘာ့ကော်မရှင်" "လူ့အခွင့်အရေးရှုဒေါင့်" ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ပတ်သက်သည့် ကုလသမဂ္ဂမှ ရေးဆွဲထုတ်ပြန် ကြေညာသည့် စာတမ်း(မူကြမ်း)များမှ ရယူပါသည်။

ဤသုတေသနလုပ်ငန်းကို ကွင်းဆင်းလေ့လာရာတွင် (၈)လ ကြာမြင့်ခဲ့သည်။ ၂၀၀၃-ခု စက်တင်ဘာလမှ ၂၀၀၄-ခု ဧပြီလအထိ ဖြစ်သည်။ ကရင်ပြည်နယ်၊ ဖါပွန်ခရိုင်အတွင်းရှိ မြို့နယ် နှစ်ခုကို လေ့လာခဲ့သည်။

---

[၁] အရှေ့တောင်အာရှမြစ်များစောင့်ကြည့်လေ့လာရေးအဖွဲ့ (SEARIN) ၂၀၀၃ ခုနှစ်။ နိုင်ငံနှစ်နိုင်ငံ၏ ဝမ်းနည်းပူဆွေး ကြေကွဲမှု (Tragedy of Tow lands) စာစောင်။

နိဒါန်း




မြေပုံ(၃) ဖါပွန်ခရိုင်အတွင်းရှိ သုတေသနလုပ်သည့်နေရာပြမြေပုံ

တွေ့ဆုံမေးမြန်းခဲ့သူ အားလုံးမှာ ပြည်တွင်းဒုက္ခသည် (IDPs)များဖြစ်ကြသည်။ ယခုကဲ့သို့ ကွင်းဆင်းလေ့လာခဲ့သည့် မြို့နယ်နှစ်ခုမှာ လူသောမြို့နယ်နှင့် ဘူးသိုမြို့နယ်များဖြစ်ကြသည်။ ဤမြို့နယ်များအတွင်း ကျေးရွာအုပ်စု (၄)ခုမှ ကျေးရွာ (၁၈)ရွာကို ကွင်းဆင်းလေ့လာခြင်း ဖြစ်သည်။ လူသောမြို့နယ်နှင့် ဘူးသိုမြို့နယ်များမှာ သံလွင်မြစ်စီးဆင်းရာ ထိုင်း–မြန်မာနယ်စပ်ရှိ မြို့နယ်များဖြစ်ကြသည်။

ဤမြို့နယ်နှစ်ခုအား ရွေးချယ်ခဲ့ခြင်းမှာ တည်ဆောက်မည့် သံလွင်အထက်ပိုင်းနှင့် အောက်ပိုင်း ရေကာတာနှစ်ခုသည် ဤမြို့နယ်များနှင့် ဆက်စပ်လျှက်ရှိနေခြင်းကြောင့်ဖြစ်သည်။ ဤမြို့နယ်များအတွင်း ဒေသအများစုမှာ နအဖတပ်၏ ထိန်းချုပ်မှုအောက်တွင်ရှိနေပါသည်။ ဤဒေသအတွင်း ထောင်ပေါင်းများစွာသော ပြည်သူလူထုများမှာ ၁၉၉၅–ခုနှစ် ဇန္နဝါရီလကစပြီး ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ ထွက်ပြေးရောက်ရှိလာကြသည်။

ယခုအချိန်တွင် ဖါပွန်ခရိုင်တခုလုံး၏ လူဦးရေမှာ ၅၄၀၀၀ မျှသာ ကျန်ရှိတော့သည်။ ဤအထဲတွင် လူဦးရေ ၃၅၀၀၀ သည် ပြည်တွင်းဒုက္ခသည် (IDPs) များဖြစ်နေသည်။ တောတွင်း၌ ပြေးလွှားပုန်းအောင်းနေကြသူများဖြစ်ကြသည်။ ဤသုတေသန စူးစမ်းရေး လုပ်ငန်းကို ပြည်သူများထံမှ စူးစမ်းလေ့လာခဲ့ခြင်းဖြစ်သည်။

အမျိုးသား (၆) ဦးနှင့်အမျိုးသမီး (၂) ဦးပါဝင်သည့် စုပေါင်းဖွဲ့စည်းထားသော ကရင်မြစ်ချောင်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့က ဤတွေ့ဆုံမေးမြန်းခြင်းများကို ပြုလုပ်ခဲ့ပါသည်။ ဤတွေ့ဆုံမေးမြန်းနိုင်ခွင့်ကို သက်ဆိုင်ရာ ကေအဲန်ယူအုပ်ချုပ်ရေးဌာနများမှ ရရှိပါသည်။

ဤသုတေသနအဖွဲ့သည် ဤခရိုင်အတွင်း သစ်တော၊ ကျန်းမာရေးစသည်တို့နှင့် သက်ဆိုင်သည့် တာဝန်ရှိသူ ခရိုင်အရာရှိ (၄)ဦးကိုလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

# tcutc tue'towrsm;Ei azmxw&i;vi;csu

ဤ ရေကာတာများ၏ စီမံကိန်းအသေးစိတ်ကို သက်ဆိုင်ရာမြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံမှ အေဂျင်စီများက လူသိရှင်ကြား ဖေါ်ထုတ်ခြင်းမပြုပေ။ အထူးသဖြင့် ရေကာတာကြောင့် ရေလွှမ်းမိုးသွားမည့် နေရာဒေသများ၏ သတင်းကိုဖေါ်ထုတ်ခြင်း မရှိသေးချေ။

သံလွင်မြစ်ကမ်းဘေးတလျှောက် နေထိုင်ကြသည့် ရွာသူရွာသားအားလုံးလိုလိုတို့သည် စစ်အစိုးရတို့၏ ထိုးစစ်များကြောင့် ၁၉၉၅ ခုနှစ်ကစပြီး အတင်းအဓမ္မ မောင်းထုတ်ခြင်းကို ခံနေကြရပြီးဖြစ်သည်။

ဤဒေသအတွင်းရှိ ပတ်ဝန်းကျင်ဆိုင်ရာ အရင်းအမြစ်များဖြစ်ကြသည့် အပင်များ၊ တောရိုင်းတိရိစ္ဆာန်များနှင့်ပတ်သက်ပြီး ဒေသအတွင်းနေထိုင်ကြသည့် လူအစုအဝေးများ၏ တည်ငြိမ်မှုမရှိသည့် နေထိုင်မှုအခြေအနေများကြောင့် စုံစမ်းလေ့လာပြီး မှတ်တမ်းတင်နိုင်သည့်အခြေအနေ မရှိသေးပေ။

နအဖ၏ ဤဒေသနှင့်ပတ်သက်ပြီး ဖေါ်ပြထားသည့်မြေပုံများမှာ လွန်ခဲ့သည့်အနှစ် (၈၀) ခန့်က ဗြိတိသျှ ကိုလိုနီအစိုးရမှ ရေးဆွဲခဲ့သည် မြေပုံများဖြစ်သဖြင့် ခေတ်နောက်ကျနေပြီး ဖြစ်သည်။ ဤအစီရင်ခံစာထဲတွင် ဖေါ်ပြထားသည့် ကျေးရွာအတော်များများကို နအဖ၏ မြေပုံထဲ၌ တွေ့ရှိနိုင်မည် မဟုတ်ချေ။ ထို့အပြင် ကျေးရွာအမည် “ဒဲ”(ကရင်လို “ဒါ”)နှင့် ဆုံးသည့်ကျေးရွာများကို စစ်အစိုးရ၏မြေပုံထဲတွင် “Doe” ဟု ရေးမှတ်ဖေါ်ပြသည်။

ဖါပွန်ခရိုင်အတွင်း “ထါ”(သို့)“ခီး”ဟူ၍ နာမည်အဆုံးရှိ ကျေးရွာအားလုံးလိုလိုမှာ အသစ်တိုးချဲ့တည်ဆောက်ထားသည့် ကျေးရွာများဖြစ်ကြသည်။ ပြည်တွင်းဒုက္ခသည်များက ပြည်တွင်းစစ်ကြောင့် ပြေးလွှားရင်း ပြောင်းရွှေ့နေထိုင်ကာ ခေါ်တွင်သည့် ကျေးရွာအမည်များဖြစ်ကြပါသည်။ ဤသည်မှာ ဤဒေသအတွင်း ပြည်တွင်းဒုက္ခသည်များသည် လွန်ခဲ့သည့် ရှည်ကြာသော ကာလကပင် ပေါ်ပေါက်လျက်ရှိနေသည်ကို ပြဆိုလျက်ရှိသည်။

# oawoe t z/om;a&muconaus;½mrsm;

**ဇယား (၁) ကျေးရွာများအမည်စာရင်း** (စာမျက်နှာ ၆ ရှိ မြေပုံကိုကြည့်ပါ)

| အမှတ်စဉ် | ကျေးရွာ(ပုန်းခိုသည့်နေရာ) | လူဦးရေ | အိမ်ထောင်စု |
|---|---|---|---|
| ၁။ | လဘော် * | – | – |
| ၂။ | ဒေဘူနို * | – | – |
| ၃။ | လေးသဲခို | ၄၃၂ | ၂၈ |
| ၄။ | မယ်နူးထာ | – | ၂၆ |
| ၅။ | ထိုဝီးဒဲ | ၅၀၆ | ၇၅ |
| ၆။ | တေးမူဒဲ | ၄၀၃ | ၅၆ |
| ၇။ | ဟီဖိုးဒဲ | ၈၇ | ၁၃ |
| ၈။ | ပတောဒဲ | – | – |
| ၉။ | ပဒဲဒဲ | – | – |
| ၁၀။ | တာအူဒဲ | ၂၀၀ | ၄၂ |
| ၁၁။ | မီးမော်ဒဲ | ၅၁ | ၈ |
| ၁၂။ | ဝေနော်ဒဲ | ၄၇၈ | ၅၇ |
| ၁၃။ | သာသွီးဒဲ | ၃၇၉ | ၄၃ |
| ၁၄။ | ကလောခီးဒဲ | ၁၇၀ | ၃၈ |
| ၁၅။ | ဖယ်လယ်ဒဲ | ၁၁၄ | ၁၉ |
| ၁၆။ | ဟိုကေ | ၁၄၆ | ၂၆ |
| ၁၇။ | လောဖလပ်သေ | ၁၀၁ | ၁၈ |
| ၁၈။ | ထီးသဲကွီး | ၁၅၆ | ၂၈ |
| | **စုစုပေါင်း** | **၃၂၂၃** | **၄၇၇** |

* – *ဤအမှတ်အသားရှိသောကျေးရွာများသည် သံလွင်မြစ်၏မြစ်လက်တက်တခုဖြစ်သည့် ယွန်းစလင်းချောင်းပေါ်တွင်တည်ရှိသည်။*

နိဒါန်း

ဓါတ်ပုံ– ကရင်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့(KRW)



ကရင်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့မှ ရွာသားများနှင့် တွေ့ဆုံဆွေးနွေးနေစဉ်



နွေရာသီတွင် “ဝဲကြီး” နေရာအားတွေ့မြင်ရပုံ

# စစ်အစိုးရ၏ နယ်စပ်ဖွံ့ဖြိုးရေးအစီအစဉ်နှင့် ရေကာတာများ

***"နိုင်ငံတော်တဝှမ်းလုံးတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓါတ်နှင့် ပြည်ချစ်ဝါဒကို မြှင့်တင်စေသည်။"***

နအဖပိုလ်ချုပ်ကြီးမောင်အေး ဩဂုတ်လ ၂၂–ရက် ၁၉၉၉ (ဘီဘီစီ)မှထုတ်လွှင့်ခဲ့သည်။

ဖွံ့ဖြိုးတိုးတက်ရေးသည် စစ်အစိုးရအတွက် အဓိကကျသည့် ဝါဒဖြန့်ချိရေး သေနင်္ဂဗျူဟာ ဖြစ်နေသည်။ ယင်းတို့အနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ခိုင်မာသော သံဓိဋ္ဌာန်ထားရှိသည်ဟု နိုင်ငံတော်မှ ထိန်းချုပ်ထားသည့် သတင်းဝါဒ ဖြန့်ချိရေး ယန္တရားမှတဆင့် စဉ်ဆက်မပြတ်ပြောဆိုနေခြင်းအားဖြင့် တိုင်းပြည်တွင် မည်သည့်အခြေခံ အဆောက်အအုံ စီမံချက်မှာ အောင်မြင်စွာပြီးစီးပြီးဖြစ်ကြောင်း နေ့စဉ်နှင့်အမျှ ထုတ်ဖော်ဝါဒဖြန့်ချိခြင်းအားဖြင့် ပြည်သူတရပ်လုံးအား နိုင်ငံရေးပြုပြင်ပြောင်းလဲမှု အရေးတကြီးလိုအပ်သည်ဟူသော အသိစိတ်ဓါတ်ကို မှေးမှိန်လမ်းလွှဲလိုက်ခြင်းဖြစ်သည်။ ဖွံ့ဖြိုးရေးဖြစ်စဉ်များအတွင်း ပြည်သူလူထုက အဆုံးအဖြတ်ပေးသည့် အခန်းကဏ္ဍမှပါဝင်ရေးကိုလည်း လမ်းလွှဲလိုက်ခြင်းပင် ဖြစ်သည်။

၁၉၈၉–ခုနှစ်ကစပြီး စစ်အစိုးရသည်"ဖွံ့ဖြိုးရေး"ကတိစကားကို အသုံးပြုပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးနှင့် အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူလက်မှတ် ထိုးခဲ့သည်။ ဤတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု လက်မှတ်ရေးထိုးရေး လုပ်ငန်းကို စစ်အစိုးရ၏ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံး (ကကလှမ်း)က ဦးဆောင်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်ထဲတွင် စစ်အစိုးရအနေဖြင့် နိုင်ငံရေးအရ အလျှော့ပေးမှုများ လုံးဝပါဝင်ခဲ့ခြင်း မရှိပေ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ဒေသအချို့ကို အကန့်အသတ်ဖြင့် ထိန်းချုပ်သွားရန်သာ ခွင့်ပြုခဲ့သည်။

ဤကဲ့သို့ပြုလုပ်ခြင်းမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား စီးပွားရေး စိတ်ဓါတ် ကြီးထွားရှင်သန်စေပြီး ၎င်းတို့ခံယူထားကြသည့် နိုင်ငံရေးပန်းတိုင်အား မေ့လျော့ သွားရန်နှင့် ၎င်းတို့၏ ခုခံရေးလှုပ်ရှားမှုများ အားပျော့သွားစေရေးအတွက် ရည်ရွယ်ခြင်း ဖြစ်သည်။

ဤသေနင်္ဂဗျူဟာ တစိတ်တပိုင်းကို အကောင်အထည်ဖော်သည့်အနေဖြင့် စစ်အစိုးရသည် ၁၉၈၉–ခုနှစ် မေလတွင် "နယ်စပ်ဖွံ့ဖြိုးရေးနှင့်တိုင်းရင်းသားလူမျိုးများ ကော်မတီ" **Development of Border Area and National Races Committee, DBANR** ကို ဖွဲ့စည်းခဲ့ပြီး နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ ဤအစီအစဉ်၏ လုပ်ငန်းအများစုမှာ အခြေခံအဆောက်အအုံ တည်ဆောက်ရေးစီမံချက်များသာ ပါဝင်သည်။ အဓိကအားဖြင့် တိုင်းရင်းသားလူမျိုးများ နေထိုင်သည့်ဒေသအတွင်း အဆင်ပြေစွာ ဝင်ရောက်ထိုးဖောက်နိုင်ရန်အတွက် အထောက်အကူဖြစ်စေသည့် စီမံချက်များဖြစ်ပေသည်။ နယ်စပ်ဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ဘတ်ဂျက်ငွေ၏ (၆၅%)မှာ လမ်းတံတားများ တည်ဆောက်ရန်ဖြစ်သည်။ ပြည်သူလူထု၏ ကျန်းမာရေးနှင့်ပညာရေးအတွက် အနည်းအကျဉ်းသာ လျာထားသည်။

*၂၀၀၃–ခု အောက်တိုဘာလထုတ်* ***Global Witness*** *မှ "အကျိုးစီးပွားယှဉ်ပြိုင်မှုများ–*
*မြန်မာ့သစ်တောများ၏ မသေချာသော အနာဂါတ်"*

အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများနှင့် အခြေခံဆောက်အအုံ ဖွံ့ဖြိုးရေး လုပ်ငန်းတို့သည် တိုင်းပြည်၏ သဘာဝရင်းအမြစ်များအား အလျင်အမြန်ကုန်ခမ်းစေသည်။ စစ်အစိုးရသည် တိုင်းရင်းသားလူမျိုးများ နေထိုင်သည့်ဒေသမှထွက်သည့် သစ်များ၊ သတ္တုများကို အိမ်နီးချင်းနိုင်ငံများသို့ ရောင်းချလျှက်ရှိသည်။ စစ်အစိုးရသည်သဘာဝဓါတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရန် ထိုင်းနိုင်ငံသို့ ဓါတ်ငွေ့များ ရောင်းချခြင်းအတွက် အခွန်အတုတ်ငွေအမြောက်အများကို ရရှိလျှက်ရှိသည်။ မွန်ခုခံရေး တပ်ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ရရှိခြင်းကြောင့် ယခုကဲ့သို့ရတနာဓါတ်ငွေ့ ပိုက်လိုင်းကို ထိုင်းနိုင်ငံသို့တင်ပို့ရန် တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။

စစ်အစိုးရသည် အိမ်နီးချင်းနိုင်ငံများသို့ သဘာဝရင်းအမြစ်များ ရောင်းချနိုင်ခဲ့ခြင်းကြောင့် ၎င်း၏ စစ်ရေးအခြေခံ အဆောက်အအုံများကို ပိုမိုခိုင်ခန့်အောင် ဆက်လက်တည်ဆောက်နိုင်ခဲ့သည်။ သို့ဖြင့် ကျန်ရှိနေသည့် အပစ်အခတ်ရပ်စဲခြင်း မရှိသေးသည့် ခုခံရေးအင်အားစုများကို တဆင့်တိုး ထိုးစစ်ဆင်လေသည်။ ၁၉၈၉–၁၉၉၂ ခုနှစ်များတွင် စစ်အစိုးရသည် ရှမ်းပြည်နယ်ရှိ ခုခံရေးအဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲထားစဉ် ကေအဲန်ယူ–ကရင် အမျိုးသား အစည်းအရုံးအား အလုံးအရင်းဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ ဤထိုးစစ်ဖြင့် ကေအဲန်ယူ–ခုခံရေးအင်အားစု ထိန်းချုပ်ခဲ့သည့် အခြေခံစခန်းအားလုံးနီးပါးကို သိမ်းပိုက်နိုင်ခဲ့သည်။

စစ်အစိုးရသည် သံလွင်မြစ်ရေ၏ ရင်းမြစ်များကို အမြတ်ထုတ်ရန်အတွက် ရေကာတာကို တည်ဆောက်ပြီး ထိုင်းနိုင်ငံသို့ ရေအားလျှပ်စစ်စွမ်းအင်ရောင်းချရန် ပြုလုပ်နေသည်ကို တွေ့နိုင်သည်။ ဤကဲ့သို့ပြုလုပ်ခြင်းအားဖြင့် ဒေသခံတိုင်းရင်းသား ခုခံရေးအဖွဲ့အစည်းများအား

အနိုင်ယူတိုက်ခိုက်မည်ဖြစ်ပြီး ဒေသတွင်းရှိသမျှသော သဘာဝအရင်းအမြစ်နှင့် စွမ်းအင်များကို အပိုင်စီးနိုင်မည်ဖြစ်သည်။ စစ်အစိုးရသည် ၁၉၉၂–ခုနှစ်ကစပြီး ကရင်ပြည်နယ်တနယ်လုံးအား ထိန်းချုပ်သွားနိုင်ရန် ကြိုးပမ်းခဲ့ပေသည်။ ဤကဲ့သို့ကြိုးပမ်းရာတွင် ကရင့်ခုခံရေးအင်အားစု အပေါ် အကြိမ်ကြိမ်ထိုးစစ်ဆင်မှုများနှင့် သူပုန်ဆန့်ကျင်ရေးလှုပ်ရှားမှုအရ ပြည်သူလူထုအပေါ် ညှင်းပမ်းနှိပ်စက်မှုအမျိုးမျိုးကို ပြုလုပ်ခဲ့ပါသည်။ သို့ရာတွင် စစ်အစိုးရသည် ကေအဲန်ယူကို ငြိမ်သက်သွားအောင် ပြုလုပ်နိုင်ခြင်းမရှိပေ။ စစ်အစိုးရသည် ထိုင်းအစိုးရနှင့်လက်တွဲပြီး သံလွင်မြစ်ပေါ်တွင် ရေကာတာတည်ဆောက်ရန် ကြိုးပမ်းနေသည်။ ဤသို့ဖြင့် စစ်အစိုးရသည် ထိုင်းနိုင်ငံနှင့် တရားဝင်စီးပွားရေးအရ ဆက်နွယ်မှုကို တဆင့်တိုးခိုင်မာစေရန် မျှော်လင့်လျှက်ရှိသည်။ ဤသို့ဖြင့် ထိုင်းနိုင်ငံမှတဆင့် ရရှိသည့် ထောက်ပံ့ကူညီမှုဖြင့် ကရင့်ခုခံရေး အင်အားစုအား ချေမှုန်းသုတ်သင်ပစ်ရန် (သို့) အပစ်အခတ်ရပ်စဲအောင် ပြုလုပ်နိုင်ရေးကို မျှော်မှန်းလျှက်ရှိသည်။

# သံလွင်ရေကာတာစီမံကိန်းများ

သံလွင်မြစ်သည် ၂၈၀၀ ကီလိုမီတာ (၁၇၅၀) မိုင် ရှည်လျားသည်။ ၎င်းသည် အရှေ့တောင်အာရှတွင် အရှည်ဆုံးမြစ်ဖြစ်သည်။ ရေကာတာများ မတည်ဆောက်ရသေးသည့် မြစ်လည်းဖြစ်သည်။ သံလွင်မြစ်၏ မြစ်ဖျားခံရာအရပ်မှာ တရုတ်ပြည်၏ အနောက်ဖက် တိဗက်ပြည်နယ်အရှေ့ဖက်ဒေသတွင်ဖြစ်သည်။ ၎င်းမြစ်၏အရှည်တဝက်မှာ တရုတ်ပြည် အနောက်တောင်ဒေသအတွင်းတွင်ရှိကာ ကျန်တဝက်မှာ မြန်မာပြည်ထဲတွင်ရှိသည်။ တိုင်းရင်းသားလူမျိုးများ နေထိုင်ရာနယ်မြေများအား ဖြတ်၍ စီးဆင်းလျှက်ရှိသည်။ သံလွင်မြစ်၏ အစိတ်အပိုင်း အနည်းအကျဉ်းမှာ ထိုင်းမြန်မာနယ်စပ်ဖြစ်သည်။ သံလွင်မြစ်သည် မြန်မာပြည် ပင်လယ်ရေပိုင်နက်ဖြစ်သည့် ကပ္ပလီပင်လယ်ထဲသို့ စီးဆင်းသွားသည်။ သံလွင်မြစ်၏ တနှစ်အတွင်း ပင်လယ်ထဲသို့ စီးဆင်းသွားသည့် ရေထုထည် ပမာဏမှာ ပျှမ်းမျှအားဖြင့် ၁၂၄ ၀၀၀ ၀၀၀ ၀၀၀ ကုဗမီတာရှိသည် ဟုဆိုပါသည်။

၁၉၇၀ ဆယ်စုနှစ် အကုန်ပိုင်းကစပြီး ဂျပန်ပြည်နှင့် ဩစတြေးလျားနိုင်ငံများမှ အတိုင်ပင်ခံကုမ္ပဏီများနှင့် ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံများမှ အေဂျင်စီများ ပူးပေါင်းကြကာ သံလွင်မြစ်ပေါ်၌ ကြီးမားသည့်ရေကာတာများ တည်ဆောက်ရန် ဖြစ်နိုင်ခြေ ရှိ/မရှိကို စူးစမ်းရန် အဓိကကျသည့် လေ့လာမှုများကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါသည်။[၂]

ထိုင်းနိုင်ငံ၏ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးအာဏာပိုင်အဖွဲ့ EGAT က ၁၉၈၁–ခုနှစ်တွင် သံလွင်အထက်ပိုင်းရေကာတာနှင့် အောက်ပိုင်းရေကာတာနှစ်ခုကို တည်ဆောက်ရန် စတင်စီမံခဲ့သည်။ ထိုရေကာတာများ တည်ဆောက်ရန်နေရာမှာ ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံ ထိစပ်လျှက်ရှိသည့်နယ်စပ် သံလွင်မြစ်ပေါ်တွင်ရှိပြီး ကီလိုမီတာ ၁၂၀ အကျယ်အဝန်းရှိသည်။ ဤနယ်စပ်မှာ ထိုင်းနိုင်ငံ၌ မယ်ဟောင်ဆောင်ပြည်နယ်၊ မယ်စရီးယန်းခရိုင်၌ဖြစ်ပြီး မြန်မာနိုင်ငံဘက်မှာမူ ကရင်ပြည်နယ်ဖြစ်ပါသည်။

[၂] ဂျပန်သည် မြန်မာပြည်ရေကာတာတည်ဆောက်ရေးတွင် ဒုတိယကမ္ဘာစစ်ကြီးအပြီး စစ်လျော်ကြေးအဖြစ်ပေးအပ်ကာ ပါဝင်ပတ်သက်ခဲ့သည်။ ၁၉၆၇–ခုနှစ်တွင် ဂျပန်သည် ကယားပြည်နယ်ထဲတွင် ဘီလူးချောင်းရေကာတာနှင့် လျှပ်စစ်ဓါတ်အားပေးစက်ရုံကို တည်ဆောက်ပေးခဲ့သည်။ ဘီလူးချောင်းသည် သံလွင်မြစ်ထဲသို့ စီးဝင်နေသည့် ပေါင်မြစ်၏ မြစ်လက်တက်တခုဖြစ်သည်။

၁၉၉၆–ခုနှစ် ဇူလိုင်လတွင် ထိုင်းအစိုးရသည် မြန်မာစစ်အစိုးရနှင့် နားလည်မှု စာချွန်တော် MOU တခုကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ဤစာချွန်တော်အရ နောင်အနာဂတ်တွင် စစ်အစိုးရနှင့် ပူးပေါင်းပြီး ရေကာတာတည်ဆောက်ရန် ဖြစ်နိုင်ချေရှိကြောင်း။ ၂၀၁၀–ခုတွင် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံမှ လျှပ်စစ်ဓါတ်အား ၁၅၀၀ (MW) ကို ဝယ်ယူသွားရန် စသည်ဖြင့် ထိုင်းနိုင်ငံမှ ထုတ်ပြန်ကြေညာခဲ့သည်။ EGAT သည် အထက်ပါ ရေကာတာများကို တည်ဆောက်ရန်အတွက် ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်း (၅.၅ သန်း)ထည့်ဝင်ရန် စီမံထားသည်။ ၂၀၁၂–ခုနှစ်တွင် ဤရေကာတာများမှ ထိုင်းနိုင်ငံသို့ လျှပ်စစ်ဓါတ်အားများကို စတင်ပေးသွင်းမည်ဖြစ်သည်။ သံလွင်ရေကာတာများ တည်ဆောက်ရေးသည် ထိုင်းနိုင်ငံ၏ ကြီးမားသောရည်မှန်းချက်ဖြစ်သည့် အရှေ့တောင်အာရှ စွမ်းအင်ကွန်ယက် တည်ဆောက်ရေးနှင့် တိုက်ရိုက်ဆက်နွယ်နေပါသည်။

EGAT က ဤရေကာတာနှစ်ခုကို ထိုင်း–မြန်မာနယ်စပ် သံလွင်မြစ်ပေါ်၌ တည်ဆောက်ရန် ရွေးချယ်ခဲ့သဖြင့် နိုင်ငံတကာဘဏ္ဍာငွေချေးပေးရေးအဖွဲ့များထံမှ ချေးငွေများရရှိရန် ပို၍လွယ်ကူစေမည်။[၃] နိုင်ငံတကာငွေချေးပေးရေးအဖွဲ့များက မြန်မာပြည်သည် ပွင့်လင်းမှုမရှိခြင်း၊ ဆက်လက်ပြီး စီးပွားရေးပိတ်ဆို့မှုခံနေရခြင်းနှင့် နိုင်ငံတွင်လုံခြုံမှုမရှိခြင်း စသည့် အချက်အလက်များကြောင့် စိုးရိမ်မကင်းဖြစ်ကြသည်။ ADB အာရှဖွံ့ဖြိုးရေးဘဏ်ကလည်း ဤရေကာတာမှ ထိုင်းနိုင်ငံသို့ လျှပ်စစ်ဓါတ်အား ပို့လွှတ်ရန်အတွက် လိုအပ်သည့် ပါဝါနန်းကြိုးများ သွယ်တန်းရာတွင် ကုန်ကျမည့်ငွေကို ထောက်ပံ့သွားရန် စီစဉ်လျှက်ရှိသည်။ ဤဘဏ္ဍာငွေ ထောက်ပံ့မှုမှာ မဲခေါင်မြစ်ဝှမ်းဒေသ လျှပ်စစ်စွမ်းအား အပြန်အလှန် ဆက်နွယ်နေမှုမဟာစီမံကိန်း၏ တစိတ်တဒေသပင်ဖြစ်သည်။ မြန်မာစစ်အစိုးရကလည်း သံလွင်ရေကာတာ စီမံကိန်းတွင် ပါဝင်ပြီး ရင်းနှီးမြှုပ်နှံကြရန် အခြား ASEAN နိုင်ငံများကို အားပေးတိုက်တွန်းလျှက် ရှိသည်ကို သိရပါသည်။[၄]

EGAT က ဤစီမံချက်အတွက် ရင်းနှီးမြှုပ်နှံကြရန် အမေရိကန်ဒေါ်လာသန်းပေါင်း (၉၅၀) နီးပါးကို ခွင့်ပြုသတ်မှတ်ထားပြီးဖြစ်သည်။ ဤစီမံချက်အတွက် EGAT က မိမိ၏ ငွေပင်ငွေရင်းကို ပထမရင်းနှီးမြှုပ်နှံရန်လည်းကောင်း၊ "bonds" ဟုခေါ်သည့် ငွေစုလက်မှတ်များကိုထုတ်ပြီး ရောင်းချ၍လည်းကောင်း မတည်သွားရန်အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

[၃] ဘန်ကောက်ပို့စ် ဒီဇင်ဘာလ ၃ ရက် ၂၀၀၂ ခုနှစ်ထုတ်သည့် သတင်းစာတွင် "မြန်မာပြည်သည်ရေကာတာစီမံကိန်းကို ထိုင်းနိုင်ငံနှင့်လက်တွဲပြီးလုပ်ဆောင်ရန်" ဟူသောဆောင်းပါးတွင်ပါရှိခဲ့သည်။

[၄] ကမ္ဘောဒီးယားနိုင်ငံတွင်ကျင်းပခဲ့သည့် ဝန်ကြီးအဆင့် ASEAN အစည်းအဝေးတွင်သန်းရွှေသည် ASEAN နိုင်ငံများအား သံလွင်ရေကာတာတည်ဆောက်ရေးတွင် ပါဝင်ပြီးရင်းနှီးမြှုပ်နှံကြရန်နှိုးဆော် တိုက်တွန်းခဲ့သည်။

# ကရင်ပြည်နယ်အတွင်းရှိ
# “ဝဲကြီး”နှင့် “မါးခွင်” ရေကာတာ

သံလွင်အထက်ပိုင်း “ဝဲကြီး”ရေကာတာစီမံချက်ချထားသည့် နေရာမှာ ဖါပွန်ခရိုင် အရှေ့မြောက်နယ်စပ်ဖြစ်ပြီး “*ကျောက်ညှပ်*”ဟုခေါ်သော (၅)ကီလိုမီတာ ရှည်လျားသည့် ကျောက်တောင်၏ တောင်ဘက်အဆုံးတွင်ရှိသည့် “ဝဲကြီး” ဟုခေါ်သည့် နေရာတွင်ဖြစ်သည်။ ဤနေရာတွင် သံလွင်မြစ်ထဲ၌ အလွန်ကြီးမားပြီး အန္တရာယ် များသည့် ဝဲကြီးများရှိသဖြင့် ၎င်းအားဝဲကြီးဟုခေါ်ခြင်းဖြစ်သည်။ ဤနေရာ၏အကြောင်းကို လှေဖြင့်ဖြတ်သန်း သွားလာနေကြသူ အားလုံးပြောဆိုလေ့ရှိကြသည်။ ဤနေရာမှာ ဖြတ်သန်းသွားလာရန် အလွန်ခက်ခဲပြီး အန္တရာယ်ကြီးသည်။ နွေရာသီတွင် ဤနေရာရှိ ကျောက်တောင်တဝိုက်တွင် “မယ်ရိုး” ဟုခေါ်သည့် ရေတံခွန်ရှိပြီး ဖြတ်သန်းသွားလာရာတွင် အလွန်ကြောက်စရာကောင်းသည်။ မိုးရာသီကျပြန်တော့ အရွယ်အစားအလွန်ကြီးမားသည့် ဝဲကြီးများ ပေါ်ပေါက်ကာ အလားတူပင် ကြောက်စရာအလွန်ကောင်းပါသည်။




မြေပုံ(၄) ‘ဝဲကြီး’တဝိုက်မြေနေရာအသေးစိတ်ပြမြေပုံ

**ကရင်ပြည်နယ်အတွင်းရှိ ဝဲကြီးနှင့် ဓါးခွင်ရေကာတာ**




မြေပုံ(၅) 'ဓါးခွင်' တဝိုက်မြေနေရာအသေးစိတ်ပြမြေပုံ

သံလွင်အောက်ပိုင်းရေကာတာအတွက် စီမံကိန်းချထားသည့်နေရာမှာ ဓါးခွင်ဟု ခေါ်သည်။ ဤနေရာသည် ဖါပွန်မြို့၏ အရှေ့စူးစူးတွင်တည်ရှိပါသည်။ ဓါးခွင်ဟု ခေါ်ရခြင်းမှာ ခွင်နေသည့် ဓါးကဲ့သို့ အလွန်ကောက်ကွေးသည့် မြစ်ကြောင်းနေရာဖြစ်ခြင်းကြောင့်ဖြစ်သည်။ ဤနေရာတွင် သံလွင်မြစ်ကြောင်းမှာ စူးရှစွာကောက်ကွေးလျှက်ရှိသည်။ သို့ဖြင့် ထိုင်းနိုင်ငံဘက်တွင် မြေနေရာ ဂွင်ကျဉ်းကျဉ်းကလေးမျှသာ ရှိသည်။ ဤဂွင်ကျဉ်းကျဉ်း၏ အရှည်မှာ (၅)ကီလိုမီတာခန့်ရှိပြီး အကျယ်မှာ (၂)ကီလိုမီတာခန့် ရှိမည်ဖြစ်သည်။ ကိုလိုနီခေတ်ကာလက ဤနေရာတွင် ဗြိတိသျှတို့က နယ်စပ်စစ်ဆေးရေးဂိတ် ထားရှိသည်။ ယခုလည်း ထိုင်းနိုင်ငံသည် ဤနေရာတွင် စစ်ဆေးရေးဂိတ်ထားရှိသည်။ ဤနေရာကို ကုန်သည်များ ပုံမှန်ဖြတ်သန်းသွားလာမှုများ ပြုလုပ်ကြပါသည်။

ဂျပန်၏ လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးကုမ္ပဏီ (EPDC)[၅]၏ လေ့လာချက်အရ အောက်ပိုင်းရေကာတာ ဓါးခွင် မှာ သံလွင်အထက်ပိုင်းရေကာတာ ဝဲကြီးကို အထောက်အကူပြုရန် အတွက် ရေသွင်းရေထုတ် သိုလှောင်ကန်အဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ ဤသံလွင် အောက်ပိုင်း ရေ

[၅] လျှပ်စစ်ဖွံ့ဖြိုးရေးစီမံချက်ပူးတွဲအလုပ်အဖွဲ့သည် ဤနယ်စပ်မြစ်ရေကာတာအား ကနဦး လေ့လာရန်အတွက် ၁၉၉၁–ခုနှစ်တွင် လက်ခံအတည်ပြုခဲ့ပြီး ဖြစ်သည်။ ဤပူးတွဲအလုပ်အဖွဲ့ကို ထိုင်းအစိုးရနှင့် မြန်မာအစိုးရက ရွေးချယ်ခန့်အပ်ခဲ့ပါသည်။

ကာတာ၏ ရေလှောင်ကန်မှာ သံလွင်အထက်ပိုင်းရေကာတာ၏ အောက်ခြေနေရာအထိ ရောက်ရှိသွားမည်ဖြစ်သည်။ ဤရေကာတာနှစ်ခု၏ အကွာအဝေးမှာ (၃၅)ကီလိုမီတာ ရှိသည်။ အထက်ပိုင်းရေကာတာ၏ ရေလှောင်ကန်မှာ ၃၈၀ကီလိုမီတာ ရှည်လျားမည်ဖြစ်ပြီး (၅၆) ကီလိုမီတာမှာ ကရင်ပြည်နယ်၊ ထိုင်း–မြန်မာနယ်စပ်တလျှောက်တွင်ရှိသည်။ ကျန်ရေလှောင်ကန် အစိတ်အပိုင်း (၃၂၄)ကီလိုမီတာမှာမူ မြန်မာပြည်အတွင်းပိုင်း ကယား(ကရင်နီ)ပြည်နယ်ထဲတွင် ရှိနေသည်။

သံလွင်အထက်ပိုင်းရေကာတာ "ဝဲကြီး"ကြောင့် ရေလွှမ်းမိုးသွားမည့် မြေဧရိယာ စုစုပေါင်းမှာ စတုရန်းကီလိုမီတာ (၉၆၀) ရှိမည်ဟုခန့်မှန်းရသည်။ တနည်းအားဖြင့် ဧကပေါင်း ၂၃၇ ၂၂၀ ရှိမည်။[၆] ဤရေလွှမ်းမိုးမည့်နေရာမှာ စတုရန်း ကီလိုမီတာ ၃၀ သည် ထိုင်းနိုင်ငံထဲတွင် ရှိမည် ဖြစ်ပြီး၊ ကျန်ရေလွှမ်းမိုးသည့် နေရာများမှာ မြန်မာပြည်ထဲရှိ ဖါပွန်ခရိုင်နှင့် ကယား(ကရင်နီ)ပြည်နယ်ထဲတွင် ရှိမည်။ သံလွင်အောက်ပိုင်းရေကာတာ၏ ရေလှောင်ကန်မှာ ၃၅ ကီလိုမီတာ ရှည်လျားမည်ဖြစ်ပြီး အထက်ပိုင်းရေကာတာ၏ ခြေရင်းအထိ ရောက်ရှိသွားမည်။ ဤရေကာတာကြောင့် ရေလွှမ်းမိုးမည့် မြေဧရိယာပေါင်းမှာ ၅ စတုရန်း ကီလိုမီတာဖြစ်သည်။

[၆] EGAT ၏ အုပ်ချုပ်ရေးမှူးက ၂၀၀၃–ခုနှစ် မေလ ၂၁–ရက်နေ့ ထိုင်းနိုင်ငံဆီးနိတ်လွှတ်တော် ကော်မရှင်သို့ တင်သွင်းသည့် အစီရင်ခံစာတွင် ရေကာတာ၏ ရေလှောင်ကန် ဧရိယာစုစုပေါင်းမှာ ရိုင် ၆၀၀ ၀၀၀ (စတုရန်း ကီလိုမီတာ ၉၆၀) ရှိကြောင်းပါရှိသည်။

# Z,m; (2) prc;utao;pw [7]

| | txuovia&umwm | atmuovia&umwm |
|---|---|---|
| တည်နေရာ | မြောက်လတ္တီကျူ ၁၈° ၁၉၊ အရှေ့လောင်ဂျီကျူ ၉၇° ၃၃။ သံလွင်ရှိ အိုလို စစ်ဆေးရေးဂိတ် (တောရိုင်းတိရိစ္ဆာန် ထိန်းသိမ်းနယ်မြေအတွင်း) အထက် နားတွင်ရှိသည်။ မယ်ရယ်ထာရွာမှ နေပြီး အထက်သို့ ၁၄ ကီလိုမီတာ ဆန်တက်ရသည့်နေရာဖြစ်သည်။ ဤနေရာသည် မယ်စရီးယန်းခရိုင်၊ မယ်ဟောင်ဆောင်ပြည်နယ်ထဲတွင် ရှိသည်။ | မြောက်လတ္တီကျူ ၁၈° ၀၄၊ အရှေ့လောင်ဂျီကျူ ၉၇° ၄၂။ ဘန့်ထန်းတဖန်ရွာ၌ တည်ရှိသည်။ ဘန့်မယ်စံမလဲ့ (ခေါ်) သော်လဲထာရွာမှ အထက်သို့ ချောင်းအတိုင်း ၁၅ ကီ လိုမီတာ အကွာအဝေးတွင်ရှိသည်။ ဤနေရာသည် မယ်စရီးယန်း ခရိုင်၊ မယ်ဟောင်ဆောင်ပြည်နယ်ထဲတွင် ရှိသည်။ |
| မြစ်ထဲသို့စီးဆင်းနိုင်သည့် မိုးရေဧရိယာ (စတုရန်း ကီလို မီတာ) | ၂၉၃၂၀၀ | ၂၀၄၅၀၀ |
| တနှစ်အတွင်းစီးဝင်သည့် ရေပမာဏ (ကုဗမီတာ သန်းပေါင်း) | ၁၁၈၆၀၀ | ၁၁၉၂၀၀ |
| ရေမျက်နှာပြင်အမြင့်(m.MSL) | ၂၂၀ | ၈၆ |
| သိုလောင်နိုင်သည့် ပမာဏ သိုလောင်ကန်ဧရိယာ rai ဖြင့် (၆၂၅ rai = ၁ စတုရန်း ကီလိုမီတာ) | ၂၁၀၀၀<br>၁၉၁၀၁ rai (၃၀.၇ စတုရန်း ကီလိုမီတာ ထိုင်းနိုင်ငံထဲတွင် ရှိသည်။) | ၂၄၅<br>၁၃၄၀ rai (၂ စတုရန်း ကီလိုမီတာ ထိုင်းနိုင်ငံထဲတွင်ရှိသည်။) |
| ရေကာတာအမျိုးအစား | သိုလှောင်ရေကာတာ | ထိန်းချုပ်ရေကာတာ |
| အမြင့် (မီတာ) | ၁၆၈ | ၄၉ |

---

၇ EGAT 2003 FER ခေါ်သဘာဝပတ်ဝန်းကျင်ပြန်လည်ရှင်သန်ရေး ဖေါင်ဒေးရှင်း–ဇွန်–၂၀၀၃ (ထိုင်းမြန်မာနယ်စပ်) သံလွင် ရေအားလျှပ်စစ်စီမံချက်တွင်ဖော်ပြခဲ့သည့်အတိုင်း။

| | | |
|---|---|---|
| အလျား (မီတာ) | ၅၇၀ | ၃၇၉.၅ |
| တင်ရှိသည့်ရေအမြင့် (မီတာ) | ၁၁၆.၈ | ၂၀.၉ |
| တပ်ဆင်ထားသည့် ရေသို လှောင် နိုင်မှုပမာဏ | ၄၅၄၀.၀၀ | ၇၉၂.၀၀ |
| အခိုင်အမာ သုံးနိုင်မည့် စွမ်း အင် ပမာဏ(မီဂါဝပ်) | ၂၁၃၉.၇၅ | ၄၇၆.၆၁ |
| နှစ်စဉ်ထုတ်ပေးမည့်စွမ်းအင် (GWh) | ၂၉၂၇၁.၀၄ | ၅၄၄၂၂.၄၉ |
| အခိုင်အမာစွမ်းအင် (GWh) | ၁၈၇၄၄.၁၅ | ၄၁၇၅.၁၂ |
| ရင်းနှီးမြုပ်နှံမှုကုန်ကျစရိတ် (နှစ်ခုစလုံး အတွက်) | ဘတ်သန်း (၂၇၇၀၀၀)။ အမေရိ ကန်ဒေါ်လာသန်း (၆၁၅၀) | |
| စွမ်းအင်စတင်ထုတ်မည့်နှစ် | ၂၀၁၂ | |

ဓါတ်ပုံ– ကရင့်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးရုံးအဖွဲ့ (KORD,2003)



ကရင်ပြည်နယ်၊ ဖါပွန်ခရိုင်အတွင်းရှိ ကရင်ရွာသူရွာသားများ

# ကရင်ပြည်နယ်အတွင်း ဤရေကာတာများနှင့်သက်ဆိုင်သည့် နိုင်ငံရေးအကြောင်းရပ်များ

ကရင်တို့သည် မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးတမျိုးဖြစ်သည်။ ၎င်းတို့၏ လူဦးရေမှာ (၇) သန်းခန့်ရှိမည်ဟု ခန့်မှန်းရပြီး မြန်မာပြည်လူဦးရေ၏ (၁၃%) ခန့်ရှိပေသည်။ မြန်မာပြည်၏ လူဦးရေ စုစုပေါင်းမှာ ၅၂ သန်းခန့်ရှိသည်။

ကရင်လူထုအများစုမှာကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းနှင့် မြစ်ဝကျွန်းပေါ် ဒေသတွင် နေထိုင်ကြသည်။

ကရင်တို့သည်ရိုးရာအစဉ်အလာအရ လယ်ယာမြေစိုက်ပျိုးရေးကို အသက်မွေးဝမ်းကြောင်း လုပ်ငန်းအဖြစ် အဓိကထားလုပ်ဆောင်ကြသည်။ ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးအောက်တွင် ကရင်အတော်များများမှာ ခရစ်ယာန်ဘာသာကို ပြောင်းလဲကိုးကွယ်လာကြသည်။ ဗြိတိသျှ၏ ပညာရေးစံနစ်အောက်တွင် အတော်များများမှာ ပညာတတ်များဖြစ်လာကြသည်။

ကရင်တို့သည် ၎င်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် ပဌမကမ္ဘာစစ်ကြီးပြီးဆုံးစဉ်ကပင် စတင်၍ လှုပ်ရှားလာခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် ဤလှုပ်ရှားမှုမှာ အရှိန်အဟုန် မြင့်လာပြီး ၁၉၄၈–ခုနှစ် မြန်မာပြည်လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၉–ခုနှစ်တွင် ကရင်လူမျိုးတို့သည် ကေအဲန်ယူ –ကရင်အမျိုးသားအစည်းအရုံး၏ ခေါင်းဆောင်မှုအောက်တွင် မိမိတို့၏ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရန်အတွက် ပြည်တွင်းစစ်ကို ပါဝင်ဆင်နွှဲခဲ့လေသည်။

ရန်ကုန်အစိုးရသည် ၁၉၄၉–ခုနှစ်တွင် KNU အား မတရားအသင်းအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။ KNU သည် ရန်ကုန်ဆင်ခြေဖုံးဒေသမှ ဆုတ်ခွာခဲ့ပြီး ထိုင်း–မြန်မာ နယ်စပ်ရှိ အရှေ့တိုင်းဒေသ ကရင်ပြည်နယ်အတွင်းတွင် အုပ်ချုပ်ရေးကိုချမှတ်ကာ ၎င်းတို့၏လှုပ်ရှားမှုကို ဆက်လက်ဆင်နွှဲခဲ့လေသည်။

ဤအခြေအနေကိုအခွင့်ကောင်းယူကာ ထိုင်းစစ်တပ်မှလည်း သူပုန် (သို့) သောင်းကျန်းသူဆန့်ကျင်ရေးများကို အသုံးချခဲ့လေသည်။ ၁၉၇၀–ဆယ်စုနှစ်မှ ၁၉၈၀–ဆယ်စုနှစ်အစပိုင်းအထိ ကေအဲန်ယူအား ထိုင်းနိုင်ငံက သဘောတရားရေးအရ ဆန့်ကျင်ဘက်ဖြစ်နေသည့် ဗိုလ်ချုပ်နေဝင်း၏ ခေါင်းဆောင်မှုအောက်ရှိ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အစိုးရအား ဆန့်ကျင်ရန်အတွက် ကြားခံအင်အားစုတခုအဖြစ် အသုံးချခဲ့သည်။

ကေအဲန်ယူသည် ထိုင်း–မြန်မာနယ်စပ်တွင် အခွန်အကောက်ဂိတ်များကို ဖွင့်လှစ်ကာ စီးပွားရေးအရ ၎င်းတို့သည်မိမိကိုယ်မိမိ ထောက်ပံ့နိုင်ရေးအတွက် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ မှောင်ခိုဈေးကွက်သို့ တင်သွင်းသည့် ကုန်များအပေါ် အခွန်အကောက်များ ကောက်ခံရယူခဲ့သည်။[၇]

ကေအဲန်ယူအား ကြားခံအင်အားစုတခုအဖြစ် ထားရှိခဲ့သည့် ထိုင်းနိုင်ငံ၏ ပေါ်လစီမှာ ၁၉၉၈–ခုနှစ်နောက်ပိုင်းတွင် အဆုံးသတ်သွားသည်။ ၁၉၈၈–ခုနှစ်အကုန်တွင် ဗိုလ်ချုပ်ကြီးချာဝါလစ်ယောင်ချိုင်ယု ဦးဆောင်သည့် ဩဇာရှိဗိုလ်တစုသည် မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည်။

ထိုအချိန်မှစပြီး မြန်မာစစ်အစိုးရသည် ထိုင်းကုမ္ပဏီများအား မြန်မာပြည်ရှိသစ်လုံးများ ခုတ်လှဲရောင်းချခွင့်ပေးပြီး ပင်လယ်ထဲ၌လည်း ငါးဖမ်းခွင့်ကို စတင်ခွင့်ပြုခဲ့လေသည်။ ဤလည်ပတ်မှုသည် မြန်မာစစ်အစိုးရအတွက် စိတ်ဓါတ်ခွန်အားတက်ကြွလာစေပြီး၊ ၎င်းတို့သည် နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများနှင့် ပူးပေါင်းလုပ်ဆောင်ရန် မိမိကိုယ်ကို ယုံကြည်စိတ်ချမှုရှိလာခဲ့သည်။

ဤသို့ဖြင့် နိုင်ငံတကာကော်ပိုးရေးရှင်းများဖြစ်သည့် အမေရိကန်ပြည်ထောင်စု ယူနိုကယ်ရေနံကုမ္ပဏီ UNOCALနှင့် ပြင်သစ်ရေနံကုမ္ပဏီ တိုတယ် TOTALတို့ထံ ၎င်း၏သဘာဝ အရင်းအမြစ်အား ပြည်ပသို့ရောင်းချနိုင်ရန်အတွက် ရင်နှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်လက်ခံလေသည်။

---

[၇] ၁၉၆၀–၈၀ ဆယ်စုနှစ်များအကြားတွင် မြန်မာပြည်ဆိုရှယ်လစ်စီးပွားရေးစနစ်၏ အရိပ်အောက်ရှိ မဟာမှောင်ခိုဈေးကွက်ကြီး၏ ဦးစီးမှုအောက်၌ နယ်စပ်ရှိ လူမျိုးစုခုခံရေးအင်အားစုများ ထိန်းချုပ်ထားသည့် အခွန်အကောက်ဂိတ်များမှတဆင့် မြန်မာပြည်သည် အိမ်နီးချင်းနိုင်ငံများ(အထူးသဖြင့်ထိုင်းနိုင်ငံ)နှင့် နယ်စပ်ကုန်သွယ်ရေး အကြီးအကျယ်ထွန်းကားခဲ့သည်။

ဤသို့ဖြင့် မြန်မာပြည်ရှိ သဘာဝအရင်းအမြစ်များ တင်ပို့ရောင်းချရေးနှင့် ယင်းဒေသမှ မွန်နှင့် ကရင်လက်နက်ကိုင်တော်လှန်ရေးအင်အားစုတို့ကို ရှင်းပစ်နိုင်ရန်အတွက် ပူးပေါင်းလုပ်ဆောင်ခဲ့ကြလေသည်။

*၁၉၈၉–ခုနှစ်မေလတွင် မြန်မာ့တပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံသို့သွားရောက် လည်ပတ်ခဲ့ပြီး၊ ထိုင်းဒုဝန်ကြီးချုပ် ပရာဖတ်လင်ဖါပန်ဒူး**(Prapath Limphapandu)** အား မြန်မာပြည်နယ်စပ်ဒေသကို အလျင်အမြန်ရှင်းပစ်လိုကြောင်းနှင့် နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးစီးပွားအတွက် နယ်စပ်ကုန်သွယ်ရေးပူးပေါင်းလုပ်ဆောင်လိုကြောင်း ပြောဆိုခဲ့သည်။*

*Global Witness* အောက်တိုဘာ ၂၀၀၃ ခုနှစ်

ထို့နောက် မြန်မာစစ်အစိုးရသည် ထိုင်းကုမ္ပဏီများကို ကေအဲန်ယူ နှင့် မွန်ပြည်သစ်ပါတီ နယ်မြေအတွင်းရှိ သစ်များအား ၁၉၈၉–ခုနှစ်မှ ၁၉၉၂–နှစ်အထိ ခုတ်လှဲခွင့်ပြုခဲ့လေသည်။ တချိန်တည်းမှာပင် မြန်မာ့တပ်မတော်သည် အဓိကထိုးစစ်ကြီးများဖြင့် ကေအဲန်ယူ နှင့် မွန်ပြည်သစ်ပါတီတို့၏ အခိုင်အမာ ခြေကုတ်စခန်းများအား ထိုးစစ်ဆင်တိုက်ခိုက်ကာ နယ်မြေစိုးမိုးရေးကို ပြုလုပ်ခဲ့လေသည်။ သို့ဖြင့် မွန်ပြည်သစ်ပါတီ **NMSP**သည် (၁၉၉၅) ခုနှစ်တွင် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရန် သဘောတူလိုက်လျောလိုက်ရသည်။

ဤထိုးစစ်များကြောင့် ကရင်ပြည်နယ်အတွင်းရှိ ကရင်လူထုအများအပြား ထိုင်းနိုင်ငံသို့ ဒုက္ခသည်များအဖြစ် ထွက်ပြေးရောက်ရှိလာကြသည်။ ယခုအချိန်တွင် ထိုင်းနိုင်ငံရှိ နယ်စပ်ဒုက္ခသည်စခန်းများထဲတွင် ဒုက္ခသည် ၁၂၀ ၀၀၀ ခန့်ရှိနေသည်။

# ၁၉၉၂–ခုနှစ် မတိုင်မီ ဖါပွန်ဒေသ ကရင်တို့၏ ထိန်းချုပ်မှုအောက်ရှိ သံလွင်မြစ်

၁၉၉၂–ခုနှစ် အစပိုင်းအထိ ထိုင်း–မြန်မာနယ်စပ်နှင့် ထိစပ်လျှက်ရှိသည့် ဖါပွန်ခရိုင် တခုလုံးကို ကေအဲန်ယူမှ ထိန်းချုပ်ထားလျှက်ရှိသည်။

ဖါပွန်ခရိုင်၏ဧရိယာမှာ စတုရန်း ကီလိုမီတာ ၆၇၂၂.၅၄၀ (သို့) စတုရန်းမိုင် ၂၅၉၅.၅၇၃ ကျယ်ဝန်းသည်။ ဤနယ်မြေနှင့် ဆက်စပ်လျှက်ရှိသည့် ထိုင်းနိုင်ငံဘက်မှ နယ်မြေများမှာ မယ်ဟောင်စောင်ပြည်နယ်ဖြစ်သည်။ ထိုင်းနိုင်ငံရှိ သံလွင်အမျိုးသား ဥယျာဉ်နှင့် သံလွင် တောရိုင်းတိရိစ္ဆာန်များခိုအောင်းရာနေရာ ထိန်းသိမ်းရေးစခန်းနှင့်လည်း ထိစပ်လျှက်ရှိသည်။

ကေအဲန်ယူ အုပ်ချုပ်ရေး[၆]အရ ဖါပွန်ခရိုင်အား မြို့နယ်(၃)မြို့နယ်အဖြစ် ဖွဲ့စည်းထားသည်။ လူသော၊ ဒွယ်လိုးနှင့်ဘူးသိုမြို့နယ်များဖြစ်ကြသည်။ ဤမြို့နယ်များကို ခရိုင်အတွင်းရှိ မြောက်ဖက်မှ တောင်ဖက်သို့ သွယ်တန်းလျက်ရှိသည့် တောင်တန်းရှည် (၃)ခုကို အခြေခံပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

သံလွင်မြစ်အနောက်ဘက်ကမ်း၏ နေရာအများစုမှာ ဘူးသို မြို့နယ်ထဲတွင်ရှိသည်။ ဤနေရာသည် ထိုင်း–မြန်မာနယ်စပ် ကရင်ပြည်နယ်ထဲတွင် ရှိခြင်းဖြစ်၏။ ဤနေရာတွင် အများစု နေထိုင်ကြသူများမှာ တိုင်းရင်းသားကရင်လူမျိုးများဖြစ်သည်။ ၁၉၈၅–ခုနှစ် ကောက်ခံခဲ့သည့် စာရင်းအရ ဖါပွန်ခရိုင်ထဲတွင် လူဦးရေ ၁၀၇ ၀၀၀ ရှိသည်။

## obm0 t&i;tjrprsm;

ဖါပွန်ခရိုင်အတွင်း သံလွင်မြစ်ကမ်းပါး သဲသောင်ပြင်အပါအဝင် စိမ်းလန်းစိုပြေ၍ ကျယ် ပြောသည့် သစ်တောများရှိလေသည်။ ဤသစ်တောများထဲတွင် အဖိုးတန် ကျွန်းသစ် အများအပြား ရှိလေသည်။ ယင်းကြောင့် ဤသစ်တောများကို “ရွှေကျွန်းသစ်တော”ဟူ၍ ခေါ်ဝေါ်သမုတ်ကြသည်။

ဗြိတိသျှ ကိုလိုနီခေတ်တွင် ကျွန်းသစ်သည် မြန်မာပြည်မှနိုင်ငံခြားသို့ တင်ပို့ရောင်းချသည့် အဓိက သဘာဝအရင်းအမြစ်တခုဖြစ်ခဲ့သည်။ ရွှေနှင့်သတ္တုများကိုလည်း တင်ပို့ရောင်းချခဲ့ ပါသည်။

---

[၆] ကေအဲန်ယူတွင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ကာကွယ်ရေး၊ တရားရေး၊ သစ်တော၊ အခွန် အကောက်၊ သတ္တုတွင်း အစရှိသည့် အုပ်ချုပ်ရေးဌာနများရှိသည်။ ၁၉၉၂ ခုနှစ်ကာလတွင် ဖါပွန်နယ် အများစုမှာ ကေအဲန်ယူ၏ အုပ်ချုပ်ရေးစနစ်အောက်တွင်ရှိနေသည်။

သစ်ပင်များခုတ်လှဲခြင်းနှင့် တနေရာမှတနေရာသို့ သယ်ယူပို့ဆောင်ရာတွင် သံလွင်မြစ်ကို သာ အဓိက အမှီသဟဲပြုခဲ့ရပါသည်။ သစ်တုံးကြီးများအား သံလွင်မြစ်ရေကြောင်းအတိုင်း အောက်ဖက်သို့ မျှောချသွားကြသည်။

အသက်(၉၀)အရွယ်ရှိ အဖွားအိုတဦးက ယခုကဲ့သို့ပြောပါသည်။ အင်္ဂလိပ်ခေတ်က ကျမတို့ ဒေသမှာ သစ်ခုတ်လှဲခြင်းရှိခဲ့ပါသည်။ သစ်တုံးများကို သံလွင်မြစ်ကြောင်းအတိုင်း မျှောချ ကြသည်။ ထိုင်းနိုင်ငံမှာလည်း သစ်ခုတ်လှဲမှုများရှိပြီး ၎င်းတို့၏ နိုင်ငံဘက်မှ သံလွင်မြစ်ကို အသုံးပြုပြီး သစ်တုံးများ မျှောချခြင်းများ ပြုလုပ်ပါသည်။

၂၀၀၃ –ခုနှစ် စက်တင်ဘာလက ပါဟိုက်ကျေးရွာအုပ်စုတွင်း နေထိုင်သည့်ရွာသား တဦးအား တွေ့ဆုံမေးမြန်းရာ ၎င်းကဤဒေသရှိ သစ်တောထဲတွင် အဖိုးတန် ကျွန်းသစ် များအပြင် အခြားသစ်တောထွက်ပစ္စည်းများလည်းရှိသည်။ ၎င်းတို့မှာ 'ကြိမ်'ကဲ့သို့သော အပင်များနှင့် ဟင်းခတ် အမွှေးအကြိုင်အဖြစ် အသုံးပြုနိုင်သည့် အပင်များလည်း ဤဖါပွန်ခရိုင် သံလွင်မြစ်တလျှောက် တောင်တန်းပေါ်ရှိ သစ်တောများထဲတွင် ရှာဖွေတွေ့ရှိနိုင်သည်ဟုဆို သည်။ ဖါပွန်ခရိုင်အတွင်းရှိ သစ်တောများမှာ မုတ်သုန်သစ်တောများဖြစ်ကြသည်။

ကရင်အမျိုးသားများ၏ ခုခံမှုစစ်ပွဲဆင်နွှဲသည့် ပထမဆယ်စုနှစ် (၃)ခု ကာလအတွင်း၊ ၁၉၄၉ –ခုနှစ် ကစပြီး၊ ဤဒေသတွင် စီးပွားရေးအရ သစ်ခုတ်လှဲခြင်းများ မရှိခဲ့ပေ။ သို့ရာတွင် ၁၉၈၃– ခုနှစ် သံလွင်မြစ်ကမ်းဘေး၌ သစ်ခုတ်လှဲခြင်းများ ပြန်လည်စတင်လုပ်ဆောင်ခဲ့သည်။

ကေအဲန်ယူတို့သည် ခုတ်လှဲထားသည့်သစ်တုံးများကို ထိုင်းစီးပွားရေးကုမ္ပဏီများသို့ ရောင်းချကြသည်။

ကေအဲန်ယူ သစ်တောဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီး၊ ဖါပွန်ဒေသခံ ပြည်သူများ၏ဆန္ဒနှင့်အညီ ဥပဒေများရေးဆွဲပြုစုပြဌာန်းခဲ့သည်။ ဤဥပဒေထဲတွင် တောင်ယာ စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် သစ်တောထိန်းသိမ်းရေး နည်းဥပဒေများ ပါဝင်လျက်ရှိသည်။ ထို့အပြင် သစ်တောများအား တောမီးလောင်ကျွမ်းမှု ကာကွယ်ခြင်း၊ သစ်တောထဲတွင် ကျွန်းသစ် အပါအဝင် အခြားသစ်ပင်များအား ပြန်လည်စိုက်ပျိုးခြင်း၊ ရှားပါးသည့် တောရိုင်း တိရိစ္ဆာန်များအား အမဲလိုက် ပစ်ခတ်သတ်ဖြတ်ခြင်းမှ တားမြစ်ခြင်း စသည့် အချက်အလက် များကို ဥပဒေထဲတွင် ထည့်သွင်းရေးဆွဲထားပေသည်။

ကေအဲန်ယူ သစ်တောဌာနသည် အချို့နေရာများတွင် ၎င်းတို့ကိုယ်တိုင် ကျွန်းပင်များ ပြန်လည်စိုက်ပျိုးခြင်းများကို သစ်တောထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း အစိတ်အပိုင်းတခု အဖြစ် သဘောထားပြီးလုပ်ဆောင်ခဲ့ကြသည်။

ကေအဲန်ယူသည် ဖါပွန်ခရိုင်အတွင်း သစ်တောကြိုးဝိုင်းများကိုလည်း စနစ်တကျ ထိန်းသိမ်းခဲ့သည်။[၁၀] ဤသစ်တောကြိုးဝိုင်းများထဲတွင် မဲဝိုင်သစ်တောကြိုးဝိုင်း၊ မင်းနန်းနွယ် သစ်တောကြိုးဝိုင်း၊ ထီးကဆောမဲ သစ်တောကြိုးဝိုင်း၊ အထက်မဲသလော့နှင့် အောက်မဲသလော့ သစ်တောကြိုးဝိုင်းများ၊ ဖါဇောင်းသစ်တောကြိုးဝိုင်းများ ပါဝင်လျှက်ရှိသည်။ ဘောသေထာနှင့် ခါးခွင်သစ်တောကြိုးဝိုင်းလည်း ပါဝင်သည်။ *(စာမျက်နှာ ၂၉ မှ မြေပုံကိုကြည့်ပါ)*

ဖါပွန်ခရိုင်ထဲတွင် တောရိုင်းတိရိစ္ဆာန်များ ခိုအောင်းရာနေရာ(ဘေးမဲ့တော) (၃)ခုကို သတ်မှတ်ထားပြီး ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ၎င်းအနက်(၂)ခုမှာ ကေအဲန်ယူမှ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ယင်း(၂)ခုမှာ ထိုင်းနိုင်ငံ သံလွင်အမျိုးသားဥယျာဉ်နှင့် နီးစပ်လျှက်ရှိသည့် ခါးခွင် တောရိုင်းတိရိစ္ဆာန် ခိုအောင်းရာနေရာနှင့် ခရိုင်၏အနောက်ဘက်ဒေသ ဒွယ်လိုးမြို့နယ်အတွင်းရှိ "လေးဂဝေါ်" တောရိုင်းတိရိစ္ဆာန်များ ခိုအောင်းရာနေရာများဖြစ်ကြသည်။ ကျန်တခုမှာ ဗြိတိသျှ ကိုလိုနီခေတ်မှ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းသည် ဒွယ်လိုးမြို့နယ်ထဲတွင်ရှိပြီး "ကဟီးလူ" တောရိုင်းတိရိစ္ဆာန်များ ခိုအောင်းရာနေရာဖြစ်သည်။

အစဉ်အလာအရ ဖါပွန်ရွာသားတဦးစီသည် မြေယာအချို့ကို ပိုင်ဆိုင်ထားနိုင်သည်။ ဤကဲ့သို့ ပိုင်ဆိုင်ထားရန် ၎င်းတို့ထဲမှ သြဇာရှိသူ၊ လူအများက လေးစားခြင်းခံရသူ "ထီးဖိုးကော်ကစါ"[၁၁]ဟုခေါ်သည့် အကြီးအကဲလုပ်သူက ခွင့်ပြုရသည်။

ဤကဲ့သို့အစဉ်အလာအရ လယ်ယာမြေပိုင်ဆိုင်ခွင့် ပေးကမ်းခြင်းကိုယခုထိ ဒေသခံ ကျေးရွာသူကျေးရွာသားများက အသိအမှတ်ပြုဆဲဖြစ်သည်။ ဤသည်မှာ ရွာသူရွာသားများသည် ၎င်းတို့၏ လိုအပ်မှုနှင့်အညီ အရင်းအမြစ်များအား အသုံးပြုခွင့်ရှိသောကြောင့်ဖြစ်သည်။ အချို့သော သစ်တောအုပ်စုများကို အများပိုင်သစ်တောများအဖြစ် သစ်မှတ်ထားလေသည်။

ထီးဖိုးကော်ကစါသည် ကျေးရွာလူထု၏ စားဝတ်နေရေးကို ဂရုစိုက်တာဝန်ယူရသည်။ ဓလေ့ထုံးစံဖြစ်သည့် နတ်ကိုးကွယ်မှု ပူဇော်ပသမှုအခန်းအနားကို ထီးဖိုးကော်ကစါက ဦးဆောင်ရသည်။ သံလွင်မြစ်ဘေးတလျှောက် ၁၉၈၃ မှ ၁၉၉၅ ခုနှစ်အထိ သစ်ခုတ်လှဲမှုများ

---

[၁၀] ကေအဲန်ယူသည် ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးမှ ပြုလုပ်သကဲ့သို့ သစ်တောနေရာအချို့ကို "သစ်တောကြိုးဝိုင်း"သတ်မှတ်ကာ သစ်တောထိန်းသိမ်းရေးစနစ်ကို ပြန်လည်ပြုလုပ်ပါသည်။

[၁၁] စာသားအရ"ရေမြေပိုင်ရှင်၊ ပြည်သူ့သခင်"ဟူ၍ အဓိပ္ပါယ်ရပါသည်။ ဗြိတိသျှ ကိုလိုနီအုပ်ချုပ်ရေးမှ ကျေးလက်ဒေသတွင်"ရွာသူကြီး"စနစ်ကို အကောင်အထည်ဖေါ်လိုက်သောအခါ ဤပုဂ္ဂိုလ်များ၏ အခန်းမှာ "ရိုးရာဓလေ့နှင့်ဘာသာကိုးကွယ်မှု" ရေးရာများတွင် ဦးဆောင်မှုပေးခြင်းသာကျန်ရှိလေသည်။




မြေပုံ(၆) ဖါပွန်ခရိုင်အတွင်းရှိ သစ်တောကြိုးဝိုင်းနှင့် တောရိုင်းတိရိစ္ဆာန်များခိုအောင်းရာနေရာများ

ပြုလုပ်ခဲ့သဖြင့် ဤနေရာများတွင် အစဉ်အလာ လယ်မြေများတိုင်းတာသတ်မှတ်ကာ ပိုင်ဆိုင်ခွင့် မပေးသော်လည်း၊ ဖါပွန်မြောက်ပိုင်းဒေသတွင် လယ်ယာမြေပိုင်ဆိုင်ခွင့်ကို တင်းကြပ်စွာ တရားဝင်ခွင့်ပြု ထားသည်။

## tajcctaqmuttrsm;

ကိုလိုနီခေတ်က ဗြိတိသျှတို့သည် လမ်းများကိုဖောက်လုပ်ခဲ့သော်လည်း အဓိကအားဖြင့် သစ်တုံးများကို သယ်ပို့ရောင်းချနိုင်ရန်အတွက်သာ ဖြစ်သည်။ ဤဖောက်လုပ်ခဲ့သည့် လမ်းများကလည်း ပြည်တွင်းစစ်ကာလအတွင်း များသောအားဖြင့် ယိုယွင်းပျက်စီးလျှက် ရှိနေသည်။ စစ်အစိုးရက မြန်မာပြည်အတွင်းပိုင်းရှိ မြို့များမှ ဖါပွန်နှင့် ဖွဂေါ်သို့သွားသောလမ်းများကိုသာ ၁၉၉၂ ခုနှစ်မတိုင်မီက ထိန်းသိမ်းခဲ့သည်။ ဤလမ်းများမှာ မိုးရာသီတွင် စစ်အစိုးရတပ်များ၏ ရိက္ခာများအား သယ်ယူပို့ဆောင်ရန် အသုံးပြုခဲ့သည်။

၁၉၈၀ ဆယ်စုနှစ်များထဲတွင် ကေအဲန်ယူမှ ထိုင်းကုမ္ပဏီများသို့ သစ်ခုတ်လှဲခွင့် လိုင်စင်ကို ရောင်းချလေသည်။ ထိုအချိန်မှစပြီး ထိုင်းကုမ္ပဏီတို့က သစ်ပင်များ ခုတ်လှဲသယ်ဆောင်သွားနိုင်ရေးအတွက် လမ်းများကို ဖေါက်လုပ်ကြသည်။ ဤလမ်းများမှာ များသောအားဖြင့် ဘူးသိုမြို့နယ်ထဲ၌ရှိသည်။ ဖါပွန်တွင် လေယာဉ်ကွင်းရှိသည်။ လေယာဉ်များသည် ရန်ကုန်မြို့မှ နေပြီး ဖားအံမှတဆင့် ဖါပွန်သို့ ပျံသန်းသည်။ ပိုမို၍ကြီးသည့် မြို့များနှင့် ဖါပွန်ကို ကြေးနန်းအသုံးပြု၍ ဆက်သွယ်ထားသည်။ အထူးသဖြင့် မိုးတွင်းကာလတွင် ယွန်းစလင်းမြစ်နှင့် ဘီးလင်းချောင်းတို့မှာ အများပြည်သူ သွားလာရေးအတွက် သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ဖြစ်နေသည်။ နယ်စပ်တလျှောက်မှာမူ သံလွင်မြစ်ကြီးသည် အဓိကသယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးလမ်းကြောင်း ဖြစ်နေပါသည်။




မြေပုံ(၇) ဖါပွန်ခရိုင်လမ်းပန်းဆက်သွယ်ရေးအခြေပြမြေပုံ

# 1992-cEp rwir zmyea'o twi;
# pp t p;& \ t "u x;pprsm;

၁၉၅၅–ခုနှစ်။ ဖါပွန်ခရိုင်ထဲတွင် မြန်မာ့တပ်မတော်မှ ပထမဦးဆုံးအကြိမ် ဝင်ရောက်တပ်ချပြီး နယ်မြေအုပ်ချုပ်ရေးကိုပြုလုပ်လာသည်။ ဤအချိန်တွင် ကေအဲန်ယူ–ဗဟိုဌာနချုပ်လည်း ဤခရိုင်နယ်မြေအတွင်းမှာ ရှိသည်။

၁၉၆၃–ခုနှစ်။ ကေအဲန်ယူနှင့် ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးကောင်စီအစိုးရ တွေ့ဆုံဆွေးနွေးမှု မအောင်မမြင်ဖြစ်ပြီးနောက် ဤဒေသကို စစ်အစိုးရက "မင်းရန်အောင်စစ်ဆင်ရေး"ဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ ဤထိုးစစ်ကာလကစပြီး ဖါပွန်ခရိုင်အတွင်း ဗမာ့တပ်မတော်သည် အမြဲတမ်းတပ်ချပြီးနေထိုင်လေတော့သည်။

၁၉၇၅–ခုနှစ်။ မြန်မာ့တပ်မတော်သည် ၎င်း၏ "ဖြတ် ၄ ဖြတ်" ပေါ်လစီကို သံလွင်မြစ် အရှေ့ဘက်ဒေသအတွင်း ကေအဲန်ယူအား ရှင်းပစ်ရေးအတွက် စတင်အကောင်အထည် ဖေါ်ခဲ့သည်။ *(ဖြတ် ၄ ဖြတ် ဆိုရာမှာ တော်လှန်ပုန်ကန် သူများအား ခေါင်းဖြတ် သတ်ဖြတ်ခြင်း၊ တော်လှန်ပုန်ကန်သူများအား ပြည်သူများထံရရှိနိုင်သည့် စားနပ်ရိက္ခာ၊ ငွေကြေးရံပုံငွေ၊ တော်လှန်ရေး သတင်းအချက်အလက်များ စသည် အားလုံးတို့အား ဖြတ်တောက်ရေးဖြစ်သည်။)* ဤထိုးစစ်များကြောင့် ဘီးလင်းအထက်ပိုင်းနယ်မြေ၊ မဲဝိုင်နှင့် မဲသူရွှင်များတို့ကို အစိုးရတပ်များက သိမ်းပိုက်နိုင်ပြီး၊ ဤဒေသအတွင်း ပြည်တွင်းဒုက္ခသည် IDPs အရေအတွက်များပြားလာသည်။ ထို့ပြင် ထိုင်းနိုင်ငံ သံလွင်မြစ်နှင့် သောင်ရင်းမြစ်ဆုံနေရာနှင့်နီးကပ်လျှက်ရှိသော ထိုင်းနိုင်ငံ သံလွင်မြစ်ကမ်းတနေရာတွင် ဖူးမြလူ ဟုခေါ်သော ကရင်ဒုက္ခသည်စခန်း ပဌမဦးဆုံး ပေါ်ပေါက်လာခဲ့သည်။

၁၉၈၃–၉၁ ခုနှစ်။ ၁၉၈၃–၉၂ ကြားကာလ နှစ်စဉ်ပြုလုပ်ခဲ့သည့် နွေရာသီထိုးစစ်များကြောင့် မြန်မာ့တပ်မတော်သည် ယွန်းစလင်းမြစ်အထက်ပိုင်းရှိ ဖေါဒေးနှင့် ထီးမူးခီးရွှင်များကို သိမ်းပိုက်နိုင်ခဲ့သည်။

ဓါတ်ပုံ– ကရင်ကျောင်းသူကျောင်းသားများကွန်ယက်အုပ်စု (KSNG,2000)



## ပြေးလွှားနေစဉ်

ဤယောကျ်ားကလေးနှင့် သူ၏မိသားစုများသည် သက္ကရာဇ် ၂၀၀၀၊ ဒီဇင်ဘာလတွင် နအဖ–တပ်များ၏ ထိုးစစ်ကြောင့် ထွက်ပြေးနေကြရပုံဖြစ်သည်။
၎င်းတို့သည် ဒီဇင်ဘာလ ၂၆–ရက်နေ့တွင် ကျရောက်ခဲ့သည့် ကရင်နှစ်သစ်ကူးကို မကျင်းပရတော့ဘဲ ထွက်ပြေးနေကြရခြင်း ဖြစ်သည်။

၁၉၉၂–မတိုင်မီ ဖါပွန်ဒေသ။ ကရင်တို့၏ထိန်းချုပ်မှုအောက်ရှိ သံလွင်မြစ်




မြေပုံ(၈) မြန်မာ့တပ်မတော်၏စစ်ဆင်ရေးများနှင့် ဒုက္ခသည်များစီးဆင်းမှု

# ဖါပွန်ခရိုင်နှင့် သံလွင်မြစ် ထိန်းချုပ်နိုင်ရေးအတွက် စစ်အစိုးရ၏ နည်းပရိယာယ် (၁၉၉၂ ခုနှစ်မှ ယခုအထိ)

]၉၉၂ ခုနှစ်ကစပြီး မြန်မာ့တပ်မတော်သည် သံလွင်မြစ်ကမ်းဘေးနယ်မြေအပါအဝင် ဖါပွန်ခရိုင် တခုလုံး၏ နယ်မြေများအား ထိန်းချုပ်နိုင်ရေးအတွက် ခြေလှမ်းတလှမ်းပြီးမှတလှမ်း လှမ်းသည့် စစ်ရေးတိုက်ပွဲ နည်းပရိယာယ်ကို ကျင့်သုံးဆောင်ရွက်ခဲ့သည်။

## tqiqippa&;x;pprsm;
## e*;;ri;ppqia&;    (1991-92)

]၉၉၁–နှစ်ကုန်ပိုင်းမှစပြီး ၁၉၉၂–နှစ်ကုန်အထိ စစ်အစိုးရသည် ကေအဲန်ယူ၏ ဌာနချုပ် မာနယ်ပလောအား ထိန်းချုပ်နိုင်ရေးအတွက် ထိုးစစ်များပြုလုပ်ခဲ့ပါသည်။ မာနယ်ပလောသည် ၁၉၈၈ ခုနှစ် ရန်ကုန်စစ်အစိုးရအား ဆန့်ကျင်ရေး လူထုအုံကြွမှုအပြီး အတိုက်အခံ မဟာမိတ်အင်အားစုများအား လက်ခံထားရှိသည့် ဌာနချုပ်နေရာဖြစ်သည်။

ကေအဲန်ယူအစိုးရ (၁၉၉၃ ခုနှစ် နဂါးမင်းစစ်ဆင်ရေးနှင့်ပတ်သက်ပြီး Burma Issues မှ ဖေါ်ပြထားသည့်အတိုင်း) မာနယ်ပလောအား ထိုးစစ်ဆင်ရန်အတွက် စစ်အစိုးရသည် ၎င်း၏ တပ်အင်အား ၂၅၀၀၀ နှင့် အမေရိကန်ဒေါ်လာသန်းပေါင်းများစွာကို အသုံးပြုခဲ့သည်။ ဤထိုးစစ်တွင် ဖါပွန်ခရိုင်ရှေ့တန်း စစ်မျက်နှာနယ်မြေတွင်းရှိသည့် အရပ်သား (၆၀၀၀) ကျော်အား အဓမ္မ ပြောင်းရွှေ့စေခဲ့သည်။[၁၂] ဤရွှေ့ပြောင်းမှုမှာ ၁၉၉၂ ခုနှစ် ထိုးစစ်မတိုင်မီကာလအတွင်း ဖြစ်ပြီး ဖါပွန်အရှေ့ပိုင်းနယ်တွင်နေနိုင်ကြသည့် အရပ်သားလူထုများပြောင်းရွှေ့ခြင်းဖြစ်သည်။ စစ်အစိုးရသည် စစ်တပ်၏ ရိက္ခာထောက်ပံ့ရေး အထောက်အကူပြုလမ်းကြောင်းအတွက် ဖါပွန်နှင့်ခေါပူအား ဆက်သွယ်သည့်လမ်းတခုကို ဖောက်လုပ်တည်ဆောက်ခဲ့သည်။

စစ်တပ်မှ ပြောင်းရွှေ့ခိုင်းသည့်နေရာသို့ ရွာသူရွာသားများသည် သွားရောက်ပြောင်းရွှေ့နေထိုင်ခြင်း မပြုဘဲ၊ ပြည်တွင်းဒုက္ခသည် IDPs များအဖြစ် ခရိုင်အတွင်းရှိ တောတွင်း၌ ပုန်းအောင်း နေထိုင်ကြသည်။

---

[၁၂] ကရင်လူ့အခွင့်အရေးအဖွဲ့၊ နိုဝင်ဘာ ၁၃၊ ၁၉၉၂ ခု “မူတရော်ခရိုင်၏ လက်ရှိအခြေအနေ”

စိတ်ဝင်စားဖို့ကောင်းသည်မှာ ဤအချိန်၌ပင် တိုက်တိုက်ဆိုင်ဆိုင်စစ်အစိုးရသည် သံလွင်ရေကာတာ တည်ဆောက်ရေးအတွက် စီမံကိန်းများရေးဆွဲနေသည်ကို သိရခြင်းဖြစ်သည်။

၁၉၉၂ ခုနှစ်အတွင်း ခမရ(၄၈)တပ်မှူးခိုင်အောင်သည် ရွာသူရွာသားများအား ဆင့်ခေါ်ပြီး ယခုကဲ့သို့ ပြောခဲ့သည်။ "*ခင်ဗျားတို့အနေနဲ့ ကျွန်ုပ်တို့နှင့်အတူတကွ လက်တွဲဆောင်ရွက်ပါ။ ကျွန်တော်တို့မှာ ကျောက်ညှပ်တွင် (သံလွင်မြစ်အထက်ပိုင်း) ရေကာတာတည်ဆောက်မည်။ ခင်ဗျားတို့ကို လျှပ်စစ်မီး အလကားသုံးစွဲခွင့် ပေးမည်*"ဟု ဘူးသိုမြို့နယ်၊ ဆောဘွဲဒဲရွာသား တဦးအားတွေ့ တွေ့ဆုံမေးမြန်းရာတွင်ပြောပြသည်။

၁၉၉၂ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် မြန်မာ့တပ်မတော်သည် ကေအဲန်ယူ၏ "ခွေးအိပ်တောင်" တပ်စခန်းကို သိမ်းပိုက်နိုင်ခဲ့သည်။ ခွေးအိပ်တောင်စခန်းမှာ ဖါပွန်ခရိုင်အတွင်းရှိ တပ်စခန်းတခုဖြစ်ပြီး၊ မာနယ်ပလောအား အကာအကွယ်ပေးနေသည့် ကြားနယ်မြေ တပ်စခန်းဖြစ်သည်။ ခွေးအိပ်တောင် တပ်စခန်းကို သိမ်းပိုက်ပြီးနောက် စစ်အစိုးရသည် တပ်မတော်၏ ရိက္ခာများအားတိုက်ရိုက် သယ်ယူပို့ဆောင်နိုင်ရန်အတွက် စစ်တောင်းမြစ်မှနေ၍ ထိုင်း–မြန်မာ နယ်စပ် သံလွင်မြစ်ကမ်းဘေးရှိ စောထာ အထိ သယ်ယူပို့ဆောင်ရေးလမ်းကို ဖောက်လုပ်နိုင်ခဲ့သည်။

၁၉၉၂ ခုနှစ် အောက်တိုဘာလတွင် စစ်အစိုးရသည် ကေအဲန်ယူအပေါ် ပြုလုပ်ခဲ့သည့် ထိုးစစ်အား ရပ်ဆိုင်းလိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။ ဤကဲ့သို့ လုပ်ရသည့် ဖြစ်နိုင်ချေမှာ နိုင်ငံတကာ၏ ပြစ်တင်ဝေဖန်မှုကို တုန့်ပြန်သည့်သဘောကို ပြသလိုက်ခြင်းဖြစ်သည်။

၁၉၉၂ ခုနှစ် အကုန်ပိုင်းတွင် ယခုကဲ့သို့ အင်အားအလုံးအရင်းဖြင့် ပြုလုပ်ခဲ့သည့် ထိုးစစ်အား ရပ်ဆိုင်းလိုက်သော်လည်း စစ်အစိုးရသည် ကေအဲန်ယူအား ဖါပွန်ခရိုင် တောင်ပေါ်ဒေသတွင်း အသေးစားစစ်ဆင်မှုများဖြင့် ဆက်လက်ပြီး ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပါသေးသည်။

## rme , yavmusq;jci;

၁၉၉၅ ခုနှစ် ဇန္နဝါရီလတွင် စစ်အစိုးရသည် ကေအဲန်ယူအပေါ် နောက်ထပ်စစ်ဆင်မှုတခု ပြုလုပ်ခဲ့သည်။ မာနယ်ပလော၌ KNLA တပ်မတော်အတွင်း ပုန်ကန်မှု ဖြစ်ပေါ်လာပြီး ဘုန်းကြီးဦးသုဇနခေါင်းဆောင်သည့် ဒီမိုကရက်တစ်ကရင်ဗုဒ္ဓဘာသာအဖွဲ့နှင့် တပ်မတော် DKBO/DKBA ပေါ်ပေါက်ခဲ့သည်။ မြန်မာ့တပ်မတော်သည် DKBA ၏ အကူအညီဖြင့် နောက်ထပ်တဖန် ထိုးစစ်ဆင်ရာ မာနယ်ပလောအား သိမ်းပိုက်ရရှိလေသည်။ ၁၉၉၅ ခုနှစ် အတွင်း DKBA တပ်များက အဓမ္မပြောင်းရွှေ့မှုအသစ်တခု ပြုလုပ်ခဲ့သည်။ ဒွယ်လိုး မြို့နယ် အောက်ပိုင်းရှိ ရွာသူရွာသားများနှင့် ဘူးသိုမြို့နယ်အတွင်းရှိ ရွာအများအပြားကို “ကမမောင်း” အနီးရှိ DKBA၏ ဌာနချုပ်ဖြစ်သည့် “မြိုင်ကြီးငူ”သို့ ပြောင်းရွှေ့စေသည်။ ဤအဖြစ်အပျက် များကြောင့် ထိုင်းနိုင်ငံအတွင်းသို့ နောက်ထပ်ဒုက္ခသည် အသစ် ၁၅၀၀၀ ထွက်ပြေးရောက်ရှိ သွားကြသည်။ ဤသို့ဖြင့် ထိုင်း–မြန်မာနယ်စပ် သံလွင်မြစ်တလျှောက် နယ်မြေများသည် မြန်မာ့တပ်မတော်၏ ထိန်းချုပ်မှုအောက်သို့ လုံးဝကျရောက်သွားခဲ့ရသည်။

## 199&-cEp? atmijrijci;r&on typtcw&ypa&; aq;aE;yEi jyi;xeon ajrvepep en;y& , m , rsm;

၁၉၉၆ ခုနှစ် အကုန်ပိုင်းတွင် စစ်အစိုးရနှင့် ကေအဲန်ယူတို့၏ တွေ့ဆုံဆွေးနွေးပွဲသည် အောင်မြင်မှု မရဘဲ အဆုံးသတ်သွားပြီးနောက် စစ်အစိုးရသည် ၁၉၉၇ ခုနှစ် အစပိုင်းတွင် ကေအဲန်ယူ အပေါ် ပြင်းပြင်းထန်ထန် ကျယ်ကျယ်ပြန့်ပြန့် ထိုးစစ်ဆင်ခဲ့သည်။ စစ်အစိုးရတပ်များသည် ကေအဲန်ယူ မြောက်ပိုင်းခရိုင်များဖြစ်သည့် ဖါပွန်၊ ညောင်လေးပင်၊ သထုံနှင့် တောင်ငူ နယ်မြေများအတွင်း အပြင်းအထန် ထိုးစစ်ဆင်ပြီး ဤဒေသများအား အခိုင်အမာ ထိန်းချုပ်နိုင်ရန်အတွက် ကြိုးပမ်းခဲ့သည်။ ဤထိုးစစ်တွင် အဓိကအားဖြင့် လက်နက်ကိုင် အင်အားစုများထက် အရပ်သားလူထုများအပေါ် တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ ထိုးစစ်ကာလ အတွင်း ကျေးရွာလူထုများအပေါ် ရက်စက်စွာပြုကျင့်ခဲ့သည်။ ကျေးရွာလူထုများအား အဓမ္မ ရွှေ့ပြောင်းစေခြင်း၊ ခုခံရေး အင်အားစုကို ထောက်ခံသည်ဟု ယူဆရသည့် ရွာသားများအား ပြင်းထန်စွာ ညှင်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်သည်။ ဤထိုးစစ်နောက်ပိုင်းတွင် စစ်အစိုးရသည် ဖါပွန်ခရိုင်အတွင်း ၎င်းတို့စစ်တပ်ပိုမို၍ ချထားနိုင်ခဲ့သည်။ ဖါပွန်ခရိုင်အတွင်း နေရာအနှံ့ တပ်စခန်းများ ချထားလျှက်ရှိသည်။ ယင်းကြောင့် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်း များသို့ ဒုက္ခသည်များပိုမို၍ စီးဝင်ရောက်သွားကြသည်။



**သံလွင်မြစ်တကြောရှိ ကရင်ရွာသားအချို့**

၁၉၉၅–ခုနှစ်၊ ဇန္နဝါရီလတွင် နအဖ၏ထိုးစစ်ကြောင့် ထွက်ပြေးကြရရာမှ ၎င်းတို့ရိက္ခာအကူအညီများ ရယူနေသည့်ပုံဖြစ်သည်။ ၎င်းထိုးစစ်တွင် မာနယ်ပလောဌာနချုပ်စခန်းသည် နအဖလက်ထဲသို့ ကျဆုံးပြီး အထက်ပါရွာသားများလည်း မယ်ခေါ်ခါးဒုက္ခသည်စခန်းသို့ ထွက်ပြေးပြီးနေထိုင်ကြရသည်။

# pp t p;& \ wyrsm; w;jr§icsxm;vmaejci;

] ၉၉၂ ခုနှစ် မတိုင်မီက ဖါပွန်ခရိုင်တခုလုံးတွင်း စစ်အစိုးရ၏ တပ်စခန်းမှာ (၁၀)ခုသာရှိခဲ့သည်။ စစ်အစိုးရသည် နှစ်စဉ်နှစ်တိုင်း နွေရာသီထိုးစစ်ဆင်ရန်အတွက်ဆိုပြီး ဤနယ်မြေအတွင်းသို့ တပ်များကို တိုးပြီးစေလွှတ်လျှက်ရှိသည်။ စစ်အစိုးရတပ်များသည် ဖါပွန်မြို့နှင့် မြို့ပတ်ဝန်းကျင်တဝိုက်အား ထိန်းချုပ်ထားနိုင်ရေးအတွက် ဘီးလင်း–ဖါပွန်နှင့် ကမမောင်း–ဖါပွန် ကားလမ်းတလျှောက်တွင် ၎င်းတို့တပ်များကို ချထားလျှက်ရှိသည်။ မြောက်ပိုင်းမှာမူ "ဖွဲဂေါ်"တွင် တပ်စခန်းတခု ချထားပါသည်။ ဤတပ်စခန်းမှ တပ်များအတွက် ရိက္ခာများကို စစ်တောင်းမြစ်ဝှမ်းအပေါ်ရှိ ကျောက်ကြီးမြို့မှ သယ်ယူခဲ့သည်။

မြန်မာ့တပ်မတော်မှ ၁၉၉၂ ခု အောက်တိုဘာလနောက်ပိုင်း "စောထာ"ကို သိမ်းပိုက်လိုက်ပြီးနောက် ကျောက်ကြီးမြို့မှလာပြီး "ဖွဲဂေါ်"ကိုဖြတ်ကာ သံလွင်မြစ်ကမ်းဘေး "စောထာ" သို့ သွားသော လမ်းပေါ်တလျှောက် တပ်များချထားလေသည်။ ဤလမ်းကို "စောထာလမ်း" ဟုခေါ်ပြီး ဤကဲ့သို့တပ်များ တောက်လျှောက်ချထားခြင်းကြောင့် ကေအဲန်ယူနှင့် ရွာသူရွာသားများအဖို့ ဖါပွန်ခရိုင် တောင်ပိုင်းအရပ်မှနေပြီး မြောက်ပိုင်းအရပ်တို့မှတဆင့် တောင်ငူခရိုင်သို့သွားရန်အတွက် အလွန်ခက်ခဲစေသည်။ လမ်းဘေးတဖက်တချက်တွင်လည်း မြေမြှုပ်မိုင်းများ ချထားလျှက်ရှိသည်။ ဤလမ်းတလျှောက်တွင် စစ်အစိုးရတပ်များက အမြဲတစေကင်းလှည့်သွားလာလျှက်ရှိသည်။

ဖါပွန်ခရိုင်၏နယ်မြေသည် နအဖအစိုးရ၏ အရှေ့တောင်တိုင်းစစ်ဒေသအတွင်း တွင်ရှိသည်။ စစ်အစိုးရသည် အခြားနယ်မြေရှိ လူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိသောအခါ ယင်းဒေသများနှင့်စစ်ကိုင်းတိုင်းတို့မှ တပ်များကို ဖါပွန်ခရိုင် နယ်မြေအတွင်းစေလွှတ်ပြီး အားဖြည့်ခဲ့သည်။[၃၃]

၁၉၉၂ ခုနှစ်မှ ယခုအချိန်အထိ ဖါပွန်ခရိုင်တခုလုံးအတွင်း နအဖတပ်စခန်း (၁၀)နေရာရှိခဲ့ရာမှ ယခုဆိုလျှင် (၅၄)နေရာအထိ ရှိလာပြီးဖြစ်သည်။ *(အခြေအနေအသေးစိတ်အတွက် နောက်ဆက်တွဲ ၂ တွင် ကြည့်ပါ။)*

---

[၃၃] ကရင်လူ့အခွင့်အရေးအဖွဲ့။ မေလ ၂၀၀၁ ခု။ နအဖနှင့် DKBA များက ကျေးရွာသို့အမိန့်များ ပေးရာတွင် ဖါပွန်ခရိုင်ရှိ တပ်တတပ်သည် ကျေးရွာတခုလုံးသို့ အမိန့်စာတခုပေးရာ၌ ယင်းအမိန့်စာမှ ထိုတပ်သည် ကလေးမြို့၊ စစ်ကိုင်းတိုင်းမှဖြစ်သည်ကို ၎င်းတို့သုံးသည့် တံဆိပ်တုံးအရသိရှိရသည်။




မြေပုံ(၉) ၁၉၉၂–ခုနှစ်တွင် ဖါပွန်ခရိုင်အတွင်း မြန်မာ့တပ်မတော်တပ်ချသည့်နေရာများ




မြေပုံ(၁၀) ၂၀၀၄–ခုနှစ်တွင် ဖါပွန်ခရိုင်အတွင်း မြန်မာ့တပ်မတော်တပ်ချသည့်နေရာများ

စစ်အစိုးရ၏တပ်များ တိုးမြင့်ချထားလာနေခြင်း

# oyeqe'usia&;vy&m;ru ta&;,aqmi&ujci;

၁၉၉၇ ခုနှစ် ကာလက နအဖသည် ထိုးစစ်ဖြင့် ၎င်းတို့ရှင်းလင်းထားပြီးသားနယ်မြေဖြစ်သည့် ဖါပွန်နောက်ပိုင်းဒေသ၊ ဒွယ်လိုးမြို့နယ်ထဲ၌ ၎င်းတို့၏ တပ်စခန်းများကို အဓိကချထားခဲ့သည်။ ဤနယ်မြေသည် သေနင်္ဂဗျူဟာအရ ၎င်းတို့၏အတွက် အလွန်အရေးကြီးပါသည်။ အကြောင်းမှုကား ၁၉၉၅ ခုနှစ် နောက်ပိုင်းတွင် ဌာနချုပ်များ ထားရှိလာသောကြောင့် ဖြစ်သည်။ ထို့ကြောင့် နအဖအစိုးရသည် ၁၉၉၇ ခုနှစ် အစောပိုင်းကစပြီး “ရေလှိုင်းစစ်ဆင်ရေး” အမည်ဖြင့် ဤနယ်မြေများကို စတင်ထိုးစစ်ဆင်ခဲ့သည်။ ဤစစ်ဆင်ရေး၏ ပထမရည်ရွယ်ချက်မှာ ဤနယ်မြေအား ရှင်းလင်းသွားရန်နှင့် ဒုတိယရည်ရွယ်ချက်မှာ ရိက္ခာသယ်ယူပို့ဆောင်ရေးလမ်းကြောင်း၏ လုံခြုံရေးအတွက် တပ်စခန်းအသစ်များ ချထားရန်ဖြစ်သည်။ ဤနယ်အတွင်းရှိသည့် ပြည်သူလူထုကို ပြင်းထန်သည့် မြေလှန်စနစ်ကို ကျင့်သုံးကာ စစ်တပ်၏ တင်းကျပ်သည့် ထိန်းချုပ်မှုအောက်တွင် ထားရှိလျှက်ရှိသည်။

စစ်အစိုးရသည် ဤသူပုန်ဆန့်ကျင်ရေးနည်းပရိယာယ်များကို ကရင်ဒေသ၌ နောက်ပိုင်းနှစ်များတွင်လည်း ဆက်လက်ကျင့်သုံးလျှက်ရှိသည်။

*“နအဖ၏ ယခုလက်ငင်းပေါ်လစီမှာ ကျေးလက်ဒေသအားလုံးကို စစ်တပ်၏ တိုက်ရိုက်ထိန်းချုပ်မှုအောက်တွင် ထားရှိရန်ဖြစ်သည်။ ဤပေါ်လစီအရ ကရင်နယ်မြေများအတွင်း စစ်တပ် စခန်းများ ချထားရန်ဖြစ်ပြီး အလှမ်းဝေးသည့် ကျေးရွာများကို အဓမ္မပြောင်းရွှေ့စေသည်။ ၎င်းနောက် စစ်သားများသည် ဤပြောင်းရွှေ့ကျေးရွာများကို ကြိုက်သလို ဖျက်ဆီးကြလေတော့သည်။”*

ကရင်လူ့အခွင့်အရေးအဖွဲ့၏ “ဝေ်မွတ်ခြင်းနှင့် အသက်ရှင် ရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှားမှု” ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ)

ရွာသူရွာသားများအား အဓမ္မရွှေ့ပြောင်းစေခြင်းပြုလုပ်ပြီးနောက် နအဖတပ်များသည် ပြည်တွင်းဒုက္ခသည်များကို ရှင်းပစ်ရန်အတွက် ကျေးရွာဟောင်းနေရာများကို မှန်မှန်ကင်းလှည့်လျှက်ရှိသည်။ ပုန်းအောင်းနေသော ပြည်တွင်းဒုက္ခသည် IDPs များကို တွေ့ရှိပါက တွေ့သည့်နေရာ၌ပင် ပစ်သတ်လိုက်ကြသည်။ စိုက်ပျိုးသီးနှံပင်များကိုလည်း လိုက်လံဖျက်ဆီးသည်။

၁၉၉၉ ခုနှစ်က ဖါပွန်နယ်မြေသို့ တပ်ရင်းအသစ် (၈)ရင်း စေလွှတ်ခဲ့သည်။ ၎င်းတို့မှာ ကေအဲန်ယူ တပ်မဟာ(၅)နှင့် အဆက်အသွယ်ရှိသည်ဟု သင်္ကာမကင်းခြင်းခံရသည့် ကျေးရွာများအား လိုက်လံဖျက်ဆီးရန် တာဝန်ပေးအပ်ခြင်းခံရသည်။

ဓါတ်ပုံ– ကရင့်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးရုံးအဖွဲ့ (KORD,2003)





## သေမင်းတမန်လမ်း

ကရင်ပြည်တွင်းဒုက္ခသည်(IDPs)တစု ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ရိက္ခာများလာရောက်ဝယ်ယူကြပြီး ပြန်သွားသည့်ပုံဖြစ်သည်။ ၎င်းတို့သည် ဖါပွန်မြောက်ပိုင်းနယ်မြေတွင် ပုန်းအောင်းနေထိုင်ကြသည်။ ဤအပြန်လမ်းသည် စောထာလမ်းကို ဖြတ်ရပြီး KNLA ကင်းလှည့်တပ်ဖွဲ့မှ ၎င်းတို့အတွက် လုံခြုံရေးတာဝန်ယူပေးသည်။




မြေပုံ(၁၁) ၁၉၉၂–ခုနှစ် မတိုင်မီ ဖါပွန်ခရိုင်အတွင်းရှိကျေးရွာများပြမြေပုံ




မြေပုံ(၁၂) ၂၀၀၄–ခုနှစ် ဖါပွန်ခရိုင်အတွင်း ကျန်ရှိသည့်ကျေးရွာများပြမြေပုံ

၁၉၉၉ ခုနှစ် အောက်တိုဘာလ (၂၃) ရက်နေ့က DVB ဒီမိုကရက်တစ်မြန်မာ့အသံမှ ယခုကဲ့သို့ အသံလွှင့်ထုတ်ပြန်ကြေညာခဲ့သည်။

*"အရှေ့တောင်တိုင်း စစ်ဌာနချုပ်အမိန့်အရ ဤစစ်ဆင်ရေး၏ ရည်ရွယ်ချက်မှာ ဖါပွန်ခရိုင် KNLA တပ်မဟာ(၅)၏ အုပ်ချုပ်မှုအောက်ရှိ ကျေးရွာများကို ဖျက်ဆီးပစ်ရန်ဖြစ်သည်။ ဤကျေးရွာများသည် ကေအဲန်ယူနှင့် အဆက်အသွယ်ရှိကြပြီး ကေအဲန်ယူကို ထောက်ခံအားပေးသူများဖြစ်ကြသည်။"*

# t "rajymi;a½ae&mcsxm;rrsm;

Wခုအချိန်တွင် ဖါပွန်ခရိုင်အတွင်း အဓမ္မပြောင်းရွှေ့နေချထားသည့် နေရာအားလုံး (၃၁) နေရာရှိသည်။ ဤသည်မှာ ၁၉၉၁ ခုနှစ်ကစပြီး နအဖစစ်တပ်က နေရာ သတ်မှတ်ပြီး ရွှေ့ပြောင်းစေခဲ့ခြင်းဖြစ်သည်။[၃၄]

ရွှေ့ပြောင်းရန်သတ်မှတ်သည့်နေရာမှာ ရှိပြီးသားရွာများသာ ဖြစ်လေ့ရှိသည်။ ဤရွာများတွင် ရှိကြသည့်ရွာခံများကို နောက်ထပ်အသစ်လာရောက်နေထိုင်ကြသူများအတွက် ၎င်းတို့၏ မြေယာပေါ်တွင် နေထိုင်ခွင့်ပြုရန် စစ်တပ်မှအတင်းအကြပ် သဘောတူခိုင်းသည်။ နအဖတပ်များသည် ရွှေ့ပြောင်းနေထိုင်လာကြသည့် ရွာသူရွာသားများကို ရိက္ခာနှင့်တကွ အခြားလိုအပ်သည့် ပစ္စည်းများအား ထောက်ပံ့ခြင်းမပြုပေ။

ဖါပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်အတွင်း ၁၉၉၇ ခုနှစ်တွင် စစ်ဆင်ရေး၏ အစိတ်အပိုင်းတခုအဖြစ် နအဖတပ်များက ကျေးရွာ(၂၄)ရွာကို အဓမ္မရွှေ့ပြောင်းစေသည်။ ဤစစ်တပ်များသည် ကေအဲန်ယူ၏ တောင်ပိုင်းတပ်မဟာ(၄)နှင့် တပ်မဟာ(၆)နယ်မြေများကိုပါ တပြိုင်နက်ထိုးစစ်ဆင် တိုက်ခိုက်သည့် စစ်ဆင်ရေးဖြစ်သည်။ ဒွယ်လိုးမြို့နယ်အတွင်း သွားရောက်ရွှေ့ပြောင်းနေထိုင်ကြရသည့် ရွာများမှာ ရှိပြီးသားကျေးရွာများဖြစ်သည့် မဲဝိုင်၊ မယ်ညုထာ၊ ဝေါ်မူ နှင့် အူးသူထာ ရွာများ ဖြစ်ကြသည်။

အချို့ရွာသူရွာသားများမှာ စေခိုင်းသည့်အတိုင်း သတ်မှတ်ထားသည့် ကျေးရွာများသို့ သွားရောက်ပြောင်းရွှေ့နေထိုင်ခြင်းမပြုဘဲ တောတွင်း၌သာ ပြည်တွင်းဒုက္ခသည် IDPs အဖြစ် ပုန်းအောင်းနေထိုင်ကြသည်။ အချို့မှာမူ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ ထွက်ပြေးရောက်ရှိသွားကြသည်။ နအဖတပ်များအား ပြောင်းရွှေ့နေရာချထားသည့် ကျေးရွာအနီး

[၃၄] ဖါပွန်ခရိုင် ကရင့်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေး ရုံးအဖွဲ့မှ ၂၀၀၄ ခုနှစ် ပေးသည့် သတင်း။

အနားတွင် တိုး၍တိုး၍ နေရာချထားလာနေခြင်းသည် အထိန်းအကွပ်မဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။ စစ်တပ်အနေဖြင့် စုစည်းထားသည့် ရွာသူရွာသားများ အပေါ် အနိုင်ကျင့်စော်ကားမှုများ ပြုလုပ်ကြပြီး ရွာသူရွာသားများအား "ညမထွက်ရ အမိန့် များ"ကိုထုတ်ပြန်သည်။ လုပ်ကိုင် စားသောက်ရန်အတွက် ကျေးရွာပြင်ပသွားလာမှုအပေါ် ချုပ်ချယ်ကန့်သတ်မှုများပြုလုပ်သည်။ ရွာသူရွာသားများသည် ရွာအပြင်ပသို့ အလုပ်သွား လုပ်ရန်အတွက် အပြင်ထွက်ခွင့် လက်မှတ်များ တောင်းယူကြရသည်။

အထူးသဖြင့် ၁၉၉၈ ခုနှစ်တွင် နအဖ စစ်အစိုးရသည် ၎င်းတို့၏ တပ်များအပေါ် ကိုယ်ထူ ကိုယ်ထ စနစ်သစ် သေနင်္ဂဗျူဟာကို ချမှတ်လာသည့်အခါ တပ်များသည် အရပ်သားလူထု အပေါ် ပိုမိုပြီး အနိုင်ကျင့်စော်ကားမှုများဖြစ်ပွားလာသည်။ ၎င်းတို့စားသောက်ရန်ရိက္ခာကို ကိုယ်တိုင် စိုက်ပျိုးကြရသည့်အခါ ရွာသူရွာသားများအား အဓမ္မခိုင်းစေပြီး စိုက်ပျိုးစေသည်။ စစ်တပ်မှ အတင်းအဓမ္မခိုင်းစေမှုများ၊ အရပ်သားလူထု၏ လယ်ယာမြေများအား မတရား သိမ်းပိုက်မှုများ ပေါ်ပေါက်လာသည်။ စစ်တပ်သည် ငွေ၊ စားနပ်ရိက္ခာနှင့် လိုအပ်သည့်အခြား ရုပ်ဝတ္ထုပစ္စည်းများကို အရပ်သားပြည်သူများထံ အဓမ္မပြုခြိမ်းခြောက်ကာ လုယက်ယူငင်မှုများ ဖြစ်ပေါ်လာသည်။

## ဇယား (၃) ဖါပွန်ခရိုင်အတွင်းလက်ရှိအချိန်တွင်ပြောင်းရွှေ့နေရာချထားမှုများ

| အမှတ်စဉ် | ပြောင်းရွှေ့နေရာချထားသည့်ကျေးရွာ | ကျေးရွာအုပ်စု | မြို့နယ် |
|---|---|---|---|
| **ဖါပွန်မြို့အနီးအနားတဝိုက်ပြောင်းရွှေ့နေရာချထားမှုများ** | | | |
| ၁ | တာဒိုထာ | ဘောသေထာ | လူသော |
| ၂ | ကလောထာ | ကလောထာ | လူသော |
| ၃ | တိုသေဖူး | ကလောထာ | လူသော |
| ၄ | တဖိုးဖူး | မယ်ကလောင်း | ဘူးသို |
| ၅ | ဝိန်မွန် | မယ်ကလောင်း | ဘူးသို |
| ၆ | ဝိန်စန်း | မယ်ကလောင်း | ဘူးသို |
| ၇ | ထီးသဗလူထာ | ထီးသဗလူထာ | ဒွယ်လိုး |
| ၈ | ဘော်သိုးထာ | ထီးသဗလူထာ | ဒွယ်လိုး |
| ၉ | မထော် | မထော် | ဒွယ်လိုး |
| ၁၀ | မယ်ညှုထာ | မယ်ညှုထာ | ဘူးသို |
| ၁၁ | မယ်ခူးထာ | မယ်ခူ | ဘူးသို |

## ယွန်းစလင်းမြစ်ဝှမ်းဒေသ(မကမောင်း)

| | | | |
|---|---|---|---|
| ၁၂ | မယ်မွဲထာ | မယ်မွဲ | ဘူးသို |
| ၁၃ | ဖွေးထောရှိ | ကဒိုင်တိ | ဒွယ်လိုး |
| ၁၄ | ဘောကျိုလယ် | ကဒိုင်တိ | ဒွယ်လိုး |
| ၁၅ | လေဖိုးထာ | လေဖိုးထာ | ဒွယ်လိုး |
| ၁၆ | ပလုံ | ကဒိုင်တိ | ဒွယ်လိုး |
| ၁၇ | နို့ဖေါထိ | ကဒိုင်တိ | ဒွယ်လိုး |
| ၁၈ | သာဂေါ်ပလေး | လယ်ဖိုးထာ | ဒွယ်လိုး |
| ၁၉ | ဝေါ်တာမို | လယ်ဖိုးထာ | ဒွယ်လိုး |

## ဘီးလင်းမြစ်ဝှမ်းတလျှောက်

| | | | |
|---|---|---|---|
| ၂၀ | လေးခေါ်ထိ | လေးခေါ်ထိ | ဒွယ်လိုး |
| ၂၁ | ဖွာဝေထာ | လေးခေါ်ထိ | ဒွယ်လိုး |
| ၂၂ | မဲဝိုင် | မဲဝိုင် | ဒွယ်လိုး |
| ၂၃ | ခူသူထာ | ခူသူထာ | ဒွယ်လိုး |
| ၂၄ | မယ်ချို | မယ်ချို | ဒွယ်လိုး |
| ၂၅ | မလေးလယ် | မလေးလယ် | ဒွယ်လိုး |
| ၂၆ | ကွီးတမတ် | မယ်ချို | ဒွယ်လိုး |
| ၂၇ | ဝေါ်မူ | ဝေါ်မူ | ဒွယ်လိုး |

## သံလွင်မြစ်ဝှမ်းတလျှောက်

| | | | |
|---|---|---|---|
| ၂၈ | တကော်ထာ | ကော်လူဒဲ | လူသော |
| ၂၉ | သီးမူထာ | ပန်ဟိုက် | လူသော |
| ၃၀ | ခေါပူ | ခေါပူ | ဘူးသို |
| ၃၁ | ဖေါထာ | ခေါပူ | ဘူးသို |

**စုစုပေါင်း (၃၁)နေရာဖြစ်သည်။**




မြေပုံ(၁၃) ၂၀၀၄-ခုနှစ် ဖါပွန်ခရိုင်အတွင်း သတ်မှတ်ထားသည့် စုစည်းရွာများ

## စစ်အစိုးရ၏တပ်များ တိုးမြှင့်ချထားလာနေခြင်း

# t"rapci;rrsm;

နအဖစစ်အစိုးရ ကိုယ်၌က အဓမ္မစေခိုင်းမှုကို အမှီသဟဲပြုပြီး ၎င်း၏တပ်များနှင့် စစ်တပ်များ လိုအပ်သည့် အခြေခံအဆောက်အအုံကို ထိန်းသိမ်းထားနေရသည်။ ဖါပွန်ခရိုင်တွင် လမ်းမနှင့် နီးသည့် ရွာသားများက လမ်းများအားပြင်ကြရန် အဓမ္မခိုင်းစေခြင်းခံရသည်။ ဖါပွန်ခရိုင်အတွင်းရှိ လမ်းအားလုံးမှာ မြေလမ်းများသာဖြစ်သည်။ နွေအခါတွင် ဖုံတထောင်းထောင်းနှင့်ဖြစ်ပြီး မိုးရာသီတွင် ရွှံ့ဗွက်ဖြစ်နေပါသည်။ ထို့ကြောင့် ရာသီဥတုအပြောင်းအလဲရှိတိုင်း လမ်းများကို ပြင်ကြရသည်။ ထိုအခါများတွင် အနီးအနားတဝိုက်ရှိ ရွာသူရွာသားများကိုသာ အမိန့်ထုတ်ပြီး ပြင်ခိုင်းသည်။ နအဖစစ်အစိုးရသည် သက္ကရာဇ် ၂၀၀၀ ခုနှစ်က အဓမ္မစေခိုင်းမှု အားလုံးကို ရပ်ဆိုင်းထားလိုက်ပြီးဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သော်လည်း ဒေသအားလုံးလိုလို၌မူ ရွာသူရွာသားများအား အဓမ္မစေခိုင်းမှုများ ဆက်လက်ပြုလုပ်ကြပါသည်။

နအဖတပ်ပြေးတယောက်က ၂၀၀၁ ခုနှစ်၌ ကရင်ပြည်နယ်အတွင်းရှိ နအဖ စစ်ဆင်ရေးမှူးတယောက်၏ ပြောဆိုသည့်စကားကို ယခုကဲ့သို့ ပြန်လည်ပြောပြခဲ့ပါသည်။ *"ကျုပ်ကတော့ ဒီဒေသမှာ အဓမ္မအလုပ်စေခိုင်းတာကို အသုံးပြုဦးမှာဘဲ"* ဟူ၏။ (တင့်လွင်၊ ဒုတပ်ကြပ် KNU-KHRG ထံသို့ထွက်ပြေးလာသူ။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ "ငတ်မွတ်ခြင်းနှင့် အသက်ရှင်ရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှားမှု" ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ)

နအဖတပ်များသည် ၎င်းတို့၏အရေအတွက်များလာလေလေ ရပ်ရွာလူထုအပေါ် အဓမ္မစေခိုင်းမှုများ တိုးလာလေလေဖြစ်သည်။ အထူးအဖြင့် စစ်တပ်ဝင်းအတွင်း စစ်သားများ နေထိုင်သည့် စစ်တန်းလျားများကို ထိန်းသိမ်းခြင်း၊ တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ကျေးရွာလူထုများကသာ လုပ်ပေးနေကြရသည်။ စစ်တပ်မှခိုင်းစေသည့် အလုပ်များကိုသာ လုပ်ပေးနေကြရသဖြင့် ကျေးရွာလူထုသည် ၎င်းတို့၏ စားဝတ်နေရေးအတွက် ကိုယ်ပိုင် လယ်ယာ (တောင်ယာ)လုပ်ငန်းများကို မလုပ်နိုင်တော့ဘဲ ဖြစ်နေကြသည်။

အသက် ၆၀ အရွယ်ရှိ ဒွယ်လိုးမြို့နယ်အတွင်း ကျေးရွာလူကြီးတဦးဖြစ်သူ "စောသီအုး"က ယခုလို ပြောပြပါသည်။ *"ဘာအကူအညီမှမရှိပါဘူး။ သူတို့က လူထုတွေကို မောင်းထုတ်ပြီးနောက် စစ်သားတွေအတွက် ကျနော်တို့က အိမ်ဆောက်ပေးရတယ်။ ခြံဝင်းတွေကို ကာပေးရတယ်။ လုပ်အားပေးသွားကြရတယ်။ ပြည်သူလူထုတွေက အခုလို လုပ်အားပေးနေရလို့ ၎င်းတို့၏ တောင်ယာခင်းတွေကိုတောင် အလုပ်သွားလုပ်ဖို့ အချိန်မရှိတော့ပါ။ ဒီနှစ်ဆိုရင် ဘယ်ကမှဝမ်းစာစပါးမှ မရကြပါဘူး"* (ကရင်လူ့အခွင့်အရေးအဖွဲ့၏ "ငတ်မွတ်ခြင်းနှင့် အသက်ရှင် ရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှားမှု" ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ)

ကေအဲန်ယူနှင့် နအဖအကြား အပစ်အခတ်ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ရှိနေသော်လည်း ရွာသားများအား အခမဲ့စေခိုင်းမှုများမှာ ၂၀၀၄ ခုနှစ်အထိ ဆက်လက်ရှိနေဆဲဖြစ်သည်။ ကေအဲန်ယူ ပြန်ကြားရေးဌာန၏ ၁၅/၁/၀၄ ရက်စွဲဖြင့် အစီရင်ခံချက်အရ နအဖတပ် ခလရ (၃၆) တပ်ရင်းမှူးဇော်ဇော်နိုင်သည် ဒွယ်လိုးမြို့နယ်အတွင်းရှိ ကျေးရွာအတော်များများအား အခမဲ့ခိုင်းစေနေကြောင်း၊ ထီးလော်သိထာ ရွာသားများအား ဝါးအချောင်း ၃၀၀၊ နိုဘောရွာသား ဝါးအချောင်း ၅၀၊ ဝသိုးကလာရွာသားများအား ဝါးအချောင်း ၅၀ စသဖြင့်ခုတ်ကာ ၎င်းတို့ထံလာပို့ကြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ (ဤဝါးချောင်းများသည် တပ်စခန်းကို စည်းရိုးကာရန်အတွက်ဖြစ်သည်။)

## viyi;qi&m t lur;zurrsm;

နအဖတပ်များစခန်းချသည့် နေရာဒေသအတွင်းစစ်တပ်မှ ကင်းလှည့်ရာတွင် အမျိုးသမီးများအား မုဒိမ်းကျင့်သည့်သတင်းများကို မကြာခဏ ကြားနေရသည်။ ကရင်အမျိုးသမီးအစည်းအရုံး KWOမှ မကြာသေးမီက ထုတ်ဝေခဲ့သည့် "ဆိတ်ငြိမ်မှုကို ဖြိုခွင်းခြင်း"[၁၅] စာအုပ်ထဲတွင် နအဖတပ်များက ကရင်ပြည်နယ်ထဲတွင် အမျိုးသမီးများအပေါ် ကာမအကြမ်းဖက်မှု (၁၂၅)မှု ကျူးလွန်ခဲ့ကြောင်း မှတ်တမ်းတင် အစီရင်ခံထားသည်။ ဤမှတ်တမ်းစာအုပ်အရ နအဖ စစ်အစိုးရ၏ လက်အောက်တွင်အမျိုးသမီးများ၏ဘဝမှာ လုံခြုံမှု မရှိကြောင်း ဖော်ထုတ်ဖွင့်ချခြင်းဖြစ်သည်။

ဖါပွန်ဒေသအတွင်း ၁၉၉၉ ခုနှစ်က မဲပိုင်ရွှေ့ပြောင်းရွာ၌ အမှု (၂)မှုဖြစ်ပွားခဲ့သည်။ ဤအမှုမှာ မတ်လ(၂)ရက်နေ့တွင် ခမရ(၄၃၄) မှ တပ်ရင်းမှူးအောင်ဝင်းနှင့် ၎င်း၏အပေါင်းအပါ စစ်ကြောင်းမှူးကျော်ခင်တို့သည် (၁၆)နှစ်အရွယ် မိန်းကလေးတဦးကို ထိုးမယ်ခီးရွာ လမ်းဘေးတွင် (မဲပိုင်ရွှေ့ပြောင်းရွာမှ ၁၅–မိနစ် ခရီးရှိသည်) မုဒိန်းကျင့်ကြသည်။ အဆိုပါ အရာရှိ (၂)ဦးသည် ဧပြီလ (၄)ရက်နေ့တွင်လည်း ထိုနေရာ၌ပင် (၂၁)နှစ်အရွယ် အမျိုးသမီး တဦးကို ထပ်မံ၍ မုဒိမ်းကျင့်ပြန်သည်ဟု သိရှိရသည်။ သို့ရာတွင် ပြစ်မှုကျူးလွန်သူ ဤမုဒိမ်းကောင် (၂)ဦးအား အပြစ်ပေးအရေးယူကြောင်း ကြားသိရခြင်းမရှိပါချေ။

ဖါပွန်ခရိုင်အနောက်ဘက်ဒေသများတွင်လည်း ၂၀၀၂ ခုနှစ်အတွင်း နအဖတပ် ထိန်းချုပ်ထားသည့် ကျေးရွာတရွာတွင် နအဖအရာရှိတဦးသည် အသက်(၅၀)အရွယ် အမျိုးသမီးတဦးအား မုဒိမ်းကျင့်ခဲ့သည်။

[၁၅] ကရင်အမျိုးသမီးအစည်းအရုံး၊ ဧပြီ ၂၀၀၄ ခု၊ "ဆိတ်ငြိမ်မှုကို ဖြိုခွင်းခြင်း"

## jynwi;'uonrsm; (IDPs)

ရွာသားအများစုမှာ ရွှေ့ပြောင်းစခန်းသို့ သွားရောက်နေထိုင်လိုခြင်းမရှိပါ။ ထိုနည်းတူစွာ အနာဂတ် ရေရာမှုမရှိသည့် ထိုင်းနိုင်ငံဒုက္ခသည်စခန်းများသို့လည်း သွားရောက်နေထိုင်ခြင်း မပြုလိုကြပါ။ ယင်းကြောင့် ၎င်းတို့သည် ပြည်တွင်းဒုက္ခသည်များ IDPs များအဖြစ် ပုန်းလျှိုးကွယ်လျှိုး နေထိုင်ကြသည်။ တခါတရံ ၎င်းတို့ပုန်းကွယ်နေထိုင်သည့်နေရာမှာ ၎င်းတို့ နေထိုင်သည့်ရွာများနှင့် သိပ်မဝေးလှပေ။ သို့ဖြင့် လိုအပ်သလို လုံခြုံမှုအခြေအနေပေးအပ်ပါက ရွာတွင်းသို့ခိုးပြန်ခြင်းများ ပြုလုပ်နိုင်သည်။

၎င်း IDPs ရွာသားများသည် လယ်ယာစိုက်ပျိုးမှုဖြင့်သာ အသက်မွေးဝမ်းကျောင်းကြသည်။ ထို့ကြောင့် ၎င်းတို့လုံခြုံမှုအနေအထားရှိတိုင်း စိုက်ပျိုးရေးအလုပ်ကို လုပ်ကြရသည်။ နအဖတပ်များက ၎င်းတို့ကို တွေ့ရှိပါက အချိန်မရွေးအကြမ်းဖက်သတ်ဖြတ်ခံရနိုင်သောကြောင့် အစဉ်အမြဲ စိုးရိမ်နေကြရသည်။

၎င်းတို့သည် လူအုပ်ကြီးအဖြစ် စုနေ၍မရကြပါ။ စားရေးသောက်ရေးအတွက် ရိက္ခာမရနိုင်ခြင်းကြောင့်နှင့် အသက်လုံခြုံရေးကြောင့်ဖြစ်သည်။

*"ကျွန်တော်တို့ ထွက်ပြေးတိမ်းရှောင်တဲ့အခါ ရှိသမျှ ကြက်တွေ၊ ခွေးတွေကို သတ်ပစ်လိုက်ရတယ်။ အသံဗလံများ မထွက်အောင်လုပ်တာဖြစ်တယ်။"* ပန်ဟိုက်ကျေးရွာအုပ်စုမှ IDPs တဦးအား ၂၀၀၃ ခုနှစ် စက်တင်ဘာလအတွင်း တွေ့ဆုံမေးမြန်းခြင်း ဖြစ်သည်။

ကေအဲန်ယူအုပ်ချုပ်ရေးမှ ဖေါ်ပြသည့်ကိန်းဂဏန်းအရ ဖါပွန်ခရိုင်ဒေသတွင် လူဦးရေ (၅၄၀၀၀) ရှိသည့် ရွာပေါင်း (၃၉၂)ရွာကို ရွှေ့ပြောင်းနေရာချထားရာတွင် ၎င်းတို့အထဲမှ ယခု IDPs ဦးရေ (၃၅၀၀၀)[၁၆] ခန့်ရှိသည်။[၁၇]

---

[၁၆] ကရင်ဌာနေအိုးအိမ်ပျက်စီးသူများကော်မတီ CIDKPမှ သံလွင်ရေကာတာဆိုင်ရာနှီးနှောပွဲတွင်တင်ပြသည့် ကိန်းဂဏန်း။

[၁၇] ကရင်အမျိုးသားအစည်းအရုံး (KNU) ဖါပွန်ခရိုင်အုပ်ချုပ်ရေးမှထုတ်ပေးသည့် ၂၀၀၃ ခုနှစ်အတွက် ခန့်မှန်းခြေ ကိန်းဂဏန်း။

## t us0;csk;p&iowjzwrrsm;

နအဖစစ်တပ်များသည် IDPs များနှင့် ပက်ပင်းတိုးမိပါက ၎င်းတို့သည် တွေ့ရှိသည့်နေရာတွင်ပင် အရမ်းပတမ်း ပစ်ခတ်သတ်ဖြတ်လေတော့သည်။ IDPs များနေထိုင်သည့်နေရာ၊ ပစ္စည်းဥစ္စာနှင့် စားနပ်ရိက္ခာ အားလုံးတို့ကို ဖျက်ဆီးလိုက်ကြသည်။ ဖါပွန်ခရိုင် လူသောမြို့နယ်အတွင်းရှိ IDPs တဦး၏ ပြောပြချက်အရ –

*“လွန်ခဲ့တဲ့ တနှစ်၊ နှစ်နှစ်တုန်းက ရန်သူ*[၁၈]*(နအဖတပ်)က ကျနော်တို့ရွာထဲ ရောက်လာခဲ့တယ်။ သူတို့ ရွာထဲမှာနေစဉ် ကျနော်တို့ရဲ့ကြက်တွေ၊ အခြားအိမ်မွေးတိရိစ္ဆာန်တွေကို ကြိုက်သလို သတ်ဖြတ် စားသောက်ကြသည်။ ဆန်စပါး ရိက္ခာတွေကိုလည်း ဖျက်ဆီးကြတယ်။ ဒါတင်မက သူတို့တွေ့တဲ့ ရွာသားနှစ်ဦးကိုလည်း ဒါဏ်ရာရစေတယ်”* (ဟီဖိုးဒဲရွာသား၊ လူသောမြို့နယ် စက်တင်ဘာ ၂၀၀၃ ခု)

ဖါပွန်ခရိုင်၊ လူသောမြို့နယ်အတွင်းတွင် ရွာသားအားလုံးလိုလိုမှာ နအဖတပ်များ မတွေ့အောင် ပုန်းအောင်းနေထိုင်ကြရသည်။ နအဖတပ်၏ လက်ချက်ကြောင့် ရွာသားအများအပြား သေဆုံး ဒါဏ်ရာရကြပါသည်။ ၁၉၉၇ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်အကြား စာရင်းမှတ်တမ်းများအရ နအဖတပ်ကြောင့် ရွာသား (၉၈)ယောက် (ယောကျ်ား ၈၃–ယောက်၊ မိန်းမ ၁၅–ယောက်) သေဆုံးပြီး (၃၇)ယောက် (ယောကျ်ား ၂၆–ယောက်၊ မိန်းမ ၁၁–ယောက်) ဒဏ်ရာရရှိခဲ့ကြသည်။ ဤရွာ၌မွေးဖွားပြီး ဤရွာ၌သာ တသက်လုံးနေထိုင်လာခဲ့သည့် တနေ့လုပ်မှ တနေ့စားကြရသော ရွာသားများမှာ စစ်အစိုးရက ၎င်းတို့အား ယခုကဲ့သို့ တိုက်ခိုက်ညှင်းပန်း နှိပ်စက်နေသည်ကို နားမလည်နိုင်ဘဲဖြစ်နေကြသည်။[၁၉]

လူသောမြို့နယ်အတွင်းရှိ အမျိုးသမီးကြီးတဦး၏ ကလေးတယောက်ကို နအဖတပ်မှ ပစ်သတ်သွားသည်။ သူမသည် IDPs အဖြစ် ပုန်းအောင်းလျှက် နေထိုင်နေရသည်။ ထိုအမျိုးသမီးကြီးသည် ယခုကဲ့သို့ ငြီးငြူပြီးပြောဆိုပါသည်။

---

[၁၈] ကရင်အမျိုးသားအစည်းအရုံး၏ မြောက်ပိုင်းဒေသရှိ ရွာသားများက “နအဖ”တပ်များကို “ရန်သူ” ဟုခေါ်ပြီး ကရင်အမျိုးသားအစည်းအရုံးအာဏာပိုင်များအား ၎င်းတို့၏ ခေါင်းဆောင်များအဖြစ်နှင့် ကရင်အမျိုးသားအစည်းအရုံးတပ်သားများကိုမူ ကရင်စစ်သားများအဖြစ် သဘောထားခေါ်ဝေါ်ကြသည်။

[၁၉] ကရင်မြစ်ချောင်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ၂၀၀၃ ခုနှစ် လူသောမြို့နယ်သို့ ကွင်းဆင်းလေ့လာသုတေသနပြုရာမှ ဤမှတ်တမ်းများကို ရရှိခြင်းဖြစ်သည်။

*"ကျမတို့မှာ ဘာလက်နက်မှမရှိပါဘူး။ သူတို့ကိုလည်း ကျမတို့က ဆန့်ကျင်နေတာမဟုတ်ဘူး။ ကိုယ့်ဟာကိုယ် ကိုယ့်အရပ်ဒေသမှာ တောင်ယာလုပ်စားနေတာပါဘဲ။ ကျမစဉ်းစားလိုက်ရင် အခုလိုသူတို့က ကျမ ကလေးကို ပစ်သတ်သွားတာဟာ မတရားပါဘူး"*

(လူသောမြို့နယ်အတွင်းမှ ရွာသားတဦး။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ "ဝတ်မွတ်ခြင်းနှင့် အသက်ရှင် ရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှားမှု" ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ)

## pm;ey&umrsm; tm; zsuq;jci;

န အဖတပ်များသည် ပြည်တွင်းဒုက္ခသည် IDPs များ၏ ရိက္ခာများကို လိုက်လံရှာဖွေပြီး ဖျက်ဆီးကြသည်။ IDPs များကို အငတ်ထားရန် ရည်ရွယ်ခြင်းဖြစ်သည်။ KHRG ကရင့်လူ့အခွင့်အရေးအဖွဲ့၏ ၂၀၀၁ ခုနှစ် အစီရင်ခံစာအရ ၁၉၉၉ ခုနှစ်မှစပြီး စစ်အစိုးရတပ်များ၏ သေနင်္ဂဗျူဟာမှာ IDPs များအား ရိက္ခာပြတ်သွားအောင် ပြုလုပ်ပစ်ရေးပင်ဖြစ်သည်။ ဤကဲ့သို့ ပြုလုပ်ခြင်းသည် ၎င်းတို့ လိုက်လံပစ်ခတ်ဖမ်းဆီးသတ်ဖြတ်ခြင်းထက် ပို၍ထိရောက် သည်ဟု သူတို့ ယူဆကြသည်။ (ကရင်လူ့အခွင့်အရေးအဖွဲ့၏ "ဝတ်မွတ်ခြင်းနှင့် အသက်ရှင် ရပ်တည် ရေးအတွက် ရုန်းကန်လှုပ်ရှားမှု" ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ)

ပြည်တွင်းဒုက္ခသည် IDPs အများစုမှာ ၎င်းတို့၏ ရိက္ခာများကို နအဖရှာ၍ မတွေ့နိုင်သည့် တောတောင်ထဲတွင် ဝှက်ထားကြပါသည်။ မည်သို့ပင်ဆိုစေ နအဖများက ဤရိက္ခာများကိုသာ အဓိကထားပြီး လိုက်လံရှာဖွေကာ ဖျက်ဆီးခြင်း ပြုကြသည်။ ဤလုပ်ရပ်ကြောင့် ဒေသတခုလုံး အတွက် ရိက္ခာရှားပါးမှု အကြီးအကျယ်ဖြစ်စေသည်။

*"နအဖစစ်တပ်သည် တောတောင်ထဲရှိ ရိက္ခာများရှာဖွေဖျက်ဆီးခြင်းကို နိုဝင်ဘာလမှ မေလအထိ ပြုလုပ်ကြသည်။ ကုန်းစပါး(တောင်ယာစပါး)စိုက်ပျိုးသည့် လယ်ယာများအတွက် ဤအချိန်သည် စိုက်ပျိုးချိန်ဖြစ်နေသည်။ သီးနှံရိတ်သိမ်းမှုမှာ နိုဝင်ဘာ၊ ဒီဇင်ဘာလတွင်း ဖြစ်သည်။ နောက်တနှစ်စပါး စိုက်ပျိုးရန်အတွက် လယ်ယာမြေပြင်ဆင်မှု၊ မြေနေရာရှာခြင်းနှင့် စိုက်ပျိုးခြင်းမှာ ဖေဖော်ဝါရီလမှ မေလအထိဖြစ်သည်။ ဤနှစ်အတွက် သီးနှံစိုက်ပျိုးမှု မပြုလုပ်နိုင်ပါက နောက်နှစ်အတွက် စားသောက်ရန် ဘာမျှရှိမည်မဟုတ်"* (ကယ်ဆယ်ရေး တာဝန်ခံ၊ ကရင့်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးရုံးအဖွဲ့။ ၂၀၀၄ ခုနှစ်၊ ဇွန်လ)

ရိက္ခာရှားပါးမှုသည် ဖါပွန်ဒေသအတွင်း မကြာခဏ ဖြစ်လေ့ဖြစ်ထရှိသည့်အရာဖြစ်၏။ ရေးယခင်ကဆိုလျှင် သဘာဝကပ်ဘေးများဖြစ်သည့် ပလိပ်ရောဂါ၊ သီးနှံဖျက်ဆီးသည့် ပိုးကောင်

နံ့ကောင်များ ကျရောက်ခြင်း၊ စိုက်ပျိုးသီးနှံကို လိုက်လံစားသောက်ဖျက်ဆီးသည့် တောရိုင်း တိရိစ္ဆာန်များကြောင့် ရိက္ခာများ ရှားပါးလေ့ရှိသည်။ ယခင်အချိန်က ရပ်ရွာအေးချမ်းတည်ငြိမ် သဖြင့် ဒေသလူထုများသည် လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ခဲ့သည်။

ဤကဲ့သို့သော အခြေအနေအောက်တွင် ရိက္ခာများရှားပါးပါက ပြဿနာဖြေရှင်းရန် အတွက် အခြားနည်းနာများကို ရှာဖွေနိုင်သည်။ ဥပမာအားဖြင့် ကုန်သည်များ၏ ကုန်ပစ္စည်း များအား သွားရောက်သယ်ပို့ပေးခြင်းဖြင့် အခကြေးငွေများရရှိနိုင်သည်။ ဤငွေများဖြင့် စား သောက်ရန် အတွက် ဆန်များကို ရှာဝယ်နိုင်ပေသည်။ သို့သော်လည်း ယခုအချိန်မှာ ဤကဲ့သို့ လုပ်နိုင်ခြင်း မရှိချေ။ ယခုအချိန်တွင် ရွာသူရွာသားများ သွားလာလှုပ်ရှားရာ၌ နအဖတပ်များ နှင့် မတိုးမိရန် အထူးသတိထား ပြေးလွှားရှောင်ရှားနေကြရသည်။ ထို့ကြောင့် ရိက္ခာရှားပါး နေသည့် အချိန်များတွင် စားနပ်ရိက္ခာ လိုက်လံရှာဖွေရန် အလွန်ခက်ခဲပါသည်။

“ရှေ့ယခင်အချိန်က ဤဒေသအတွင်း ရိက္ခာရှားပါးလျှင် ရွာသူရွာသားများ အထိနာမှု နည်းနိုင်သမျှနည်းစေရန်အတွက် ၎င်းတို့နည်းမျိုးစုံဆောင်ရွက်ခဲ့ကြရသည်။ ၎င်းတို့တဦးနှင့်တဦး အပြန်အလှန် ကူညီကြသည်။ စားစရာလုံးဝမရှိသူများအား ကျန်လူများက တတ်နိုင်သမျှ ချေးငှားခြင်းများ ပြုလုပ်ကြသည်။ ဆန်ရှားသဖြင့် ထမင်းချက်ရာတွင် ဆန်နှင့်အတူ ဘူး၊ ဖရုံ၊ သခွား စသည်ဖြင့် ရောချက်ပြီး စားသောက်ကြသည်။ မရှိဆင်းရဲငတ်ပြတ်သည့် အိမ်ထောင် များသည် တောတွင်း၌ တောထွက်ပစ္စည်းများ ရှာဖွေပြီး၊ ယင်းတို့ကို ရောင်းစားခြင်းဖြင့် ရိက္ခာပြဿနာကို တစုံတရာဖြေရှင်းနိုင်သည်။ သို့ရာတွင် ယခု IDPs များမှာ ထိုကဲ့သို့ လုပ်နိုင် ခြင်း မရှိပေ။ ၎င်းတို့သည် မိသားစုလုံခြုံရေးအတွက် အမြဲနိုးနိုးကြားကြားရှိနေရသည်။ မိသားစုအား ချန်ရစ်ပြီး တရက်ထက် ခရီးဝေးသောနေရာကိုသွားပြီး ရိက္ခာရှာရန်မှာ မဖြစ်နိုင် ချေ။ လုံခြုံရေးအရ အခြေအနေ မပေးပါ။ ထို့ကြောင့် IDPs များအတွက် ရိက္ခာရှားပါးမှု ပြဿနာမှာ ပို၍ပို၍ဆိုးဝါးလာနေသည်ဖြစ်ပြီး ထိန်းမနိုင်သိမ်းမရအခြေအနေသို့ ရောက်ရှိသွား နိုင်သည်။ (ကယ်ဆယ်ရေး တာဝန်ခံ၊ ကရင့်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးရုံးအဖွဲ့။ ၂၀၀၄ ခုနှစ်၊ ဇွန်လ)

*“ယခုကဲ့သို့နအဖတပ်များက စပါးသီးနှံများအား စနစ်တကျ လိုက်လံဖျက်စီးနေခြင်းသည် IDP ပြည်တွင်းဒုက္ခသည်အတွက်ရော၊ ရပ်ရွာထဲနေထိုင်ကြသည့် ပြည်သူလူထုအတွက်ပါ ပို၍ပို၍ အန္တရာယ်ကြီးလာစေပါသည်။ ဤကဲ့သို့ လိုက်လံဖျက်ဆီးပိတ်ဆို့ခြင်းများသည် စစ်အစိုးရ၏ ကြောက်စရာအကောင်းဆုံး အကြပ်ကိုင်နိုင်သည့် လက်နက်ကိရိယာ ဖြစ်ပေ သည်။”* (ကရင်လူ့အခွင့်အရေးအဖွဲ့၏ “တော်မွတ်ခြင်းနှင့် အသက်ရှင် ရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှားမှု” ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ)

ဤကဲ့သို့ဖြစ်ခြင်းကြောင့် ထိုင်းနိုင်ငံရှိဒုက္ခသည်စခန်းကို သွားရောက်နေထိုင်ခြင်းမှာ ရွာသူရွာသားများအတွက် နောက်ဆုံးရွေးချယ်ရသည့် အရာဖြစ်လာတော့သည်။

*"ထိုင်းနိုင်ငံသို့ ရောက်ရှိလာကြသည့် ဒုက္ခသည်အသစ်များက ၎င်းတို့သည် ယခုကဲ့သို့ အသက်ရှင် ရပ်တည်ရန်အတွက် သူမတူအောင် ပြင်းထန်ခက်ခဲစွာလှုပ်ရှားခဲ့ရာတွင် အချို့ အခြေအနေများတွင်သုံးနှစ်တာမျှကြာခဲ့ပြီး နောက်ဆုံး ၎င်းတို့လက်မြှောက် အရှုံးပေးလိုက် ကြောင်း မကြာခဏ ပြောဆိုလေ့ရှိကြသည်။ "* (Jack Dunford ဘီဘီစီ ညွှန်ကြားရေးမှူး။ သက္ကရာဇ် ၂၀၀၀ ခုနှစ်တွင် IDPs နှင့် ပတ်သက်ပြီး ကျင်းပခဲ့သည့် ကွန်ဖရင့်အစီရင်ခံစာမှ)

ဓါတ်ပုံ– ကရင်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့ (KRW, 2004)



လူသောမြို့နယ်၊ ကောလူဒဲကျေးရွာအုပ်စုမှ ရွာသားတဦး လယ်ထွန်နေစဉ်။
၎င်းနေရာသည် ကယားပြည်နယ် နယ်စပ်နှင့်နီးသည်။ အကယ်၍ ရေကာတာတည်ဆောက်လိုက်ပါက
လယ်ယာများ ရေအောက်သို့နစ်မြုပ်သွားမည်ကို ၎င်းလယ်သမားက စိုးရိမ်ပူပန်နေသည်။




မြေပုံ(၁၄) စီမံကိန်းချထားသည့် ရေကာတာတည်ဆောက်မည့်နေရာနှင့် တိုက်ရိုက်ထိစပ်လျက်ရှိသည့် ဖါပွန်အရှေ့ပိုင်းနယ်မြေ

# ရေကာတာတည်ဆောက်မည့်နေရာတဝိုက်ရှိ အခြေအနေအချက်အလက်များ

## awmawmia&ajrtaetxm;Ei ½;&mtou&iaexirrsm;

ပါပွန်ခရိုင်၏ အလယ်ဗဟိုမှ စီးဆင်းလာသည့် ယွန်းစလင်းမြစ်နှင့် ထိုင်းနယ်စပ် သံလွင်မြစ်တလျှောက်ရှိ နယ်မြေတို့မှာ တောတောင်အလွန်ထူထပ်ပါသည်။ ဤဒေသရှိ ဘူးဘိုတောင်တန်း အမြင့်မှာ ပင်လယ်ပြင်မျက်နှာပြင်အထက် ပေ ၂၀၀၀ မှ ၃၀၀၀ အထိမြင့်သည်။ ဤတောင်တန်းသည် ဤနယ်မြေအတွက် အဓိက တောတောင်ရေမြေ အနေအထား ဖြစ်ပေသည်။

လယ်ယာစပါးစိုက်ပျိုးရေးအတွက် ချောင်းရေများရရှိသည့် မြေပြန့်ဒေသ အနည်းအကျဉ်းသာရှိသည်။ ကျန်နေရာများမှာ တောင်ပေါ်ဒေသဖြစ်ပြီး တောတောင်အလွန်ထူထပ်သည်။ ဤဒေသရှိ သစ်တောမျိုးကို ဒေသသားများက “ကော်ဘွေး”(ဝါ) မုန်သုန်သစ်တောဟု ခေါ်ဝေါ်ကြသည်။ ဤသစ်တောများထဲတွင် ကျွန်းသစ်နှင့်သစ်မာအများအပြား တွေ့ရသည်။ ဓါးခွင်သစ်တော ကြိုးဝိုင်း၊ မဲသလေ့အထက်နှင့် အောက်ကြိုးဝိုင်းများ၊ ဓါးခွင် တောရိုင်းတိရိစ္ဆာန်များ ခိုအောင်းရာနေရာ စသည်တို့သည် ဤဒေသတွင်ရှိနေပါသည်။ သံလွင်မြစ်အတွင်းသို့ စီးဆင်းသော ချောင်းငယ်မြောင်းငယ် အများအပြားရှိသည်။ ဤချောင်းငယ်မြောင်းငယ်များမှာ ရေကြောင်းသွားလာရေးတွင် အသုံးပြု၍ မရသော်လည်း ဤချောင်းငယ်များ၏ လျှိုမြောင်အရပ်များ၌ ဒေသခံရွာသူရွာသားများ နေထိုင်လုပ်ကိုင်စားသောက်ကြသည်။

၁၉၈၃ ခုနှစ်ကစပြီး ကေအဲန်ယူမှ ထိုင်းနိုင်ငံရှိကုမ္ပဏီများအား ဤသစ်တောအတွင်း သစ်ခုတ်လှဲခွင့်လိုင်စင် ရောင်းချပြီးနောက်ပိုင်းတွင် ထိုင်းကုမ္ပဏီများသည် ဤသစ်တောအတွင်းရှိ ကျွန်းသစ်နှင့် သစ်မာ (၉၀%)ကို သံလွင်မြစ်တလျှောက် ခုတ်လှဲခဲ့ကြသည်။ သံလွင်မြစ်ကမ်းဘေးရှိ သစ်တောမှာ ထိုင်းနိုင်ငံနယ်စပ်ဖြစ်နေသည့် သစ်တောအားလုံး၏ (ရ၀%) ရှိသည်။ ဤတောထဲ၌ မျိုးတုံးကွယ်ပျောက်သွားရန် အန္တရာယ်ရှိနေသည့် ကျားကဲ့သို့သော တောရိုင်းတိရိစ္ဆာန်များကို ယခုတိုင်တွေ့နိုင်ပါသည်။

ဤဒေသတွင် ရေတံခွန်ကြီးကြီးငယ်ငယ်အချို့လည်း ရှိသည်။ လေးဒိုရေတံခွန်၊ မောလောကွီးရေတံခွန် စသည်များဖြစ်သည်။ ပါးစပ်ရာဇဝင်အရ ရွာသားများက ဤဒေသတွင် "နတ်ဂူ" များလည်းရှိသည်။ ဉပမာ "ပိုပေါ်လေးနတ်ဂူ"။ ဤဒေသတွင် နေထိုင်ကြသူများမှာ ရှေးယခင်ကဲ့သို့ပင် ခေတ်နောက်ကျမြဲ နောက်ကျလျှက်ရှိနေကြသည်။ ဤရွာသူရွာသားများသည် ရိုးရာဓလေ့အရ နှစ်စဉ်နှစ်တိုင်းလုပ်နေကျ နတ်ကိုးကွယ်မှု၊ ပူဇော်ပသမှု အခမ်းအနားကို ယခုတိုင် ဆက်လက်လုပ်ကိုင်နေဆဲဖြစ်သည်။

ဖါပွန်မှနေ၍ သံလွင်မြစ်ကမ်းဘေးသို့သွားသည့်လမ်းကို ဗြိတိသျှကိုလိုနီခေတ်က ဖေါက်လုပ်ခဲ့ခြင်း ဖြစ်သည်။ ၁၉၈၀ ဆယ်စုနှစ်အတွင်း သစ်ခုတ်လုပ်ခွင့်ရရှိပြီးနောက် ၁၉၈၀၊ ၁၉၉၀၊ ဆယ်စုနှစ်များအတွင်း ထိုင်းကုမ္ပဏီများသည် သစ်လုံးများအား သယ်ထုတ်နိုင်ရန် လမ်းများ ဖောက်လုပ်ခဲ့သည်။ ထို့ပြင် သံလွင်မြစ်ကိုယ်၌က ယခုအချိန်တွင် ခရီးသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် အဓိကဖြစ်နေသည်။

ဤဒေသအတွင်းရှိနေသည့် ကရင်ကျေးရွာများမှာ ပျမ်းမျှအားဖြင့် တရွာလျှင် အိမ်ခြေ ၁၀ မှ ၅၀အထိ လူဦးရေမှာ ၅၀ မှ ၃၀၀ အထိ နေထိုင်ကြသည်။ ကျေးရွာသူကျေးရွာသားများထဲတွင် အဓိအားဖြင့် ဗုဒ္ဓဘာသာ၊ နတ်ကိုးကွယ်သူ[၂၀] များဖြစ်ကြပြီး ခရစ်ယာန်ဘာသာကို ယုံကြည်ကိုးကွယ်သူလည်းရှိသည်။ ၁၉၇၀ ဆယ်စုနှစ်များအတွင်း နအဖစစ်တပ်မှ ညောင်လေးပင်၊ တောင်ငူ၊ သထုံခရိုင်များနှင့် ဖါပွန်တောင်ပိုင်းဒေသကို ဖြတ်(၄)ဖြတ်စနစ်ဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ၊ သံလွင်ကမ်းဘေးတလျှောက်တွင် နေထိုင်ကြသည့် လူဦးရေ များပြားလာလေသည်။

စီးပွားရေးအရ ဒေသခံလူစုအများစုမှာ လယ်ယာစိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကြောင်းသူများ ဖြစ်ကြသည်။ တောင်ယာခုတ်စားသူများလည်း ရှိသည်။ ငွေရရှိနိုင်သည့် သီးနှံပင်စိုက်ပျိုးသည့် ဉယျာဉ်ခြံမြေဖြစ်သည့် ကွမ်းသီး၊ သရက်၊ အုန်း၊ ဟင်းခတ်အမွှေးအကြိုင်ပင်များကို လုပ်ကိုင်သူများလည်းရှိသည်။ ငါးဖမ်းလုပ်ငန်း၊ တောထွက်ပစ္စည်းများအား ရှာဖွေစုဆောင်းပြီး မြန်မာပြည်တွင်း (သို့) ထိုင်းနိုင်ငံသို့ သွားရောက်ရောင်းချခြင်း စသည့် အလုပ်လုပ်ကိုင်ကြသူများလည်းရှိသည်။ ၁၉၉၅ ခုနှစ်မတိုင်မီ အစောပိုင်းကာလတွင် သံလွင်မြစ်ဆုံ သောင်ရင်းမြစ်ဝမှစပြီး မြောက်ပိုင်း 'စောထာ'အထိ သံလွင်မြစ်ဘေးတလျှောက် နေထိုင်ကြသူများမှာ တံငါ လုပ်ငန်း၊ သစ်လုပ်ငန်း၊ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း စသည်တို့ကို လုပ်ကိုင်ကြသည်။[၂၁]

---

[၂၀] ကရင်နတ်စားများမှာ ဗုဒ္ဓဘာသာသို့ကူးပြောင်းသွားကြပြီးဖြစ်သော်လည်း ၎င်းတို့သည် နတ်စားသည့်အဓိကရိုးရာဓလေ့ကို ထိန်းသိမ်းကျင့်သုံးဆဲဖြစ်သည်။

[၂၁] စေါဘောနာလေး ၂၀၀၀ –ခုနှစ်။ သောသီ ပေါ်ဂေါ်– ယာစေးဘော – စာမျက်နှာ (၅)

နိုင်ငံရေးအရ ၁၉၉၅ ခုနှစ်မတိုင်မီကာလ၌ ဖါပွန်ဒေသအရှေ့ခြမ်းတခြမ်းလုံးဖြစ်သည့် ဖါပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှာ ကရင်ခုခံရေးအင်အားစု၏ လွတ်မြောက်နယ်မြေဖြစ်ခဲ့သည်။ ဤနယ်မြေကို ကျေးရွာအုပ်စု ၃–စုအဖြစ် ဖွဲ့စည်းခဲ့သည်။ ဘွားဒဲ၊ ပန်ဟိုက်နှင့် ခေါပူကျေးရွာအုပ်စုများဖြစ်ကြသည်။ ကေအဲန်ယူက ဤနယ်မြေ၌ တရားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေး၊ သစ်တော၊ စိုက်ပျိုး ရေးစသည်ဖြင့် ကဏ္ဍအသီးသီးအတွက် အုပ်ချုပ်ရေးဌာနဖွဲ့ပြီး တာဝန်ယူစီမံအုပ်ချုပ်ခဲ့သည်။ အုပ်ချုပ်ရေးစနစ်တွင် ကျေးရွာအဆင့်မှနေ၍ ခရိုင်အဆင့်အထိရှိသည်။

၁၉၉၂ ခုနှစ်တွင် နအဖတပ်များသည် ကေအဲန်ယူ၏ဌာနချုပ်ကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ နဂါးမင်း စစ်ဆင်ရေးစီမံကိန်းအရ ၁၉၉၁ ခုနှစ်တွင် ကျေးရွာများအား နအဖတပ်များက ပထမဦးဆုံးအကြိမ် အဓမ္မရွှေ့ပြောင်းမှုများပြုလုပ်ခဲ့သည်။ ရွှေ့ပြောင်းနေရာချထားသည့်ရွာမှာ "ဆောဘွဲဒဲ"ရွာဖြစ်သည်။ ရွာသူရွာသားအနည်းငယ်သာ ဤသတ်မှတ်ကျေးရွာသို့ သွားရောက် နေထိုင်ကြသည်။ အများအားဖြင့် ၎င်းတို့သည် ပြည်တွင်းဒုက္ခသည် IDPs များ အဖြစ်သာ ပုန်းအောင်းနေထိုင်ခဲ့ကြသည်။ ဤထိုးစစ်ကာလအတွင်း နအဖတပ်သည် ဖါပွန်မှ ခေါပူသို့ သွားသည့်လမ်းကို ပြန်လည်ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့သည်။ (စာမျက်နှာ ၃၁ ရှိ မြေပုံကို ကြည့်ပါ။)

စစ်ဆင်ရေးပြီးသည့်နောက်ပိုင်း ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ဤဒေသတွင် အခြေအနေတင်းမာမှု လျော့နည်းလာသည်။ သို့ရာတွင် ၁၉၉၅ ခုနှစ် ကေအဲန်ယူ ဌာနချုပ် မာနယ်ပလော ကျဆုံးပြီးနောက် နအဖတပ်များသည် ဖါပွန်ခရိုင်တခုလုံးကို ထိန်းချုပ်သွားနိုင်ရေးအတွက် ရွာသူရွာသား ကျေးလက်လူထုများကို ခေါပူ၊ ဖေါထါနှင့် သီးမူထါ တို့တွင် အဓမ္မပြောင်းရွှေ့ နေရာချထားခြင်းများ ပြုလုပ်ခဲ့သည်။ ဤအကြိမ်မှာလည်း ရွာလူထုအများစုမှာ သတ်မှတ်ထားသည့်နေရာသို့ ပြောင်းရွှေ့ခြင်းမပြုဘဲ၊ တောတွင်း၌သာ ပုန်းအောင်းနေထိုင်ကြရန် ရွေးချယ်ကြသည်။

စစ်အစိုးရ၏ စစ်ဆင်ရေးများကြောင့် ကေအဲန်ယူအဖို့ တရားဥပဒေအရ ၎င်းတို့ပြုလုပ်နေကျ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ကောင်းမွန်စွာမပြုလုပ်နိုင်ချေ။ သို့ရာတွင် ၂၀၀၂ ခုနှစ်တွင် ဖါပွန်အရှေ့ပိုင်းနယ်မြေများအတွင်း နေထိုင်ကြသည့် ဒေသခံ လူအစုအဝေးအချို့က ၎င်းတို့လုပ်ကိုင်စားသောက်ကြသည့် မြေယာများကို မိမိတို့ဘာသာ ထိန်းသိမ်းသွားရေးအတွက် ရှေးယခင်ကတည်းက ရှိခဲ့သည့် ၎င်းတို့အစဉ်အလာ လုပ်နည်းကိုင်နည်းအတိုင်း နယ်မြေများကို တိုင်းတာသတ်မှတ်ခြင်းများ ပြုလုပ်လာကြသည်။ မိမိတို့ လူအစုအဝေးအတွက် ထားရှိသည့် သစ်တောများအား ထိန်းသိမ်းရေးကိုလည်း ၎င်းတို့ဘာသာသတ်မှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်လာကြသည်။ ဥပမာအားဖြင့် ဖါပွန်ခရိုင် အောက်ပိုင်းနယ်မြေ၊ လူသော

မြို့နယ်အတွင်းရှိ လေးခိုနှင့် လဘော်ကျေးရွာသားများသည် မြေယာတောတောင် ထိန်းသိမ်းရေး အတွက် ၎င်းတို့ဘာသာပြုလုပ်နိုင်ရန် ရွာသားများ တွေ့ဆုံဆွေးနွေးတိုင်ပင်ကြပြီး၊ မြေယာ သစ်တောနည်းဥပဒေများကို ၎င်းတို့သဘောတူချမှတ်ကာ၊ ၎င်းတို့၏ ပတ်ဝန်းကျင်ရှိ သစ်တော များ ထိန်းသိမ်းရေးအတွက် လက်တွေ့ကျင့်သုံးကြသည်။ ကျေးရွာအစည်းအဝေးမှ ဖေါ်ထုတ် ချမှတ်လိုက်သည့် ဤနည်းဥပဒေများမှာ ကြီးမားသည့်အတိုင်းအတာအဖြစ် သစ်ခုတ်၊ ဝါးခုတ်သည့် ကိစ္စများ၊ ကြိမ်များကိုခုတ်ပြီး ပြည်ပသို့ ထုတ်ရောင်းခြင်းများကိုလည်း တားမြစ် လေသည်။ သို့သော်အမှန်တကယ်တွင်မူ ကုန်သွယ်ရေး၊ ရောင်ဝယ်ရေးအတွက် ကြိမ် ခုတ်ယူမှု သည် ဤဒေသအတွင်းကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေခဲ့ပြီးဖြစ်သည်။

## vu&vO;a&Ei¤i;w\ aexipm;aomurtajctae

]၉၉၅ ခုနှစ် ကစပြီး စစ်အစိုးရ၏ထိုးစစ်များကြောင့် ဤဒေသတခွင်တွင် နေထိုင်ကြသည့် လူဦးရေမှာ ဒလဟောကျဆင်းသွားသည်။ သံလွင်မြစ်ကမ်းဘေးတွင် နေထိုင်ခဲ့ကြသူ များသည် ယခုအချိန်တွင် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်း (၂)ခုသို့ သွားရောက် နေထိုင်ကြပြီး ဖြစ်သည်။ မယ်ရမိုနှင့် မယ်လာအူး (ယခင် မယ်ခေါ်ခါးမှာရှိ) စခန်းများဖြစ်သည်။ အချို့ရွာသူရွာ သားများမှာ တောင်ပေါ်တောနက်ဒေသများ၌ IDPs များအဖြစ် ပုန်းအောင်းနေထိုင်ကြရန် ရွေးချယ် ကြသည်။

သို့သော်များသောအားဖြင့် ဖါပွန်မြို့နှင့်နီးနီးနားနား၊ လမ်းများနှင့် မလှမ်းမကမ်း နေထိုင် ကြသော ရွာသူရွာသားများမှာမူ နအဖစစ်အစိုးရတပ်များအား ရှောင်ရှား၍ မရနိုင်သော ကြောင့် ၎င်းတို့နေမြဲနေရာ၌ပင် နအဖတပ်များ၏ အနီးကပ်စောင့်ကြည့်မှုအောက်တွင် နေထိုင် ကြရသည်။

ဖါပွန်ခရိုင် အရှေ့ပိုင်းဒေသအတွင်း မူလ ၁၉၉၅–ခုနှစ်မတိုင်မီက ကျေးရွာ (၈၅)ရွာရှိပြီး၊ ယခုဆိုလျှင် ဤဒေသအတွင်း လူအစုအဝေး (၆၀)စုမျှသာ ကျန်တော့သည်။ ဤအစုအဝေး များအနက် အိမ်ထောင်စု (၉၇၃)၊ လူဦးရေ (၅၅၇၄)ယောက်ရှိသည့် လူအစုအဝေး (၄၀)မှာ ပြည်တွင်းဒုက္ခသည် IDPs များဖြစ်ကြသည်။ ကျန်အစုအဝေး (၂၀)မှာ နအဖစစ်တပ်၏ ထိန်းချုပ်မှု အောက်တွင်ရှိသည့် ကျေးရွာများဖြစ်ကြသည်။ ဤကျေးရွာများအနက် ရွှေ့ပြောင်းနေရာချထားသည့် ခေါပူ (ဖါပွန်မြို့အနီး)၊ သီးမူထာ (သံလွင်မြစ်ကမ်းဘေး)နှင့် ဖေါထိ (ဖါပွန်မြို့၏ အရှေ့တောင်အရပ် ကျေးရွာ(၃)ရွာ ပါဝင်သည်။ အစုအဝေးကျေးရွာ(၂၀)၏ အိမ်ထောင်စုမှာ (၅၂၃)စုရှိပြီး၊ လူဦးရေ စုစုပေါင်းမှာ (၂၈၂၂ )ဦးရှိသည်။ ယင်းကြောင့် ဖါပွန်

အရှေ့ပိုင်းဒေသအတွင်း နေထိုင်ကြသည့်လူဦးရေ သုံးပုံနှစ်ပုံမှာ ပြည်တွင်းဒုက္ခသည် IDPs များ ဖြစ်ကြသည်။

၁၉၉၅ ခုနှစ်ကစပြီး ဤဒေသအတွင်း ကေအဲန်ယူတပ်များက အကန့်အသတ်နှင့် လှုပ်ရှားသော်လည်း နအဖစစ်တပ်များမှာ ပြည်တွင်းဒုက္ခသည် IDPs များအား ရှင်းလင်းသုတ်သင်ပစ်ရေးအတွက် ပုံမှန်ကင်းလှည့်ခြင်းများ ပြုလုပ်နိုင်ခဲ့သည်။

**ဇယား ၄။** ပန်ဟိုက်၊ ဘွားဒဲနှင့်ခေါပူကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာနှင့်လူဦးရေစာရင်း[၂၂]

| အမှတ်စဉ် | ကျေးရွာ(အစုအဖွဲ့) | အိမ်ထောင်စု | လူဦးရေ | အနေအထား |
|---|---|---|---|---|
| **(က) ပန်ဟိုက်ကျေးရွာအုပ်စု** | | | | |
| ၁။ | ပန်ဟိုက် | – | – | ပြည်တွင်းဒုက္ခသည် IDPs |
| ၂။ | တယ်ညာဒဲ | ၇၇ | ၅၀၆ | ပြည်တွင်းဒုက္ခသည် IDPs |
| ၃။ | ထိုဝီးဒဲ | ၇၅ | ၅၀၆ | အချို့အစိုးရတပ်နှင့်ရင်ဆိုင် |
| ၄။ | ထိုသေဒဲ | ၆၅ | ၄၁၆ | ပြည်တွင်းဒုက္ခသည် IDPs |
| ၅။ | ကလော်ခီးဒဲ | ၃၅ | ၁၈၉ | စစ်အစိုးတပ်နှင့်ရင်ဆိုင် |
| ၆။ | ဝေနော်ဒဲ | ၅၄ | ၃၆၃ | ပြည်တွင်းဒုက္ခသည် IDPs |
| ၇။ | ဖယ်လယ်ဒဲ | ၁၉ | ၁၁၃ | ပြည်တွင်းဒုက္ခသည် IDPs |
| ၈။ | ယူဝါးဒဲ | ၁၉ | ၉၅ | ပြည်တွင်းဒုက္ခသည် IDPs |
| ၉။ | လေးသဲခို | ၄၃ | ၃၀၉ | ပြည်တွင်းဒုက္ခသည် IDPs |
| ၁၀။ | သာသဝီးဒဲ | ၄၈ | ၂၇၆ | ပြည်တွင်းဒုက္ခသည် IDPs |
| ၁၁။ | ကနဒဲ | ၉ | ၄၂ | ပြည်တွင်းဒုက္ခသည် IDPs |
| ၁၂။ | ဘောခေါ်ဒဲ | ၄၂ | ၂၀၆ | ပြည်တွင်းဒုက္ခသည် IDPs |
| ၁၃။ | ထီးခလယ်ထာ | ၈ | ၄၅ | ပြည်တွင်းဒုက္ခသည် IDPs |
| ၁၄။ | အီးတူခီး | ၁၇ | ၇၉ | ပြည်တွင်းဒုက္ခသည် IDPs |
| ၁၅။ | ခိုကေ | ၂၆ | ၁၄၆ | ပြည်တွင်းဒုက္ခသည် IDPs |
| ၁၆။ | ဖေါခါဒဲ | ၈ | – | ပြည်တွင်းဒုက္ခသည် IDPs |

[၂၂] ကရင်အမျိုးသားအစည်းအရုံး၏ ၂၀၀၃ ခုနှစ် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်အုပ်ချုပ်ရေးမှ ကိန်းဂဏန်း။

| | | | | |
|---|---|---|---|---|
| ၁၇။ | မယ်နူထာ | ၂၆ | – | ပြည်တွင်းဒုက္ခသည် IDPs* |
| ၁၈။ | သီးမူထါ | ၇ | – | လက်ရှိရွှေ့ပြောင်းနေရာ |

## (ခ) ဘွားဒဲကျေးရွာအုပ်စု

| | | | | |
|---|---|---|---|---|
| ၁၉။ | ကျဉ်သိုးပူ | ၂၅ | ၁၄၁ | ပြည်တွင်းဒုက္ခသည် IDPs |
| ၂၀။ | ဘွားဒဲ | ၂၈ | ၁၅၆ | ပြည်တွင်းဒုက္ခသည် IDPs |
| ၂၁။ | တိုးညိုး | ၃၃ | ၁၆၃ | စစ်အစိုးရတပ်နှင့်ရင်ဆိုင်ရ |
| ၂၂။ | ဖေါဒီဒဲ | ၃၇ | ၂၀၁ | ပြည်တွင်းဒုက္ခသည် IDPs |
| ၂၃။ | ဘလာလေးခေါ် | ၁၆ | ၇၄ | စစ်အစိုးရတပ်နှင့်ရင်ဆိုင်ရ |
| ၂၄။ | လေးခေါ်ထိ | ၁၈ | ၉၉ | စစ်အစိုးရတပ်နှင့်ရင်ဆိုင်ရ |
| ၂၅။ | ကော်ခို | ၁၄ | ၁၀၁ | ပြည်တွင်းဒုက္ခသည် IDPs |
| ၂၆။ | သေဂေမူဒဲ | ၂၀ | ၁၁၉ | ပြည်တွင်းဒုက္ခသည် IDPs |
| ၂၇။ | လောဖလပ်သေ | ၁၈ | ၁၀၁ | ပြည်တွင်းဒုက္ခသည် IDPs |
| ၂၈။ | ဖါးသတ်ဒေး | ၁၀ | ၆၂ | ပြည်တွင်းဒုက္ခသည် IDPs |
| ၂၉။ | ထွိမိကွိုး | ၁၀ | ၅၉ | ပြည်တွင်းဒုက္ခသည် IDPs |
| ၃၀။ | ထီးဘော့ခီး | ၁၇ | ၈၉ | ပြည်တွင်းဒုက္ခသည် IDPs |
| ၃၁။ | ဆော်လယ်ဒဲ | ၃၁ | ၁၉၅ | ပြည်တွင်းဒုက္ခသည် IDPs |
| ၃၂။ | မယ်လက်ခီး | ၁၉ | ၁၀၉ | ပြည်တွင်းဒုက္ခသည် IDPs |
| ၃၃။ | ကနယ်ခို | ၂၂ | ၁၀၂ | ပြည်တွင်းဒုက္ခသည် IDPs |
| ၃၄။ | ဟီဖိုးသာခီး | ၁၄ | ၇၀ | ပြည်တွင်းဒုက္ခသည် IDPs |
| ၃၅။ | ဘဲဘို(ပီဝါး) | ၁၇ | ၇၉ | ပြည်တွင်းဒုက္ခသည် IDPs |
| ၃၆။ | မမူဒဲ | ၁၇ | ၁၀၄ | ပြည်တွင်းဒုက္ခသည် IDPs |
| ၃၇။ | ဖါသာ | ၁၀ | ၅၆ | ပြည်တွင်းဒုက္ခသည် IDPs |

## (ဂ) ခေါ်ပူကျေးရွာအုပ်စု

| | | | | |
|---|---|---|---|---|
| ၃၈။ | ခေါ်ပူ | – | – | လက်ရှိရွှေ့ပြောင်းနေရာ |
| ၃၉။ | ပယ်ထာ | ၃၆ | ၂၄၆ | ပြည်တွင်းဒုက္ခသည် IDPs |
| ၄၀။ | ဖေါထာ | ၂၅ | ၁၂၅ | လက်ရှိရွှေ့ပြောင်းနေရာ |
| ၄၁။ | ဖရေးဒေး | ၁၅ | ၇၂ | စစ်အစိုးရတပ်နှင့်ရင်ဆိုင်ရ |
| ၄၂။ | မော်သာ | ၁၆ | ၉၅ | ပြည်တွင်းဒုက္ခသည် IDPs* |

| | ရေကာတာတည်ဆောက်မည့်နေရာတဝိုက်ရှိ | | | အခြေအနေအချက်အလက်များ |
|---|---|---|---|---|
| ၄၃။ | ကျော်ကြာခီး | ၁၅ | ၉၅ | ပြည်တွင်းဒုက္ခသည် IDPs* |
| ၄၄။ | ဟော်လတ်ခီး | ၂၁ | ၁၄၃ | ပြည်တွင်းဒုက္ခသည် IDPs* |
| ၄၅။ | ဖေါခီး | ၂၉ | ၁၆၆ | ပြည်တွင်းဒုက္ခသည် IDPs* |
| ၄၆။ | ကော်မေလောခီး | ၃၀ | ၁၇၂ | ပြည်တွင်းဒုက္ခသည် IDPs |
| ၄၇။ | ခယ်ကပ်ခီး | ၁၈ | ၉၈ | ပြည်တွင်းဒုက္ခသည် IDPs* |
| ၄၈။ | ကိုလောခီး | ၂၅ | ၁၄၇ | ပြည်တွင်းဒုက္ခသည် IDPs |
| ၄၉။ | အိုကော | ၁၇ | ၂၆ | စစ်အစိုးရတပ်နှင့်ရင်ဆိုင်ရ |
| ၅၀။ | ဒူးကမယ်ခီး | ၁၄ | ၇၃ | ပြည်တွင်းဒုက္ခသည် IDPs* |
| ၅၁။ | ဆောဘွဲဒဲ | ၃၅ | ၁၈၆ | စစ်အစိုးရတပ်နှင့်ရင်ဆိုင်ရ |
| ၅၂။ | ဟီဖိုးဒဲ | ၂၃ | ၁၄၀ | စစ်အစိုးရတပ်နှင့်ရင်ဆိုင်ရ |
| ၅၃။ | ကျိုးခိုဒဲ | ၂၀ | ၁၃၁ | စစ်အစိုးရတပ်နှင့်ရင်ဆိုင်ရ |
| ၅၄။ | မယ်သော့ခီး | ၁၈ | ၈၃ | စစ်အစိုးရတပ်နှင့်ရင်ဆိုင်ရ |
| ၅၅။ | တခူဒဲ | ၄၄ | ၂၄၄ | စစ်အစိုးရတပ်နှင့်ရင်ဆိုင်ရ |
| ၅၆။ | လေးကွယ်လို | ၂၇ | ၁၅၈ | စစ်အစိုးရတပ်နှင့်ရင်ဆိုင်ရ |
| ၅၇။ | သက်ဖိုးခီး | ၂၂ | ၁၂၉ | စစ်အစိုးရတပ်နှင့်ရင်ဆိုင်ရ |
| ၅၈။ | ကဘုပယ်ခိ | ၁၄ | ၉၆ | စစ်အစိုးရတပ်နှင့်ရင်ဆိုင်ရ |
| ၅၉။ | ထိုဖိုးဖဒဲ | ၅၉ | ၃၄၁ | စစ်အစိုးရတပ်နှင့်ရင်ဆိုင်ရ |
| ၆၀။ | ဖေါမူဒဲ | ၂၂ | – | စစ်အစိုးရတပ်နှင့်ရင်ဆိုင်ရ |
| | **စုစုပေါင်း** | **၁၄၉၆** | **၈၃၉၆** | |

မှတ်ချက်။

* – ၁၉၉၅–ခုနှစ် ထိုးစစ်နောက်ပိုင်းပေါ်လာသည့် ပြည်တွင်းဒုက္ခသည် IDPs အစုအဖွဲ့ ရွှေ့ပြောင်းနေရာ

ယေဘူယျအားဖြင့် ဤဒေသအတွင်း နေထိုင်ကြသည့် ရွာသားများ၏ အခြေအနေကို နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။ တမျိုးမှာ နအဖ၏တပ်စခန်းများ အနီးအနားတွင် နေထိုင်ကြရသည့် ရွာသူရွာသားများနှင့် ကျန်ဒေသအားလုံးတွင် ပြည်တွင်းဒုက္ခသည် IDPs များအဖြစ် နေထိုင်ကြရသည့် ရွာသားများ ဖြစ်သည်။ ၎င်းတို့သည် ပုန်းအောင်းနေထိုင်ကြရသူများ ဖြစ်သည်။ ၎င်းတို့နေထိုင်သည့် နေရာများသည် နအဖတပ်များ ၎င်းတို့အားတွေ့ရှိပါက ၎င်းတို့အား လွတ်လွတ်လပ်လပ် ပစ်ခတ်သတ်ဖြတ်နိုင်သည်။

## etzwyrsm; xe;csKyxm;on&mrsm; ([]Nir;csr;a&;}}aus;&mrsm;[23])

ဤကျေးရွာများသည် နအဖတပ်များ၏ အနီးတွင်တည်ရှိသည်။ ဖြစ်လေ့ရှိသည်မှာ ဤရွာများသည် လမ်းပေါ်တွင်ရှိသည့်ရွာများ ဖြစ်ကြသည်။ ဤရွာများသည် နအဖတပ်များ စောင့်ရှောက်မှုအောက်တွင် ရှိခဲ့သော်လည်း ရွာသားယောကျ်ားများမှာ အစဉ်အမြဲ စိုးရိမ်မှုနှင့် နေနေကြရသည်။ စစ်အစိုးရတပ်များက ၎င်းတို့အား သူပုန်အင်းအားစုတို့နှင့် ဆက်သွယ်မှုရှိ ကြောင်း စွပ်စွဲခံကြရမည်ကို စိုးရိမ်ကြရသည်။ ဤကဲ့သို့ စွပ်စွဲခြင်းခံရပါက ၎င်းတို့အား စစ်တပ် ပေါ်တာများအဖြစ် အဓမ္မဆွဲကာ ရှေ့တန်းတွင်စေခိုင်းခြင်းခံရသည်။ ထို့ကြောင့် နအဖတပ်များ ရွာထဲဝင်လာသောအခါ ယောကျ်ားများသည် ရွာထဲတွင် မနေရဲကြဘဲ ထွက်ပြေး ကြလေသည်။ ရွာထဲ၌အမျိုးသမီးများနှင့်ကလေးများသာ ကျန်ရှိနေသည်။ ထိုအခါ ဤအမျိုးသမီးများနှင့် ကလေးများသည် မတရားခိုင်းစေခြင်းအမျိုးမျိုးအပါအဝင် မုဒိမ်းကျင့်ခံရခြင်း၊ နည်းမျိုးစုံ အနိုင် ကျင့်ခံရခြင်းများကို ကြုံတွေ့ကြရလေတော့သည်။

၎င်းပြင် နအဖတပ်များသည် ရွာထဲသို့ရောက်တိုင်း ရွာသားများ၏ စားနပ်ရိက္ခာကို လုယူကြသည်။ စားနပ်ရိက္ခာဆိုသည်မှာ ဆန်စပါးအပါအဝင်၊ အိမ်မွေးတိရိစ္ဆာန်များနှင့် အခြား စားသောက်စရာ ပစ္စည်းများလည်းပါဝင်သည်။

“*(၁၀/၁/၀၄) မှ (၁၇/၁/၀၄) ရက်နေ့အထိ နအဖ၏ခြေမြန်တပ်မ (၆၆) ခမရ တပ်ဖွဲ့ တဖွဲ့သည် စစ်ဆင်ရေးကာလအတွင်း တယ်တောခီးနှင့် ဆောဘွဲဒဲရွာ (ကျောက်ညှပ်နှင့် ဖါပွန် ကားလမ်းပေါ်တွင် ရှိသည်။) သို့ရောက်ရှိလာသည်။ ၎င်းတပ်သည် တအိမ်လျှင် ဆန်(၁)တင်း အပြင် ရွာသားများ၏ ကြက် (၆)ကောင်၊ ကြောင်(၁)ကောင်၊ ကြံသကာ(၄)ပိဿာ၊ ကောက်ညှင်းဆန် (၄)ပုံး၊ စပါး(၃)တင်း၊ ငါးပိ (၂)ပိဿာ၊ စကော(၂)ချပ်၊ ခြင်းတောင်း (၂)လုံးတို့ကို လုယက်ယူငင်သွားကြသည်။*” (ကေအဲန်ယူ ပြန်ကြားရေးဌာန ၂၀၀၄ ခု ဇန္နဝါရီလ)

---

၂၃ ဒေသရွာသားများ၏ အဆိုအရ၊ “ငြိမ်းချမ်းရေးရွာများ” ဟု ဆိုရာတွင်၊ “အပစ်အခတ် ရပ်စဲသည့်ရွာ” သို့မဟုတ် “လက်နက်ချရွာ” များဖြစ်ကြသည်။ ရွာသားများသည်၊ ဤရွာများအတွင်း နေထိုင်ကြသူများမှာ ခုခံရေးလှုပ်ရှားမှုကို စွန့်လွှတ်သူများဖြစ်ပြီး၊ နအဖစစ်အစိုးရတပ်လက်အောက်သို့အညံ့ခံကြသူများ ဖြစ်သည်ဟု ၎င်းတို့ကဆိုကြသည်။

*“ရိက္ခာများ သယ်ပို့သည့် ကားတန်းများ ဖြတ်သွားသောအခါ ကျနော်တို့က လမ်းရှင်းပေးခြင်း၊ ယင်းလမ်းကို စောင့်ပေးခြင်းများ ပြုလုပ်ရန် အမိန့်ပေးသည်။ ယောကျ်ားရော မိန်းမပါ ဤအလုပ်ကို လုပ်ကြရသည်။ လူတိုင်းလူတိုင်း (၃)ရက် (၃)ည တာဝန်ယူပြီး အိပ်စောင့်ကြရသည်။ (၃)ရက်ပြည့်သွားပြီးမှ အခြားသူ တဦးဦးကို အစားထိုးပြီး အိမ်ပြန်နိုင်သည်။ ရိက္ခာကားတန်း မရောက်မီ၊ လမ်းများအားရှင်းထားရန် အမိန့်ပေးသည်။”* (ခေါပူ ကျေးရွာမှ ဒုက္ခသည်တဦး။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ “ဝတ်မွတ်ခြင်းနှင့် အသက်ရှင် ရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှားမှု” ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ)

ဤရွှေ့ပြောင်းရွာတွင် နေထိုင်ကြသည့်ရွာသားများမှာ ၎င်းတို့စားသောက်ရန် ရိက္ခာအတွက် လွတ်လွတ်လပ်လပ် စိုက်ပျိုးခွင့်မရကြပါ။ အကြောင်းမှာ ယင်းပတ်ဝန်းကျင်တဝိုက်ရှိ နေရာများသည် စစ်သားများအတွက် မည်သူ့ကိုမဆို လွတ်လပ်စွာ ပစ်သတ်ခွင့်ရှိသော နေရာများ ဖြစ်ကြသည်။ ထို့ကြောင့်ရွာသားများသည် ရွာအပြင်သို့ရောက်ရှိသည့်အခါ IDPs များနည်းတူ စစ်တပ်နှင့်မတိုးမိအောင် ပြေးလွှားပုန်းအောင်းပြီး နေထိုင်ကြရသည်။ သို့မဟုတ်ပါက နအဖတပ်များ၏ ပစ်ခတ်ခြင်းကို ခံကြရမည်ဖြစ်သည်။

## IDPs ac: jynwi;'uon tptaO;rsm;

ဤကျေးရွာသား လူအစုအဝေးများမှာ ၎င်းတို့မူလနေထိုင်ကြသည့် ရပ်ရွာများအား စွန့်လွှတ်ပြီး တောထဲတွင်ပုန်းအောင်းနေထိုင်ကြသူများ ဖြစ်ကြသည်။ ၎င်းတို့ နေထိုင်သည့် နေရာများကို စစ်အစိုးရတပ်မှ အသိအမှတ်ပြုခြင်းမရှိပေ။ ထို့ကြောင့် ဤနေရာများကို နအဖများ တွေ့ရှိပါက ဖျက်ဆီးပစ်သည်။ ဤပုန်းအောင်းနေကြသည့် ရွာသားများသည် ၎င်းတို့ပုန်းအောင်းသည့်နေရာသစ်ကို ၎င်းတို့မူလ နေထိုင်ခဲ့ရွာအမည်ဖြင့်သာ မှည့်ခေါ်ကြသည်။

နအဖတပ်များမှာ ပုံမှန်ကင်းလှည့်မှုများ ပြုလုပ်ကြပြီး IDPs များ ပုန်းအောင်းသည့် နေရာများကို ရှာဖွေကြသည်။ ရှာဖွေတွေ့ရှိပါက ၎င်းတို့သည် နေရာများနှင့် ရိက္ခာများကို အကုန်အစင် ဖျက်ဆီးပစ်လိုက်ကြသည်။ IDPs များ အသက်ရှင်ရပ်တည်ရေးတွင် အခက်အခဲဖြစ်အောင် တမင်ပြုလုပ်ခြင်း ဖြစ်သည်။ ဥပမာ ၂၀၀၃ ခုနှစ် ဧပြီလက နအဖတပ်ဖွဲ့တဖွဲ့သည် IDPs တစု ပုန်းအောင်းသည့်နေရာကို တွေ့ရှိလိုက်သည်။ ထိုနေရာသည် သံလွင်အထက်ရေကာတာ နေရာနှင့်နီးသည်။ ထိုအခါ နအဖတပ်များသည် ဤ IDPs များ ပုန်းအောင်းသည့်နေရာကို

ချက်ခြင်းဖျက်ဆီးလိုက်သည်။ ၎င်းတို့၏ ရိက္ခာများနှင့် စိုက်ခင်းများ အားလုံး ဖျက်ဆီးခြင်းခံရသည်။

ဉပဒေပြင်ပ IDPs များအား သတ်ဖြတ်မှုများမှာ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။ ၂၀၀၃ ခုနှစ် မေလတွင် နအဖတပ်ဖွဲ့တဖွဲ့သည် IDPs များပုန်းအောင်းနေသည့် နေရာတနေရာသို့ ရောက်ရှိသွားသည်။ ဤနေရာသည် သံလွင်မြစ်ကမ်းဘေးရှိ မယ်နူထာရွာဖြစ်သည်။ နအဖစစ်သားများသည်။ (၁၆)နှစ်အရွယ် မိန်းကလေးတဦးနှင့် (၃၃)နှစ်အရွယ် ယောကျ်ား တဦးကို ပစ်သတ်သွားသည်။[၂၆]

## vlclca&; - vr;rsm;Ei ajrjrlyri;rsm;

ဗြိတိသျှကိုလိုနီခေတ်ကတည်းက ဖောက်လုပ်ခဲ့သည့် လမ်းအချို့ရှိသည်။ ဤလမ်း များမှာ ဖါပွန်–ဓါးခွင်လမ်းနှင့် ဖါပွန်–ကျောက်ညှပ်လမ်းများ ဖြစ်သည်။ ၁၉၉၅ ခုနှစ်ကစပြီး နအဖတပ်များသည် ဤလမ်းများကို ရိက္ခာသယ်ယူပို့ဆောင်ရေး အတွက် ပြန်လည်အသုံးပြုသည်။ ယခုကဲ့သို့ အသုံးပြုနိုင်ရန်အတွက် လမ်းဘေးတလျှောက်၌ မြေမြှုပ်မိုင်းများ ထောင်ထားကာ လမ်းများကိုကာကွယ်ထားသည်။

သံလွင်မြစ်ကမ်းဘေးတလျှောက်အား ထိန်းချုပ်နိုင်ရေးအတွက် ၁၉၉၅ ခုနှစ်တွင် နအဖတပ်များသည် ရိက္ခာသယ်ယူပို့ဆောင်ရန် ဖါပွန်–ခေါ်ပူ–ကျောက်ညှပ် ကားလမ်းကို အသုံးပြုခဲ့သည်။ ဤလမ်းမှာ စီမံကိန်းချထားသည့် သံလွင်အထက်ပိုင်း ရေကာတာ၏ အထက်နားလေးတွင်ရှိသည်။ ဤလမ်းကို နအဖတပ်များက ရွာသားများအား အဓမ္မခိုင်းစေမှုဖြင့် ၁၉၉၉ ခုနှစ်တွင် ပြန်လည်ပြုပြင်ဖောက်လုပ်ခဲ့သည်။ ဤသို့ဖြင့် ဓါးခွင်တွင် တပ်ချထားသည့် နအဖ တပ်များအတွက် ရိက္ခာများကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

၂၀၀၄ ခုနှစ် မတ်လနှင့် ဧပြီလတွင် နအဖသည် ခေါ်ပူမှ ဖေါထာသို့ လမ်းတခု ဖောက်လုပ်ပြန်သည်။ ဖောက်လုပ်ထားသည့် လမ်းဘေးတလျှောက်တွင် မြေမြှုပ်မိုင်းချထားသည်။ မြေမြှုပ်မိုင်းများမှာ ဒေသခံရွာသားများအတွက် သေမင်းတမန်များ ဖြစ်ကြသည်။ ရွာသူရွာသားများမှာ နအဖတပ်များအတွက် ပေါ်တာအဖြစ်လည်းကောင်း၊ လမ်းများအား ရှင်းပေးရန်အတွက်လည်းကောင်း ဆောင်ရွက်ကြရာတွင် မကြာခဏဆိုသလိုပင် မိုင်းများအား တက်နင်းမိ၍ ဒဏ်ရာများ ရရှိလေသည်။

[၂၆] နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ ၂၀၀၃ ခုနှစ် အစီရင်ခံစာ၊

ယင်းဒေသရှိ ကေအဲန်ယူ အဖွဲ့အစည်းထံမှ သတင်းအရ

*၁၇/၃/၀၃ ရက်နေ့တွင် ဘူးသို မြို့နယ်အတွင်း လှုပ်ရှားလျက်ရှိသည့် နအဖတပ်ရင်း တရင်းသည် ထီးဘောခီးရွာသားများအား ပန်ဟိုက်သို့ တပ်ရိက္ခာများကို ပို့ဆောင်ပေးရန် အမိန့်ပေးခဲ့သည်။ ဤသို့ ဖြင့် ရိက္ခာများ သွားပို့ပေးသည့် ရွာသားများသည် အပြန်လမ်းတွင် နအဖထောင်ထားသည့် မိုင်းဗုံးတက်နင်းမိသဖြင့် ရိက္ခာပို့ပေးရသူများထဲမှ နော်ကွယ်ထူးမှာ ဒဏ်ရာရကာ ခြေတဖက်ပြတ်သွားလေသည်။*[၂၅]

နအဖသည် ကျေးရွာဝန်းကျင်တဝိုက်တွင်လည်း မြေမြှုပ်မိုင်းများထောင်ထားသည်။

"*ကျနော်တို့ဟာ ခြံမြေများမှာ စိုက်ပျိုးထားတဲ့ အပင်များကို ပြုစုရန်အတွက် ရွာကနေ ခြံသို့အလုပ်လုပ်ရန်သွားလာရာတွင် မိုင်းဗုံးအန္တရာယ်ကို ကြောက်နေရပါတယ်။*" (ဖါပွန်ခရိုင်၊ လူသောမြို့နယ်၊ ပဒဲဒဲရွာသားနှင့် တွေ့ဆုံမေးမြန်းချက်)

နယ်မြေအတွင်း စစ်ပြုတိုက်ခိုက်မှုများ လျော့နည်းကျဆင်းသွားသော်လည်း မြေမြှုပ်မိုင်း ကြောင့် ဒဏ်ရာရသူ အရေအတွက်မှာ ကံမကောင်း အကြောင်းမလှစွာဘဲ လျော့နည်းကျဆင်း သွားခြင်းမရှိပေ။ နယ်မြေအတွင်း၌ နအဖတပ်များ၏ စစ်ဆင်ရေး မရှိပါက ရွာသူရွာသားများ သည် အပြင်သို့ပို၍ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပြီး လည်ပတ်သွားလာကာ စားဝတ်နေရေး အတွက် ရှာကြံကြရသည်။ ဤအချိန်မျိုးတွင် မြေမြှုပ်မိုင်း တက်နင်းမိမည့် အန္တရာယ် အလွန်ကြီးပါသည်။

နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့၏ အစီရင်ခံချက်အရ၊ ၂၀၀၃ ခုနှစ်အတွင်း ဖါပွန်ခရိုင်တွင် မိုင်းဗုံးတက်နင်းမိပြီး ဒဏ်ရာရသူ (၁၂)ဦးရှိခဲ့သည်။ သက္ကရာဇ် ၂၀၀၂ ခုနှစ်တွင် ဤနယ်မြေအတွင်း စစ်ရေးလှုပ်ရှားမှု ပိုများခဲ့သော်လည်း မိုင်းတက်နင်းမိသည့်ဖြစ်ရပ် (၃)ခုသာရှိခဲ့သည်။

[၂၅] ဆွေမျိုးများအဆိုအရ ဤအမျိုးသမီးကို နအဖက ဖါပွန်ဆေးရုံသို့ ပို့ပေးခဲ့သော်လည်း ဆေးဝါးကုသမှု ကုန်ကျစရိတ်ကိုမူ သူမ၏မိသားစုကသာ အကုန်ခံရသည်။

# tpm;tpmzlva&;

]စ်အစိုးရတပ်များ ဝင်ရောက်ခြင်းမရှိသေးခင်က ဤအရှေ့ပိုင်း ဖါပွန်ဒေသရှိ ကျေးရွာ အုပ်စု (၃)စုအတွက် ထွက်ရှိသည့် ရိက္ခာသီးနှံသည် ဒေသခံလူထုအတွက် ဖူလုံလေ့ ရှိပါသည်။ ရိက္ခာရှားပါးမှု ပေါ်ပေါက်လာပါက ရွာသူရွာသားများသည် တရွာနှင့်တရွာ လွတ် လွတ်လပ်လပ် သွားလာလှုပ်ရှားနိုင်သဖြင့် ၎င်းတို့သည် အနီးအနားရှိ ဈေးကွက်များတွင် မိမိတို့၏ ထွက်ကုန်ပစ္စည်းများအား ရောင်းချကြကာ ၎င်းတို့လိုအပ်သည့် အခြားကုန်ပစ္စည်း များကို ဝယ်ယူကြသည်။ ဒေသထွက်ကုန်ပစ္စည်းအချို့ကို ထိုင်းနိုင်ငံသို့ ရောင်းချကြသည်။

ဤကုန်ပစ္စည်းများထဲတွင် သစ်တောထွက်ပစ္စည်းများဖြစ်ကြသည့် သစ်သီးဝလံများ၊ ပျားရည်များ ပါဝင်ကြလေသည်။ အိမ်မွေးတိရိစ္ဆာန်များဖြစ်သည့် ကြက်၊ ဝက်များလည်းပါဝင်သည်။ အချို့ရွာသားများမှာ ရွာမှထွက်ခွာပြီး အခြားအရပ်ဒေသများတွင် မိမိတို့၏ လုပ်အား များကို ရောင်းစားကြသည်။

ယနေ့ဆိုလျှင် ဤဒေသအတွင်း နအဖစစ်တပ်များ၏လှုပ်ရှားမှု များပြားလာနေခြင်း၊ ရပ်ရွာများအား အဓမ္မရွှေ့ပြောင်းစေမှုများ ဖြစ်ပေါ်နေခြင်းနှင့် လမ်းများအား ဖောက်လုပ် ရာတွင် လုပ်အားပေးနေရခြင်း၊ နအဖတပ်များက ရွာသားများ၏ လှုပ်ရှားမှုကို ကန့်သတ် ချုပ်ချယ်နေခြင်းနှင့် စစ်အစိုးရတပ်များ၏ အခြားအနိုင်ကျင့်သည့် လုပ်ရပ်အမျိုးမျိုးကြောင့် ဤဒေသတွင်း အစားအသောက်ဖူလုံရေးကို ခြိမ်းခြောက်လျှက်ရှိသည်။

နအဖစစ်တပ်၏ ၁၉၉၅ ခုနှစ် ထိုးစစ်မှစပြီး ပန်ဟိုက်ကျေးရွာအုပ်စုတွင် လယ်ယာမြေအကွက် ၅၀ (စုစုပေါင်း ဧက ၄၈၇ (သို့) ၂.၁၇ စတုရန်းမိုင်)သည် ယနေ့ထိတိုင် ရွာသားများမှ စွန့်ပစ်ခဲ့ ရပြီး လုပ်ကိုင်စားသောက်သူမရှိဘဲ ဖြစ်နေခဲ့ရသည်။ ဤလယ်ယာမြေများတွင် စပါးထုတ်လုပ် မှုကို မပြုလုပ်နိုင်ခြင်းကြောင့် တနှစ်လျှင် စပါးလျော့နည်းဆုံးရှုံးမှုမှာ တင်းပေါင်း (၁၉ ၄၀၀) ရှိသည်ကို ပြဆို နေသည်။ စပါးတတင်း၏ ဈေးနှုန်းမှာ ဘတ်ငွေ(၁၂၀)နှင့် တွက်ပါက ဆုံးရှုံးသည့် တန်ဖိုးမှာ ဘတ်ငွေ (၂.၃)သန်းခန့်ရှိပေသည်။ ဤသည်မှာ တောင်ယာစပါးများကို ပါဝင် တွက်ချက်ခြင်း မရှိသေးပေ။ ဒေသခံလူထုအတော်များများက တောင်ယာစပါး ထုတ်လုပ်မှု အပေါ် မှီခိုနေကြရသည်။ ဤတောင်ပေါ်ဒေသသည် စစ်အစိုးရစစ်တပ်မှ လူများအား လွတ်လပ်စွာပစ်သတ်နိုင်သဖြင့် ထုတ်လုပ်မှုကို များစွာထိခိုက်နစ်နာစေသည်။

၂၀၀၄ ခုနှစ် မတ်လနှင့် ဧပြီလတွင် နအဖတပ်ရင်း (၃၇၉)မှ ခေါ်ပူ–ဖေါ်ထာ ကားလမ်းကို ဖောက်လုပ်ရာတွင် ခေါ်ပူကျေးရွာအုပ်စုတွင်း သီးရိုးချောင်းတလျှောက်နှင့် မယ်ရယ်ချောင်းတလျှောက်




မြေပုံ(၁၅) ဖါပွန်ခရိုင်အရှေ့ပိုင်းနယ်မြေရှိ ရေသွင်းစပါးစိုက်ပျိုးသည့်လယ်ယာများပြမြေပုံ

ရှိ လွင်ပြင်မှ လယ်ကွက် (၂၅)ကွက် (၅၁–ဧကေ) ရှိရာ ဤလယ်ကွက်များသည် အပြီးအပိုင် ဖျက်ဆီးခြင်း ခံကြရသည်။

ယခုအချိန်တွင် နအဖတပ်များသည် ဒေသအတွင်းအစဉ်အမြဲ တပ်ချထားသဖြင့် ထိုင်းနိုင်ငံမှ ရိက္ခာများကို ဝယ်ယူပြီး သယ်ဆောင်ရာမှာ အလွန်ခက်ခဲလျက်ရှိသည်။ ရွာသူရွာသားများသည် ပြည်တွင်းဒုက္ခသည် IDPsများအဖြစ် နေထိုင်ကြရသဖြင့် အခြားဝင်ငွေများ ရရှိရန်အတွက်လည်း အကန့်အသတ် အလွန်ကြီးမားပါသည်။

အချို့ရွာသားများသည် အသက်စွန့်ပြီး ထိုင်းနိုင်ငံတွင် ဆေး၊ ဆေးပစ္စည်းနှင့် အခြားကုန်ပစ္စည်းများ သွားရောက်ဝယ်ယူကာ IDPs အစုအဝေးအတွင်း၌ ပြန်လည်ရောင်းချလျက်ရှိသည်။

စားနပ်ရိက္ခာမရှိခြင်းသည် ပြည်တွင်းဒုက္ခသည် IDPs များအား ထိုင်းနိုင်ငံသို့ ဒုက္ခသည်အဖြစ် သွားရောက်နေထိုင်စေသည့် အဓိကအကြောင်းရင်းဖြစ်သည်။ IDPs များသည် ၎င်းတို့၏ ရပ်ရွာနှင့် မနီးမဝေးနေရာတွင် နေထိုင်ရရေးအတွက် အလွန်ကြီးသည့် အခက်အခဲနှင့် အန္တရာယ်များကို ရင်ဆိုင်ရန် အသင့်ရှိနေသည်။ ၎င်းတို့သည် နအဖထိန်းချုပ်ထားသည့် နေရာ သို့မဟုတ် ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများတွင် မနေလိုကြပေ။

နအဖတပ်များအား ရှောင်ရှားရန် ပုန်းအောင်းရာ၌ပင် ၎င်းတို့သည် မိမိတို့ နေထိုင်ခဲ့ကြသည့် ရပ်ရွာနှင့် မနီးမဝေး အရပ်၌သာ ခိုကပ်ပြီး ပုန်းအောင်းနေထိုင်လိုကြသည်။ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းသို့ သွားရောက်နေထိုင်ကြရခြင်းမှာ ၎င်းတို့အတွက် အခြားရွေးချယ်စရာ မရှိသောကြောင့်သာ နောက်ဆုံးရွေးချယ်မှုအနေဖြင့် သွားရောက်နေထိုင်ရခြင်းဖြစ်သည်။ တနည်းအားဖြင့် ၎င်းတို့အတွက်အခြားရွေးချယ်စရာမရှိသော အခြေအနေရောက်နေ၍သာ ဖြစ်သည်။ အဓိပ္ပါယ်မှာ ၎င်းတို့တွင် စားသောက်စရာအတွက် ဘာမျှမရှိသောကြောင့်ဖြစ်သည်။

ဘွားဒဲကျေးရွာအုပ်စု၊ ဘွားဒဲကျေးရွာတွင်နေထိုင်ခဲ့သည့် ပြည်တွင်းဒုက္ခသည် IDPs အမျိုးသမီးကြီးတဦးက ယခင်အေးအေးချမ်းချမ်း နေထိုင်ခဲ့ရသော အခြေအနေကို ယခုလို ရှင်းပြပါသည်။

*“ယနေ့ကာလ အသက်မွေးဝမ်းကြောင်းရာတွင် ရှေးယခင်ကာလကလို ပျော်စရာ မကောင်းတော့ပါ။ ကျမတို့ဟာ အခုအချိန် သီးနှံများ စိုက်ပျိုးရာတွင် အမြဲဘဲ စိုးရိမ်နေကြရတယ်။ ယခင်အချိန် (နအဖ စစ်တပ်ဝင်ရောက်ပြီးစစ်ဆင်ရေးများ မလုပ်သေးသည့်အချိန်)ကဆိုရင် နေရထိုင်ရတာ ဘယ်လောက်ပျော်စရာကောင်းသလဲ၊ ဆန်စပါးစိုက်ပျိုးရာတွင် ကျမတို့ တဦးနှင့်တဦးအပြန်အလှန် ကူညီကြတယ်။ အတူတကွ အလုပ်လုပ်ကြတာဟာ အလွန်ပျော်စရာကောင်းတယ်။ အခုဆိုရင် ကျမတို့ တောင်ယာအကျယ်ကြီးကို ခုတ်စားလို့ မရတော့ပါ။ အလွန်*

*စိုးရိမ်နေရတဲ့ အချိန် ဖြစ်နေလို့ဘဲ"* (ကရင်မြစ်ချောင်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ တွေ့ဆုံမေးမြန်းခြင်း။ စက်တင်ဘာ ၂၀၀၃ ခု)

ဤနှစ်မိုးကာလတွင် ရွာသူရွာသားများ ကြွက်ကပ်ဘေး[၂၆]နှင့်ရင်ဆိုင်ကြရသည်။ ကြွက်များသည် စိုက်ခင်းထဲရှိ စပါးသီးနှံအားလုံးကို စားသောက်ဖျက်ဆီးကြသည်။ အဓိပ္ပါယ်မှာ ဤနှစ်အတွင်း အစားအစာရှားပါးမှု မုချပေါ်ပေါက်မည် ဖြစ်သည်။ ရွာသားများအတွက် အခုလို ကပ်ဘေးကြောင့် ရိက္ခာရှားပါးမှုမှာ တနှစ်တည်းနှင့်ပင် ပြီးဆုံးမည်မဟုတ်ပေ။ နောင်နှစ်များသို့လည်း ဆက်သွားမည်ကို ၎င်းတို့ကောင်းကောင်းသိကြသည်။ ရှေ့ယခင် ကရင်လူကြီးသူမများက ယခုကဲ့သို့ ဆိုရိုးစကားများကို ပြောထားခဲ့ကြသည်။ *"အငတ်ဘေးကျရောက်တာတော့ တနှစ်ထဲဘဲ။ ဒါပေမဲ့ ဖြစ်ပေါ်လာမဲ့ ဆိုးကျိုးကတော့ (၃)နှစ်အထိ ဆက်ဖြစ်ပွားတယ်"* စစ်အစိုးရကြောင့် ဒေသခံလူထုများမှာ ရိက္ခာပြဿနာနှင့် ဆိုးဝါးစွာ ခံနေကြရပြီး ဖြစ်သည့်အားလျော်စွာ နောင်အချိန်များတွင်လည်း ကြွက်ကပ်ဘေး ထပ်မံကျရောက်ရန် အလွန်သေချာပြီး အလွန်ဆိုးဝါးသည့် အကျိုးဆက်များကို ခံစားကြရမည်ဖြစ်သည်။

## u;se;rma&;

] တာတောင်ထူထပ်သည့် ဒေသတွင်နေထိုင်ရေးမှာ အလွန်ကြမ်းတမ်းသည်။ မိုးရာသီကာလလည်း ရှည်ကြာသည်။ ဤအခြေအနေကြောင့် ငှက်ဖျားရောဂါမှာ ပုံမှန်တည်ရှိသည့်ရောဂါဖြစ်နေသည်။ ဤဒေသတွင်နေထိုင်ကြသည့် ပြည်တွင်းဒုက္ခသည် IDPs များသည် ဝမ်းလျှောရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့်လည်း ခံစားကြရသည်။

နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့(ကရင်)၏ လေ့လာချက်အရ ဖါပွန်ဒေသတွင်း သက္ကရာဇ် ၂၀၀၀ မှ ၂၀၀၃ ခုနှစ်အထိ ကာလတွင် အသက် (၅) နှစ်အောက် ကလေးများထဲတွင်အဟာရချို့တဲ့နှုန်းမှာ (၁၂%)ရှိသည်။[၂၇] အသက် (၅)နှစ်အောက် ကလေးများ၏ သေဆုံးမှုနှုန်းမှာ ကလေး (၁၀၀၀) လျှင် (၂၅၀) အထိရှိသည်။

[၂၆] ဒေသခံရွာသားများက အလေ့ကျ ပေါက်ပွားလျှက်ရှိသောဝါးများ သီးပွင့်ခြင်း (ဇန္နဝါရီလမှ မတ်လအထိ)ကြောင့် ကြွက်ကပ်ဘေး ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်ဟု ပြောပြသည်။ ကြွက်များမှာ ဤဝါးသီးနှံများအားစားသုံးရန် အလုံးအရင်းနှင့် ထွက်လာကြသည်။ မိုးကျလာသောအခါ ဝါးသီးများ မရှိတော့ချေ။ ထိုအခါ ယင်းကြွက်များသည် အခြားနေရာ အနှံ့အပြားသို့သွားကာ စပါးအပါအဝင် အခြားသီးနှံများကို စားသုံးဖျက်ဆီးကြလေသည်။

[၂၇] ကယ်ဆယ်ရေးအဖွဲ့အစည်းများ ယေဘူယျသဘောတူညီခဲ့သည်မှာ အကယ်၍ အဟာရချို့တဲ့နေသည့် ကလေး (၈%)ရှိနေသည်ဟု တွေ့ရှိပါက အရေးပေါ် အဟာရထောက်ပံ့မှုများပြုလုပ်မည်။

ကျန်းမာရေးလုပ်သားတဦးမှ ယခုကဲ့သို့ ရှင်းပြသည်။

"*မွေးကင်းစ ကလေးတွေ သေဆုံးရတာဟာ ကိုယ်ဝန်ဆောင်မိခင်က နအဖ စစ်တပ်ကြောင့် တောတွင်းမှာ ပြေးလွှာပုန်းအောင်းနေရပြီး ကျန်းမာရေးပြုစုမှု လုံလုံလောက်လောက်မခံရတာကြောင့်နဲ့ အဲဒီကိုယ်ဝန်ဆောင်မိခင်တွေဟာ လေးလံတဲ့အထုပ်အပိုးတွေကိုလွယ်၊ ခက်ခဲကြမ်းတမ်းတဲ့လမ်းကိုလျှောက်၊ လုံလောက်တဲ့ နားချိန်လည်းမရ၊ အဟာရပြည့်ဝတဲ့ အစားအစာလည်း မစားရဘဲ ဖြစ်နေကြလို့ပါဘဲ။*" (ကရင်မြစ်ချောင်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းခြင်း စက်တင်ဘာ ၂၀၀၃ ခု)

ဤဒေသအတွင်း ကျန်းမာရေးပြဿနာ အလွန်ဆိုးဝါးနေရခြင်း၏ အဓိက အကြောင်းရင်းမှာ ဆေးဝါးမရှိသောကြောင့်ဖြစ်သည်။ ဤကဲ့သို့ ဆေးဝါးမရှိခြင်းကလည်း ဤဒေသအတွင်း နအဖတပ်များ၏ နှောက်ယှက်မှုကြောင့် သွားလာရခက်ခဲ၍ဖြစ်သည်။ နအဖတပ်များကလည်း ရွာသားများထံ၌ ခေတ်မီဆေးဝါးတွေ့ရှိပါက ခုခံရေးအင်အားစုကို အားပေးသည်ဟု စွပ်စွဲကာ အပြစ်ပေးအရေးယူသည်။ (ကရင်လူ့အခွင့်အရေးအဖွဲ့၏ ရှင်းပြချက်။)

"ဆေးဝါးများ သယ်ယူပို့ဆောင်ခြင်းကို တားမြစ်ထားသည်။ ဆေးဝါးများ လက်ဝယ်ထားရှိသူကို တွေ့ရှိပါက မည်သို့မျှ အကြောင်းပြရှင်းလင်းထုချေ၍မရဘဲ အဖမ်းခံရမည်။ ဆေးမှာ အနည်းငယ်သာ ဖြစ်ပြီး ကိုယ်ပိုင်သုံးအတွက်သာ ဖြစ်စေကာမူ အသတ်ခံရနိုင်ဘွယ်ရှိသည်။" (ကရင်လူ့အခွင့်အရေးအဖွဲ့၏ "ငတ်မွတ်ခြင်းနှင့် အသက်ရှင်ရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှားမှု" ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ)

ပြည်တွင်းဒုက္ခသည် IDPs များအတွက် ဖွင့်လှစ်ထားသည့် ရွှေ့ပြောင်းဆေးခန်းလေးတခု၏ အစီရင်ခံချက်အရ IDPs များထဲတွင် ငှက်ဖျားရောဂါနှင့် အပြင်းအထန်အသက်ရှူကြပ်ရောဂါ (ARI)များ ခံစားရသူ အလွန်များပြားနေသည်ကို တွေ့ရှိရကြောင်း၊ ဤကဲ့သို့ဖြစ်ရခြင်းမှာ ၎င်းတို့သည် အတင်းအဓမ္မမှုများကြောင့် တောတွင်း၌ပြေးလွှားနေရခြင်းကြောင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှု အနည်းအကျဉ်းသာ ခံယူရရှိခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။

"*ကျနော်တို့ထွက်ပြေးတဲ့အခါ ရောဂါအမျိုးမျိုးနဲ့ သေခြင်းကို ရင်ဆိုင်ခဲ့ရသည်။ ကျနော်တို့မှာ ဘာဆေးဝါးမှ မရှိပါ။ ဆေးဝါးကိုရရှိဘို့ ဘယ်မှမသွားရဲ၊ မလာရဲ ဖြစ်နေပါတယ်။*" (ကလောခီးဒဲရွာသားတဦး။ ကရင်မြစ်ချောင်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ တွေ့ဆုံမေးမြန်းခြင်း။ စက်တင်ဘာ၊ ၂၀၀၃ ခု)

ရွာသားအများစုမှာ ဖျားနာရာတွင် ရောဂါပျောက်ကင်းရန်အတွက် တောတွင်းမှ ရရှိသည့် အစဉ်အလာ သစ်မြစ်ဝါးမြစ်တို့ကိုသာ စားသုံးကြသည်။

*"ကျနော်တို့ရွာထဲမှာ ခံစားရသည့်ရောဂါအမျိုးအစားမှာ များလှပါသည်။ ကလေးအများစုမှာ ကိုယ်ပူ၊ ခေါင်းကိုက်၊ ဖျားနာခြင်းနှင့် ငှက်ဖျားရောဂါဖြစ်ခြင်းတို့ကို ခံစားကြရသည်။ သို့ရာတွင် ၎င်းတို့ကို တောဆေးများဖြင့်သာ ကုသနေရသည်။"* (ကရင်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့မှ ဝေနော်ဒဲရွာသားတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း။ ဘူးသိုမြို့နယ်၊ ဖါပွန်ခရိုင်)

ဤသေးငယ်သော ဒေသအတွင်းရှိနေသည့် ကျန်းမာရေးပြဿနာမှာ တတိုင်းပြည်လုံးနှင့် စာလျှင် ပင်လယ်ထဲတွင် မျှောနေသော ရေခဲတုံးကြီးကဲ့သို့ ရေပေါ်တွင်ပေါ်နေသည့် အစိတ်အပိုင်းမှာ အနည်းငယ်သာ ဖြစ်သည်။ သို့သော်စစ်အစိုးရ၏အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး ညံ့ဖျင်းမှုကြောင့်ပို၍သာဆိုးလာစေခဲ့ပါသည်။ ဤအခြေအနေတွင်စစ်အစိုးရသည် ၎င်းတို့ဖျက်ဆီးပြစ်နေသောယင်းဒေသမှလူထုများအတွက် ကျန်းမာရေးဆောင် ရွက်မှုများကိုခွင့်ပြုမည်မဟုတ်ပေ။ တကယ်တွင်ယင်းအခြေအနေမှာ အံ့သြစရာအကြောင်း တော့မဟုတ်ပေ။

## ynma&;

ဤဒေသအတွင်း နေထိုင်ကြသည့် ရွာသားများမှာ ပညာရေးကိုတန်ဖိုးထားကြသည်။ ပြည်တွင်းဒုက္ခသည် IDPs ဘဝဖြင့် နေထိုင်ကြသူများသည် အခက်အခဲများကြားမှ ၎င်းတို့၏ ကလေးများအတွက် ကျောင်းများကို စီစဉ်ပေးနေပါသည်။ ဤကျောင်းများသည် စစ်အစိုးရ တပ်များ၏ စစ်ဆင်ရေးလှုပ်ရှားမှုကြောင့် မကြာခဏ ပိတ်ထားရသည်။ အချိန်ပြည့် သင်ကြားပေးမည့် ကျောင်းဆရာများ ရရှိရေးမှာလည်း စိန်ခေါ်မှုတခု ဖြစ်နေပါသည်။ ကျောင်းဆရာများလည်း အခြားသူများနည်းတူ စားဝတ်နေရေးအတွက် ရှာဖွေစားသောက်ရန် လိုပေသည်။ ၎င်းတို့သည် ၎င်းတို့ဘာသာ မြေယာစိုက်ပျိုးရေးလုပ်ငန်းကိုလည်း လုပ်ကြရပါသည်။

ဒေသဆိုင်ရာ လူအစုအဝေး ဖွံ့ဖြိုးမှုလုပ်သားများ၏ အဆိုအရ ဤဒေသတွင်ရှိနေကြသည့် လူအစုအဝေးအားလုံးလိုလိုမှာ ပညာရေးလုပ်ငန်းကို အားပေးရန်အတွက် ကျေးရွာစီမံကိန်းများကို ချမှတ်ကြပါသည်။ ဥပမာ– ပညာရေးရံပုံငွေများ တည်ထောင်သည်။ လက်လီဆိုင်ဖွင့်ပြီး စျေးရောင်းရရှိသည့် အမြတ်အစွန်းများကို ကျောင်းဆရာများအား ထောက်ပံ့ကြသည်။

ဒေသအတွင်းရှိကျောင်းများမှာ အမြင့်ဆုံး (၄)တန်းအထိ ရှိပါသည်။ ကလေးများမှာ ကရင်ဘာသာဖြင့် အရေး၊ အဖတ်နှင့် အခြေခံဂဏန်းသင်္ချာတွက်ချက်ခြင်းများကို သင်ကြား

ကြရသည်။ ဤအမြင့်ဆုံး (၄)တန်းကို အောင်မြင်ကြသည့် ကလေးများမှာ ၎င်းတို့ပညာရေးကို ဆက်ချင်ပါက ဒေသအပြင်ဘက်သို့ ထွက်သွားကြရသည်။ ကရင်မြစ်ချောင်းများ စောင့်ကြည့် လေ့လာရေးအဖွဲ့၏ ကွင်းဆင်းလေ့လာချက်အရ –ယခုကဲ့သို့ အပြင် ဒေသသို့ ထွက်ပြီး ၎င်းတို့၏ ပညာရေးအတွက် အထက်တန်းကျောင်းပညာကို ဆက်လက်လေ့လာကြသည့် ကလေး သူငယ် ၄၀% ရှိသည်။

ဓါတ်ပုံ– ကရင်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့ (KRW, 2003)



ရေကာတာစီမံကိန်းနေရာအနီးအနား၌ ပုန်းအောင်းနေထိုင်ရသူ ပြည်တွင်းဒုက္ခသည်(IDPs) ကလေးတဦး။

ဓါတ်ပုံ– ကရင်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့ (KRW, 2004)



ဝဲကြီးအနီးတဝိုက်ရှိ ရွာသားများ နတ်ခေါ်ပွဲ (သို့) နတ်စားပွဲ ကျင်းပနေစဉ်။
နတ်များအား ၎င်းင်းတို့၏ရေမြေများကို စောင့်ရှောက်ရန် ပူဇော်ကန်တော့ဆုတောင်းခြင်းဖြစ်သည်။
ဤဆုတောင်းပွဲအခမ်းအနားပြုလုပ်သည့်နေရာမှာ EGAT ၏ ဖြစ်နိုင်ချေလေ့လာရေးနေရာနှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။

# မကြာသေးမီကာလအတွင်း သံလွင်မြစ်ကြောင်းတလျှောက် ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

*"နှစ်နိုင်ငံအကျိုးတူဖွံ့ဖြိုးရေးလုပ်ငန်းသည်နယ်စပ်ဒေသများကိုပို၍ပွင့်လင်းစေမှာဖြစ်ပြီး လူဆိုးများ၊ လူနည်းစုများနှင့် နယ်စပ်တလျှောက်လုံး ပုန်းလျှိုနေသည့် အရာများကို ပပျောက်သွားရုံသာမက ပိုမို၍နယ်မြေလုံခြုံလာမှာဖြစ်သည်။"*

ထိုင်း ဒု–ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ချာဝါလစ် ယောင်ချိုင်ယု၊
ဘန်ကောက်ပို့စ်၊ နိုဝင်ဘာ ၂၈၊ ၂၀၀၂ ခု။

၂၀၀၂ ခုနှစ် ပိုင်းအထိ သံလွင်မြစ်တလျှောက် တပ်ချနေထိုင်ကြသည့် ထိုင်းတပ်နှင့် မြန်မာတပ်များသည် ၎င်းတို့အကြား ရင်းနှီးဆက်ဆံမှု မရှိခဲ့ပါ။ သံလွင်မြစ်ပေါ်တွင် သွားလာနေကြသည့် ထိုင်းလှေများကို မြန်မာတပ်များက မကြာခဏပစ်ခတ်သည်။ သို့ရာတွင် ၂၀၀၃ ခုနှစ်ကစပြီး ဤနယ်မြေတလျှောက် တပ်ချလျက်ရှိသည့် ထိုင်းနှင့်မြန်မာတပ် များသည် တဦးနှင့်တဦးအကြား ပို၍နီးကပ်မှုများ ရှိလာခဲ့သည်ကို တွေ့ရသည်။ ဤသို့ဖြစ်ရ ခြင်းမှာ ရေကာတာ တည်ဆောက်ရေး စီမံကိန်းကြောင့်လည်း ဖြစ်နိုင်သည်။ အထူးသဖြင့် ဖါပွန်ဒေသအား ထိန်းချုပ်ထားသည့် နအဖစစ်တပ် ရတခ(*အရှေ့တောင်တိုင်းစစ်ဌာနချုပ်*)သည် သံလွင်မြစ်ကမ်းတလျှောက် အခြေခံ တပ်စွဲထားသည်။ ထိုင်းတပ်မတော် တပ်ဖွဲ့အမှတ်(၃၆)နှင့် ပိုမို၍နီးကပ်စွာ ဆက်ဆံလာသည်။

ဒေသမှလာသည့် သတင်းအဆိုအရ ကေအဲန်ယူနှင့် စစ်အစိုးရတို့ အပစ်အခတ်ရပ်စဲရေး မဆွေးနွေးခင် ၂၀၀၃–ခုနှစ် နှစ်လယ်ကာလ၌ ထိုင်းအာဏာပိုင်များက ကေအဲန်ယူ ခေါင်းဆောင် များအား သံလွင်မြစ်ရှိ နယ်စပ်တလျှောက်တွင် နအဖတပ်များအား ပစ်ခတ်တိုက်ခိုက်ခြင်း မပြုရန် ပြောဆိုလာသည်။

မြန်မာပြည်ဘက်ကလည်း ၂၀၀၂ ခုနှစ်ကစပြီး နအဖတပ်များသည် သံလွင်မြစ်ကမ်း တလျှောက် သေနင်္ဂဗျူဟာကျသည့် တောင်ထိပ်များပေါ်တွင် စခန်းများ အခိုင်အမာ တည် ဆောက်ကာ တပ်ချနေထိုင်ကြသည်။ ယင်းတပ်စခန်းများကို သွပ်ကြိုးများဖြင့် ကာရံထားပြီး၊

တပ်ခြံဝန်းတလျှောက် မြေမြှုပ်မိုင်းများ ထောင်ထားလေသည်။ တပ်စခန်းထဲ၌လည်း အမြောက်လက်နက်ကြီးများ တပ်ဆင်ထားသည်။ ကေအဲန်ယူထံမှ ရရှိသည့် သတင်းအရ ဝဲကြီး နှင့်နီးသည့် မော်ရစ်ကျိုးတပ်စခန်းနှင့် ခါးခွင်နှင့်နီးသည့် လယ်တိုးတပ်စခန်း၊ သံလွင်–သောင်ရင်းမြစ်နှင့် နီးသည့် မော်မိုကျိုး စသည့် တပ်စခန်းများသည် (၁၂၀)မီလီမီတာ အမြောက်များရှိသည်။ စစ်တပ်များအတွက် လိုအပ်သည့် ရိက္ခာများ သယ်ယူပို့ဆောင်ရာတွင် လမ်းများလည်း ပို၍ ကောင်းမွန်လာသည်။

၂၀၀၄ ခု မတ်လ (၉)ရက်နေ့က နယ်စပ်ရှိ ထိုင်းတပ်များက မြန်မာတပ်သားများအား မယ်ဟောင်ဆောင် တောင်ပိုင်း၊ မယ်စရီးယန်းမြို့သို့ လာရောက်လည်ပတ်နိုင်ရန် အကူအညီပေးကြောင်း သိရသည်။ ထိုအချိန်တွင် ဤနယ်စပ်ဒေသသည် အခြားနယ်ခြားဒေသကဲ့သို့ နယ်ခြားပူးတွဲကော်မတီဖွဲ့စည်းထားခြင်း မရှိသေးချေ။

EGAT မှလည်း ၂၀၀၃ ခု နိုဝင်ဘာလတွင် ဤရေကာတာစီမံကိန်း ဖြစ်နိုင်/မဖြစ်နိုင် လေ့လာသည့် အစီအစဉ်ကို ပြုလုပ်ခဲ့သည်။ ကေအဲန်ယူမှ အာဏာပိုင်များက ဤလေ့လာရေး အစီအစဉ် မဖြစ်လာအောင် ကြိုးပမ်းတားဆီးခဲ့သေးသည်။ ဤအစီအစဉ် ရပ်ဆိုင်းသွားအောင် ဒေသခံ အမျိုးသမီးတဦးက ကြိုးပမ်းခဲ့ပုံကို ယခုကဲ့သို့ပြောကြားသည်။

"*ကျမတို့က 'No Dam' (ရေကာတာမလုပ်ပါနဲ့)ဆိုတဲ့ ပိုစတာကြီးတွေ ရေးဆွဲထားပြီး ကျမတို့နေတဲ့ ဖေါင်ပေါ်မှာ တင်ထားကြတယ်။ ထိုင်းစစ်ဗိုလ်တယောက်က လာပြီး ဒါတွေကို ဖယ်ရှားဘို့ တောင်းဆိုတယ်။ ထိုင်းစစ်ဗိုလ်က 'ခင်ဗျားတို့ဒီလိုလုပ်တာ မကောင်းဘူး။ ခင်ဗျားတို့ ဒီလိုလုပ်ရင် နောက်ပိုင်းမြန်မာစစ်တပ်လာတဲ့အခါ ခင်ဗျားတို့ကို ထိုင်းဘက်ကမ်း ပြေးလာဘို့ ခွင့်ပြုမှာ မဟုတ်ဘူး' လို့ ပြောတယ်။*" ("သံလွင်မျက်စိ"အဖွဲ့ဝင်တဦးနှင့် တွေ့ဆုံမေးမြန်းခန်း။ မတ်လ၊ ၂၀၀၄ ခု)

ဤရေကာတာပြဿနာမှာ ယခုကဲ့သို့ ခြိမ်းခြောက်မှုမျိုးကြောင့် ကေအဲန်ယူအုပ်ချုပ်ရေး အာဏာပိုင်များအား အခက်အခဲဖြစ်စေပါသည်။

"*ဒီကိစ္စက အတော်ကို ခေါင်းခဲစရာကောင်းတယ်။ လွန်ခဲ့တဲ့နှစ်များက ကျနော်တို့ ဒေသကို ရန်သူတပ်များ ရောက်လာတဲ့အခါ **IDPs** တွေက ထိုင်းဘက်ကမ်းသို့ ကူးပြေးလေ့ရှိတယ်။ အခု သူတို့ပြောသလို ပူးပေါင်းဆောင်ရွက်မှုမရှိရင် ဒီထိုင်းစစ်ဗိုလ်ပြောခဲ့သလို ဖြစ်လာနိုင်စရာ အကြောင်းရှိတယ်။*"(KNDO ဒေသတပ်မှူးနှင့် တွေ့ဆုံမေးမြန်းခြင်း။ မတ်လ၊ ၂၀၀၄ ခု)

ကေအဲန်ယူနှင့် နအဖတို့ အပစ်အခတ်ရပ်စဲရေး နောက်ဆုံးဆွေးနွေးပွဲမှာ ၂၀၀၃ ခုနိုဝင်ဘာလတွင် စတင်ခဲ့သည်။ ဖါပွန်နယ်အတွင်း IDPs များ ၎င်းတို့ရပ်ရွာသို့ ပြန်၍နေနိုင်ရန် ကေအဲန်ယူက နအဖအား ဖါပွန်ခရိုင်အတွင်း ၎င်းတို့တပ်များအား ရုပ်သိမ်းရန် အဆိုပြုခဲ့သည်။ သို့ရာတွင် ဤအဆိုပြုချက်ကို နအဖကလက်မခံပေ။ ၎င်းတို့က အမျိုးသားလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးကို အကြောင်းပြပြီး ငြင်းဆန်ခဲ့သည်။ နအဖက ဆက်နေရန် အဓိက ရည်မှန်းချက်မှာ ဤဒေသအား ထိန်းချုပ်စိုးမိုးရေး၊ နယ်စပ်ကုန်သွယ်ရေးနှင့် ရေကာတာတည်ဆောက်ရေးများဖြစ်ကြောင်း ရှင်းနေပါသည်။ (သံလွင်မြစ်ပေါ်ရှိ ရွာတရွာမှ ရွာသားတဦးက 'ကရင်မြစ်ချောင်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့'အား ရှင်းပြချက်)

*"မြန်မာစစ်ဗိုလ်တဦးက လွန်ခဲ့တဲ့လအနည်းငယ်က ကျနော်တို့ရွာကိုရောက်လာပြီး အခုလိုပြောတယ်။ ရေကာတာတည်ဆောက်ရေးမှာ စောသည်ထက်စောပြီး အကောင်အထည်ပေါ်နိုင်ဘို့ ခင်ဗျားတို့ ဆုတောင်းပေးပါ"* (ကလောထာရွာသားနှင့်တွေ့ဆုံမေးမြန်းခြင်း။ စက်တင်ဘာလ၊ ၂၀၀၃ ခု)

မြန်မာစစ်ဗိုလ်က အခုလိုတောင်းဆိုသော်လည်း ရွာသားများက သူပြောသည်အတိုင်း မလုပ်ရုံမျှမက ၎င်းတို့သည် အနီးအနားဝန်းကျင်ရှိ  ရွာသားအယောက် တစ်ရာကျော်စုပြီး ၂၀၀၄ မတ်လ ၁၆ ရက်နေ့တွင် နတ်ပူဇော်ပွဲပြုလုပ်ကာနယ်မြေစောင့်နတ်များမှ ဤသံလွင်မြစ်ကြီးကို ကာကွယ်စောင့်ရှောက်ပေးရန် ဆုတောင်းကြလေသည်။

၂၀၀၃ ခု စက်တင်ဘာလ (၁၆) ရက်နေ့တွင် နအဖ၏ စစ်ဗျူဟာမှူးသည် ဓါးခွင်ကို ရောက်ရှိလာပြီး အခြေအနေများကို လေ့လာသွားသည်။ ဤဒေသရှိလူအများ၏ အဆိုအရ နအဖသည် အခြားတရားဝင် ကုန်သွယ်ရေးဂိတ်တခုကို ဘန့်ထန်းတဖန်(ထိုင်း)ရွာနှင့် မျက်နှာချင်းဆိုင် ဓါးခွင်တွင် ဖွင့်လှစ်ထားရှိရန် စီမံထားသည်။ ဤဂိတ်သည် ထိုင်းနိုင်ငံ မယ်စရီးယန်းမှ ကုန်ပစ္စည်းများကို ဖါပွန်ခရိုင် အတွင်းသို့ တင်ပို့ရန် အထောက်အကူဖြစ်စေမည်။ ဤသို့ဖြင့် "နအဖ"၏ "ရတခ"သည် နယ်စပ် ကုန်သွယ်ရေးကနေ အကျိုးအမြတ်ရရှိသွားမည် ဖြစ်သည်။

ယခုအချိန်တွင် ဤဒေသအတွင်း တရားဝင်နယ်စပ်ကုန်သွယ်ရေးအတွက် နေရာ နှစ်ခုရှိသည်။ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံနယ်စပ် (၃)ခု ဆုံသည့်နေရာ *"တကော်ထာ"* တွင် တခုနှင့် ကယားပြည်နယ်တောင်ပိုင်းနယ်စပ်နှင့် ထိုင်းနိုင်ငံနယ်စပ်တို့ ထိတွေ့သည့်နေရာ "မယ်စက်"တွင် တခုဖြစ်သည်။ ကုန်သွယ်မှုမှာ ထိုင်းနိုင်ငံ မယ်စရီးယန်း၊ စစ်တောင်းမြစ်ဝှမ်းဒေသ၊ တောင်ငူဒေသ နှင့် ကယားပြည်နယ် လွိုင်ကော်မြို့သို့ တင်ပို့ရန် ဖြစ်သည်။ မယ်စက်နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှာ KNPLF ခေါ် ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကယားပြည်နယ်အတွင်း နအဖနှင့် အပစ်အခတ် ရပ်စဲထားသည့်အဖွဲ့)

နှင့် နအဖ၏ အရှေ့ပိုင်းတိုင်းစစ်ဌာနတို့၏ ထိန်းချုပ်မှုအောက်တွင်ရှိသည်။ ကုန်သွယ်မှုမှာ ထိုင်းနိုင်ငံ မယ်စံမလဲ့ကိုဖြတ်ကာ သံလွင်မြစ်အား သယ်ယူပို့ဆောင်ရေးလမ်းအဖြစ် အသုံးပြုပြီး ကုန်ပစ္စည်းများအား တကော်ထာ နှင့် မယ်စက်သို့ ပို့ဆောင်ရန်ဖြစ်သည်။

ဤနှစ်တွင် နအဖတပ်များသည် ဖါပွန်ခရိုင်အတွင်းရှိ ကျေးရွာလူထုများ၏ ထောက်ခံမှုရရှိရန်အတွက် စတင်ကြိုးပမ်းသည့်အနေဖြင့် စီမံချက်များအား ပြုလုပ်မည့် အရိပ်အရောင်များရှိနေပါသည်။

ဥပမာ မတ်လ ၂၀၀၄ ခုနှစ် ခေါပူ–ဖေါ်ထာ ကားလမ်းကို ဖေါက်ရာတွင် *(စာမျက်နှာ ၃၁ ရှိ မြေပုံကိုကြည့်ပါ)* နအဖတပ်များသည် ကျေးရွာလူထု၏ အခမဲ့လုပ်အားကို အသုံးမပြုတော့ဘဲ ဘူဒိုဇာများကို သုံးလာသည်။ နအဖတပ်များသည် ဒေသခံရွာသူကြီးများမှတဆင့် ရွာသားများအား ၎င်းတို့ ဖောက်လုပ်လျှက်ရှိသည့် လမ်းများအား လာရောက်ကြည့်ရှုကြရန် ဖိတ်ကြားသည်။ နအဖ တပ်များသည် ဤကဲ့သို့လမ်းတည်ဆောက်ရေးများကို ဓါတ်ပုံရိုက်ယူခြင်း၊ ဗီဒီယိုမှတ်တမ်းတင် ရုပ်ရှင်ရိုက်ကူးခြင်းများပြုလုပ်ကြသည်။ လာရောက်ကြည့်ရှုကြသည့် ရွာသားများကိုလည်း ဓါတ်ပုံရိုက်ယူခြင်းများပြုလုပ်ပြီး ဤလမ်းများဖောက်လုပ်ရာတွင် ရွာသားများ၏ ထောက်ခံအားပေးမှု ရသယောင်ယောင်ဖြင့် ဝါဒဖြန့်လျှက်ရှိသည်။ သို့ရာတွင် ဤလမ်းအား တည်ဆောက်ရာ၌ ရွာသားများ၏ လယ်ယာမြေကွက် (၂၅)ကွက်၊ မြေကေ (၅၁)ကေမှာ ဘူဒိုဇာ၏ တူးဆွမှုအောက်တွင် ဆုံးရှုံးပျက်ဆီးခဲ့ရသည်။

*"လမ်းများတည်ဆောက်ရာမှာ ဘူဒိုဇာကို စတင်အသုံးပြုကြတယ်။ ဒီလိုလုပ်တာကို ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးတယ်။ အဲဒီစက်တွေ ရွာသားတွေရဲ့ စိုက်ခင်းများကို ဖြတ်သွားတဲ့အခါ ဓါတ်ပုံရိုက်ကူးခြင်းမပြုဘဲ ရပ်ထားလိုက်တယ်။ ရွာထဲရောက်တဲ့အခါ ရွာသားတွေကို အစုဖွဲ့ခိုင်းပြီး ဓါတ်ပုံတွေရိုက်ပေးတယ်။"* (ဖေါ်ထါရွာသားတဦးနှင့် တွေ့ဆုံ မေးမြန်းခြင်း၊ ဧပြီလ ၂၀၀၃ ခု)




မြေပုံ(၁၆) စီမံချက်အရ ဖါပွန်ခရိုင်အတွင်း ရေလွှမ်းမိုးမည့်နေရာများ

# ရေကာတာကြောင့် ဖြစ်ပေါ်မည့် သက်ရောက်မှုများ

ယခုချိန်တွင် ရေကာတာတည်ဆောက်ခြင်းကြောင့် သေချာပေါက်ကြုံတွေ့ရမည့် အကျိုးဆက်တခုမှာ သံလွင်မြစ်ဝှမ်းတလျှောက် သဘာဝပတ်ဝန်းကျင်တခုလုံး ပြောင်းလဲသွားမည့်ကိစ္စဖြစ်သည်။ ဤနေရာသည် ကမ္ဘာပေါ်၌ မြေဩဇာအကောင်းဆုံး ဒေသများတွင် တခုအပါအဝင်ဖြစ်ပြီး လူနှင့် ပတ်ဝန်းကျင်တခုလုံးမှာ တမူထူးခြားသည့် အနေအထားတွင်ရှိသည်။ ဤဒေသကို အိန္ဒိယ၊ တရုတ်ဒေသငယ်နှင့် တရုတ်–ဟိမဝန္တာ(သို့)အိန္ဒိယဒေသငယ် နှစ်ခုအကြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အပြောင်းအလဲဇုံ အဖြစ်ထားကြသည်။ လူနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဖေါင်ဒေးရှင်း တခု၏ အဆိုအရ ဤနေရာကို ရေလွှမ်းမိုးပါက ဤနေရာတဝိုက် ကျက်စားလျက်ရှိသည့် သက်ရှိ သတ္တဝါ အမျိုးအစားပေါင်း အနည်းဆုံး (၂၃၅)မျိုးမှာ ကြီးစွာအန္တရာယ်ကျရောက်မည်ဖြစ်သည်။ ဥပမာ ဤတောထဲတွင်တွေ့ရှိနိုင်သည့် ကျားများ၊ ကျားသစ်များ၊ အာရှ ဆင်ကြောင်များ၊ နွားရိုင်းကောင်များ၊ မျက်ကွင်းဖြူမျောက်များ စသည့် တောရိုင်းတိရိစ္ဆာန်များမှာ အကြီးအကျယ် အန္တရာယ်ကြုံတွေ့ကြရလိမ့်မည်။[၂၈] ဤရေကာတာသည် သံလွင်မြစ်ထဲ၌ တွေ့ရှိရသည့် ငါးအမျိုးအစားအများအပြားကို ထိခိုက်စေမည်။ ဤငါးများထဲတွင် (၃၅)မျိုးမှာ စီးပွားရေးအရ အရေးပါသည်။

## tou&i&ywnrtay: oua&murrsm;

ဤစီမံချက်သည် သံလွင်မြစ်ကမ်းတလျှောက်နှင့်နယ်စပ်ရှိ ကမ်းမြှောင်ဒေသ နှစ်ဘက်နှစ်ချက်အတွင်း အသက်ရှင်ရပ်တည်လျက်ရှိကြသည့် လူအပါအဝင်သတ္တဝါ အစုအဝေးအများကို ထိခိုက်စေသည်။

ဤရေကာတာ တည်ဆောက်ရန်အတွက် မြန်မာပြည်ဘက်ကမ်း သံလွင်မြစ်ကြောင်းတလျှောက် နေထိုင်ကြသည့် ကရင်လူထုနှင့်ဆွေးနွေးခြင်း၊ ပြောဆိုခြင်း၊ အသိပေးခြင်းမျိုး မရှိခဲ့ပေ။ ဤကရင်လူထုများကို အဆိုပြုထားသည့် ရေကာတာများနှင့် ပတ်သက်ပြီး ကရင်မြစ်ချောင်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့က မေးမြန်းကြည့်ရာတွင် ၎င်းတို့အားလုံးသည် စိုးရိမ်မှုများကို ဖေါ်ပြကြပြီး ကြီးမားသည့် သက်ရောက်မှုအတွက် ၎င်းတို့ကြောက်ရွံ့နေကြသည်။

[၂၈] အထက်ပါ FER ဇွန် ၂၀၀၃၊ ကိုကြည့်ပါ။

**ရေကာတာကြောင့် ဖြစ်ပေါ်မည့် သက်ရောက်မှုများ**

ရေကာတာတည်ဆောက်သဖြင့် မြစ်ဘေးတလျှောက် မြေနေရာများနှင့် မြစ်လက်တက်များ ဘေးတလျှောက် လျှိုမြောင်များသည် ရေတွင်နစ်မြုပ်သွားမည်ကို ၎င်းတို့ကောင်းကောင်း နားလည် သဘောပေါက်ကြသည်။

*"ရေကာတာတည်ဆောက်မယ်ဆိုရင် ရွာသားတွေဟာ အကြီးအကျယ်ပြဿနာနဲ့ တွေ့ကြုံလိမ့်မယ်။ အကြောင်းကတော့ သူတို့ထွန်ယက်စိုက်ပျိုးမြေ၊ ဥယျာဉ်ခြံမြေတွေနဲ့ တောထဲက သစ်ပင်ဝါးပင်တွေ ရေလွှမ်းမိုးသွားမယ်၊ ကျနော်တို့ တောင်ပေါ်သားတွေဟာ အသက်ရှင်ရပ်တည်ရေးအတွက် တောကိုရှင်းပြီး စပါးကိုစိုက်ပျိုးကြတယ်။ ဒါကြောင့် ဒီရေကာတာဟာ ကျနော်တို့အတွက် အလွန်ကြီးမားတဲ့ ပြဿနာကိုဖြစ်စေမှာ သေချာတယ်။"* (လူသောမြို့နယ်၊ တေးမူဒဲကျေးရွာအုပ်စု၊ တာအူးဒဲရွာသားတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ စက်တင်ဘာ ၂၀၀၃ ခု)

ဖါပွန်အရှေ့ပိုင်းဒေသတွင် အနည်းအကျဉ်းသာရှိသည့် *(စာမျက်နှာ ၇၁ ရှိ 'ရေသွင်းစပါး စိုက်ပျိုးသည့် လယ်ယာမြေများ'အားပြသည့် မြေပုံကို ကြည့်ပါ။)* အရှေ့မြောက်ပိုင်း နယ်မြေများတွင် နေထိုင်ကြသည့် ရွာသူရွာသားများမှာ အစဉ်အလာအရ လယ်ယာမြေအား ထွန်ယက်ပြီး စိုက်ပျိုးစားသောက်ကြသည်။ ယခုဆိုလျှင် ဤလယ်ယာမြေအားလုံး ရေလွှမ်းမိုး သွားတော့မည်။ (စာမျက်နှာ ၈၂ ရှိ 'စီမံချက်အရ ရေလွှမ်းမိုးမည့် နေရာများ'အား ပြသည့် မြေပုံကိုကြည့်ပါ။ ) အဓိပ္ပါယ်မှာ စိုက်ပျိုးနိုင်သည့် မြေပြန့်ရေိယာတဝက်လုံးလုံးသည် ဆုံးရှုံး သွားပေမည်။

သံလွင်မြစ်ကမ်းတလျှောက် နေထိုင်ကြသည့်ရွာသားများသည် ကမ်းဘေးတွင် ရေများ ကျဆင်းသွားပြီးနောက် ခြောက်သွေ့ရာသီတွင် ဤကမ်းဘေးများ၌ ငွေကြေးရရှိနိုင်သည့် စားပင် သောက်ပင်များကို စိုက်ပျိုးကြသည်။ ဤနည်းဖြင့်ရရှိနိုင်သည့် အထွေထွေဝင်ငွေများမှာ ဤရေ ကာတာကြောင့် ပျက်စီးဆုံးရှုံးသွားပါမည်။

*"ဒီမြစ်ကမ်းဘေးမှာနေထိုင်ကြတဲ့ ရွာသားတွေဟာ ဟင်းသီး၊ ဟင်းရွက်များကို စိုက်ပျိုး ရောင်းဝယ်စားသောက်ခြင်းနဲ့ အသက်မွေးဝမ်းကျောင်းကြတယ်။ မြစ်ရေကျပြီးနောက် ကမ်းဘေးမှာ ဖရဲသီး၊ ဆေးရွက်ကြီးနှင့် ပဲအမျိုးမျိုးကိုစိုက်ကြတယ်။ ဒီရေကာတာတွေကို တည်ဆောက်လိုက်ရင်၊ ဒီရွာသားတွေဟာ အသက်မွေးဝမ်းကျောင်းရာမှာ အခက်အခဲနဲ့ တွေ့ကြရမှာဘဲ"* (ဘူးသိုမြို့နယ်၊ ပန်ဟိုက်ကျေးရွာအုပ်စု၊ ဖယ်လယ်ဒဲရွာသားတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ စက်တင်ဘာ ၂၀၀၃–ခု)

ရွာသားများသည် နစ်မြုပ်သွားမည့် သံလွင်တလျှောက်ရှိ သစ်တောအရင်းအမြစ်များ အတွက်လည်း စိုးရိမ်နေကြရသည်။ ၎င်းတို့ကို ဘက်ပေါင်းစုံမှ မှီခိုအားထားနေကြရသည်။

"*ရေလွှမ်းမိုးပါက အိမ်ဆောက်ဘို့ အလွန်အသုံးဝင်တဲ့ သစ်ပင်၊ ဝါးပင်တွေလည်း ဖျက်ဆီး တာ ခံရမှာဘဲ။*" (လူသောမြို့နယ်အတွင်း တာအူးဒဲရွာသားနှင့် တွေ့ဆုံမေးမြန်းခြင်း။ စက်တင် ဘာလ ၂၀၀၃၊ ခု)

"*ရေကာတာတည်ဆောက်လိုက်ရင်တော့ အဖိုးတန်သစ်တောများဖြစ်တဲ့ ကျွန်းသစ်၊ သစ်မာ၊ သေတလယ်နဲ့ လားသီးလော်ဘ တွေ ရှိတော့မည်မဟုတ်ပါ။ ဒါ့အပြင် ဆေးဝါးအတွက် အသုံးဝင်တဲ့ အပင်တွေလည်း ပျောက်ကွယ်ကုန်မှာဘဲ။*" (ပန်ဟိုက်ကျေးရွာအုပ်စု၊ သာသဝီးဒဲ ရွာသားနှင့် တွေ့ဆုံမေးမြန်းခြင်း။ စက်တင်ဘာ ၂၀၀၃ ခု)

## vlcla&;tay: oua&murrsm;

6 ကျေးရွာလူထုများသည် ၎င်းတို့နေထိုင်စားသောက်ရေးအတွက် ပူပင်ရသည့် အပြင် ဤရေကာတာကြောင့် နအဖစစ်အစိုးရတပ်များပို၍ တိုးချလာမည်ကို စိုးရိမ်နေ ကြရသည်။ အကြောင်းမှုကား ဤနအဖစစ်သားများသည် ၎င်းတို့၏ ဘဝလုံခြုံရေးအတွက် အန္တရာယ် ဖြစ်နေသောကြောင့်ဖြစ်သည်။

"*ကျနော်တို့ဟာ နောက်ထပ်တခါတောထဲ ထွက်ပြေးရဦးမယ်ဆိုတာ ယုံကြည်ပါတယ်။ အကြောင်းကတော့ ရန်သူတပ်များဟာ ဒီရေကာတာစီမံချက်တွေကို စောင့်ကြပ်ဘို့ ပိုမိုရောက်ရှိလာမှာမို့ဘဲ။*" (လူသောမြို့နယ်၊ ပဒဲဒဲရွာသားနှင့် တွေ့ဆုံမေးမြန်းခြင်း။ စက်တင်ဘာ ၂၀၀၃ ခု)

နအဖတပ်များသည် ၎င်းတို့ဤနယ်မြေအတွင်း ဆက်၍မနေနိုင်စေရန် တမင်သက်သက် လုပ်နေကြသည်ဟု ရွာသားများက ယုံကြည်နေကြသည်။

"*ရန်သူတွေဟာ ကျနော်တို့ကို ပိုပြီးလွယ်လွယ်လေးနဲ့ ဖျောက်ဖျက်ပစ်နိုင်ဖို့ သူတို့ရဲ့ တပ်သားအရေအတွက်များများကို ခေါ်သွင်းလာကြမှာဘဲ။*" (ဘူးသိုမြို့နယ်၊ ဝေနော်ဒဲရွာသား နှင့် တွေ့ဆုံမေးမြန်းခြင်း။ စက်တင်ဘာ ၂၀၀၃ ခု)

တောထဲတွင်နေကြရမည်ဖြစ်သောကြောင့် ရွာသားများ၏ ကျန်းမာရေးအခြေအနေမှာ ပိုပြီး ဆိုးဝါးစွာ ယိုယွင်းသွားမည်။ ၎င်းတို့ကလေးများ၏ ပညာရေးကိုလည်း ထိခိုက်စေမှာ ဖြစ်သည်။

*"ဒီရေကာတာကို တည်ဆောက်နိုင်မယ်ဆိုရင် ကလေးတွေရဲ့ပညာရေးအခြေအနေဟာ ဆုံးရှုံးသွားမှာဘဲ။ အကြောင်းကတော့ ကျနော်တို့ဟာ နအဖတပ်ရှိတဲ့နေရာကနေ ထွက်ပြေးပြီး တောထဲမှာဘဲ နေကြရဦးမယ်၊ ကျန်းမာရေးအတွက်လည်း ပြဿနာ ဖြစ်မှာဘဲ။ အိုးမရှိ၊ အိမ်မရှိ ပြေးလွှား နေရမှာမို့ ရောဂါတွေကို ပိုပြီးတော့ ခံစားကြရမယ်။"* (လူသောမြို့နယ်၊ တာအူးဒဲကျေးရွာသားအား တွေ့ဆုံမေးမြန်းခြင်း။ စက်တင်ဘာ ၂၀၀၃ ခု)

ဤဒေသရှိ ရွာသားများသည် ထိုင်းနိုင်ငံအတွင်း ဒုက္ခသည်များအဖြစ် နေကြရမည်ကို အလွန်စိုးရိမ်နေကြရသည်။

*"ကျနော်တို့ ဒီမှာနေမရလို့ ဒုက္ခသည်စခန်းကိုပြောင်းရွှေ့ရရင် ကျနော်တို့ကြိုက်သလို နေခွင့်ရမှာမဟုတ်ဘူး။ တင်းကြပ်တဲ့ထိန်းချုပ်မှုအောက်မှာ နေရမှာဘဲ။ ဒါကြောင့် ဒီမှာလည်း နေလို့မရ၊ ထိုင်းနိုင်ငံလည်း မသွားနိုင်ဖြစ်နေတယ်။"* (လူသောမြို့နယ်၊ ထီးကေဒဲရွာသားနှင့် တွေ့ဆုံမေးမြန်းခြင်း။ စက်တင်ဘာ ၂၀၀၃ ခု)

၂၀၀၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံမှကရင်ဒုက္ခသည်များကို နေရပ်ရင်းပြန်ပို့ရန်ကိစ္စမှာ အရှိန်ပို မြင့်လာသည်။ သို့သော်လည်း ယခုကဲ့သို့ ရေကာတာစီမံကိန်း ဆက်လက်ဖြစ်နေမည်ဆိုလျှင် ဒုက္ခသည်များမှာ ပြန်သွားရန် နေအိမ်ရှိမည်မဟုတ်ပေ။

## a'ocjynorsm;twu tusK;&rnr[w

နအဖစစ်ဗိုလ်များက ရွာသားများအား ရေကာတာတည်ဆောက်ပြီးလျှင် "လျှပ်စစ် မီး" အလကားရမည်ဟုပြောခဲ့ကြသေးသည်။ *(အစောပိုင်းအခန်းတွင် ဖော်ပြပြီးဖြစ်သည်။)* ရွာသားများ၏ ခါးသီးသော အတွေ့အကြုံများအရ ဤရေကာတာထံမှ မည်သည့် အကျိုးအမြတ်ကိုမျှ ခံစားကြရမည် မဟုတ်ကြောင်း သိရှိထားသည်။

*"သမိုင်းကိုပြန်ကြည့်ရင် ကျနော်တို့ဟာ မြန်မာတွေရဲ့ ဖိနှိပ်မှုကို ရှည်ကြာစွာခံခဲ့ရတယ်။ ဒါကြောင့် ဒီရေကာတာကို တည်ဆောက်တာဟာ ကျနော်တို့အတွက် ဘာအကျိုးကျေးဇူးမှ ခံစားရမှာ မဟုတ်ဘူး။ မြန်မာအစိုးရသာ အကျိုးခံစားရမှာဖြစ်တယ်။ "* (သံလွင်မြစ်ဘေး၊ ဟိုကေရွာသားနှင့်တွေ့ဆုံမေးမြန်းခြင်း။ (စက်တင်ဘာ ၂၀၀၃၊ ခု)

ရွာသားများ၏ စိုးရိမ်ပူပင်မှုသည် ကယားပြည်နယ်အတွင်း ဘီလူးချောင်းရေကာတာ အတွေ့အကြုံက သက်သေခံလျက်ရှိသည်။ ဘီလူးချောင်းရေကာတာ တည်ဆောက်ခဲ့စဉ်က ကရင်နီနှင့် ရှမ်းရွာသား ထောင်ပေါင်းများစွာ ပြောင်းရွှေ့ခံခဲ့ကြသည်။ ရေကာတာ တည်ဆောက်

သည့် အနီးအနားတဝိုက်တွင် အစိုးရစစ်သားများ စခန်းချနေထိုင်လျှက်ရှိသည်။ ဒေသလူထုများသည် အမျိုးမျိုးအနိုင်ကျင့် စော်ကားခြင်းခံကြရသည်။ ရေကာတာတည်ဆောက်ရာတွင်လည်း ဒေသခံလူထုများကို အဓမ္မစေခိုင်းခဲ့သည်။ ယနေ့ထိတိုင် ကျေးရွာသားများသည် အခကြေးငွေမရဘဲ စစ်အစိုးရတပ်အတွက် အလုပ်လုပ်ပေးနေရသည်။ မရေမတွက်နိုင်သော မိုင်းဗုံးများကိုလည်း ရေကာတာပတ်လည်တွင် မြှုပ်နှံထားသည်။

ဘီလူးချောင်းရေအားလျှပ်စစ်သည် မြန်မာပြည်တပြည်လုံးတွင်ထွက်ရှိသည့် စွမ်းအင်စုစုပေါင်း ၏ (၁၂ %–၁၈ %) အထိ ရှိသော်လည်း ဤစွမ်းအင်မှာ ရန်ကုန်အတွက်သာ ဖြစ်နေသည်။ ဒေသခံလူထုအများစုမှာ လျှပ်စစ်မီးမရဘဲဖြစ်နေသည်။[၂၆]

ရွာသားများသည် ကမ္ဘာ့ကုလသမဂ္ဂသို့လည်းကောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းသို့လည်းကောင်း ရေကာတာတည်ဆောက်ခြင်း ရပ်ဆိုင်းသွားရန် အသနားခံတင်ပြလျှက်ရှိသည်။

*"ဒီရေကာတာတည်ဆောက်ရေးကို တားဆီးဘို့ ကျွန်ုပ်တို့မှာ ငွေလည်းမရှိ၊ အာဏာလည်းမရှိပါ၊ ကျနော်တို့ဟာ မိမိတို့ရဲ့အသံကိုသာအသုံးပြုပြီး ဒီရေကာတာတည်ဆောက်ရေးကို ရပ်ဆိုင်းစေမှာ ဖြစ်တယ်။"* (ဘူးသိုမြို့နယ်၊ ကလော်ခီးဒဲရွာသားနှင့်တွေ့ဆုံမေးမြန်းခြင်း။ စက်တင်ဘာ ၂၀၀၃ ခု)

လူသောမြို့နယ်အတွင်းရှိ အသက်ကြီးပြီဖြစ်သော ကရင်အဘိုးကြီးတဦးက နိုင်ငံတကာအသိုင်းအဝိုင်းအား ယခုကဲ့သို့တင်ပြပြောဆိုပါသည်။

*"ဒီရေကာတာတည်ဆောက်တဲ့အတွက် ကျနော်တို့မှာ ဘယ်လောက်ပျက်စီး ဆုံးရှုံးတာကို ခံရသလဲဆိုတာ စဉ်းစားကြပါလို့ နိုင်ငံခြားတိုင်းပြည်တွေကို အသိပေးလိုတယ်။ ရေကာတာမရှိသေးတောင် ကျွန်ုပ်တို့အသက်ရှင်ရပ်တည်ရေးအတွက် ပြဿနာအများကြီးနဲ့ ရင်ဆိုင်ပြီး ရုန်းကန်နေရတယ်။ ဒီရေကာတာတည်ဆောက်လာရင်တော့ … ကျနော်ထင်ပါတယ်။ ကျနော်တို့ အသက်ရှင်ရပ်တည်နိုင်တော့မှာ မဟုတ်ဘူး"* (လူသောမြို့နယ်၊ တေးမူဒဲရွာသားကြီးနှင့်တွေ့ဆုံမေးမြန်းခြင်း။ စက်တင်ဘာ ၂၀၀၃ ခု)

[၂၆] အထက်ပါ SEARIN ၂၀၀၃၊ ကိုကြည့်ပါ။



ဓါတ်ပုံ– ကရင်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့ (KRW, 2004)

## ထမင်းအိုး

သံလွင်မြစ်သည် ဤဒေသအတွင်းရှိ ရွာသူရွာသားများအား ထမင်းကျွေးလျှက်ရှိသည်။ တံငါလုပ်ငန်းသည် ၎င်းတို့အတွက် ဝင်ငွေလမ်းကြောင်းတခုဖြစ်သည်။ ဤတံငါသည်ကြီးသည် ပုံတွင်ပါသည့်ငါးကြီးကို ဘတ်ငွေ ၂၄၀ ဖြင့် ရောင်းချ၍ရပါသည်။ ဤငွေဖြင့်သူသည် လူကြီးနှစ်ယောက် တလစားသုံးရန် လုံလောက်မည့် ဆန် ၂–ပုံး ဝယ်ယူနိုင်ပါသည်။

# နိဂုံးချုပ်နှင့် အကြံပြုတင်ပြချက်များ

ထိုင်းနိုင်ငံအတွက် လျှပ်စစ်ဓါတ်အားကို ဈေးပေါပေါနှင့် ရရှိနိုင်ရေးကို စီမံရာတွင် ကရင်ပြည်နယ်အတွင်းရှိ ရွာသူရွာသားများက ဤအတွက် တန်ဘိုးကြီးကြီး ပေးဆပ်ခဲ့ရပြီးဖြစ်ကြောင်း ဤအစီရင်ခံစာက ပြသလိုက်ပြီးဖြစ်သည်။ ရွာသူရွာသားများသည် စစ်အစိုးရ၏ ဒေသစိုးမိုးရေး ထိုးစစ်ကို ခါးစည်းခံခဲ့ကြသည်။ စစ်အစိုးရ၏ ထိုးစစ်များကြောင့် ထိုင်း–မြန်မာနယ်စပ် သံလွင်မြစ်ကမ်းတလျှောက်တွင် နေထိုင်ကြသည့် ထောင်နှင့်ချီသည့် ပြည်သူလူထုများသည် ထိုင်းနိုင်ငံသို့ ထွက်ပြေးကြရသည်။ ထောင်ပေါင်းများစွာမှာလည်း အသက်ရှင် ရပ်တည်နိုင်ရေးအတွက် တောထဲ၌ပင် ပြည်တွင်းဒုက္ခသည်များအဖြစ် ပြေးလွှားပုန်းအောင်းကာ ရုန်းကန်လှုပ်ရှားနေကြရသည်။

ရေကာတာတည်ဆောက်ရေး ကမ္ဘာ့ကော်မရှင်၏ ပြောထားသည့်အတိုင်း စစ်အစိုးရသည် ဤရေကာတာ တည်ဆောက်ရန်ကိစ္စတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးတိုင်ပင်ကာ အဆုံးအဖြတ်ရယူရန် ဆန္ဒလုံးဝမရှိသည်မှာရှင်းနေပါသည်။ အခြားတဖက်မှာမူ စစ်အစိုးရသည် ဤဒေသခံပြည်သူလူထုများ ပျောက်ကွယ်သွားရန်အတွက် အဓမ္မရွှေ့ပြောင်းမှုများ၊ ညှင်းပန်းနှိပ်စက်မှုများနှင့် မတရားသတ်ဖြတ်မှုများကို အသုံးပြုလျှက်ရှိသည်။

အလွန်တရာသိမ်မွေ့သည့် "ဖွံ့ဖြိုးရေး" ဟူသော အကြောင်းပြချက်ဖြင့် ကရင်ပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်သည့် ပေါ်လစီကို ဆက်လက်ပြီး ကျင့်သုံးနေသည်။ ပို၍ဆိုးသည်မှာ ဤရေကာတာ တည်ဆောက်ရေးလုပ်ငန်းအတွက် အိမ်နီးချင်း နိုင်ငံအစိုးရများ၏ ထောက်ခံအားပေးမှု၊ ဘဏ္ဍာရေးအရ အထောက်အကူပေးမှုများကြောင့်လည်း စစ်အစိုးရမှာ ပို၍ကမ်းတက်ပြီး ယခုလိုလုပ်နိုင်ခြင်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ၎င်းတို့၏ထောက်ခံအားပေးမှုဖြင့် မြန်မာပြည် စစ်အစိုးရမှ အကောင်အထည်ဖေါ်လျှက်ရှိသော ဖွံ့ဖြိုးရေးအစီအစဉ်များကို ပြန်လည်၍ လေ့လာဆန်းစစ်ရန် အရေးတကြီးလိုအပ်ပါသည်။[၉၀]

[၉၀] "အခြေအနေတရပ်အဖြစ် ဤကြိုးပမ်းမှုတွင်အခြားအင်အားစုများ နိုင်ငံရေးအရ ပါဝင်လာမှု မရှိသေးခင် တိုင်းပြည်ထဲရှိ နိုင်ငံတကာအကူအညီနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ပြောင်းလဲ၍ရနိုင်မည်ဟု ကျနော် မထင်ပါ" မြန်မာပြည်အတွက် UNHCR အထူးသတင်းထောက် Mr. Paulo Sergio Pinheiro က DVB အသံလွှင့်ဌာနနှင့်တွေ့ဆုံမေးမြန်းခြင်းမှ (၂၀၀၂–ခုနှစ်၊ နိုဝင်ဘာ ၅ ရက်)

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလည်းမရှိ၊ နိုင်ငံသားများ၏ ရသင့်ရထိုက်သည့် အခြေခံအခွင့်အရေးများလည်း မရှိသည့် မြန်မာပြည်ကဲ့သို့ တိုင်းပြည်တွင် ဤဖွံ့ဖြိုးရေးအစီအစဉ်များကို အုပ်စိုးသူ စစ်အစိုးရက ဆက်လက်လုပ်ဆောင်မည်သာဖြစ်ပြီး မြန်မာပြည် ပြည်သူများအပေါ် ဆက်လက်၍ ဆင်းရဲဒုက္ခများကို ဖြစ်ပေါ်စေမှာဖြစ်သည်။

*ထို့ကြောင့် ကရင့်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့အနေဖြင့် အောက်ပါတို့ကို တောင်းဆိုလိုက်သည်။*

## နအဖသို့

- ကရင်ပြည်နယ်အတွင်း ပြည်သူများအားညှင်းပန်းနှိပ်စက်မှုများ ချက်ခြင်းရပ်ဆိုင်းပြီး ဤဒေသအတွင်း တပ်ချထားသည့် စစ်အစိုးရတပ်အားလုံး ရုပ်သိမ်းသွားရန်။
- အာရှ သဘာဝပတ်ဝန်းကျင်ဖြစ်တည်မှုစနစ်တခုလုံး၏ အရေးပါသည့်အစိတ်အပိုင်းတခုဖြစ်သော သံလွင်မြစ်ပေါ်တွင် ရေကာတာတည်ဆောက်ရေး စီမံကိန်းအားလုံးကို စွန့်လွှတ်ပြီး စွမ်းအင်ရရှိရေးအတွက် အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ရမည်။ သို့ရာတွင် ဤလုပ်ငန်းများမှာ ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် အစိုးရ၏ လက်ထဲတွင်သာ ရှိသင့်သည်။

## ထိုင်းအစိုးရသို့

- ဒေသခံလူထုအတွက် မည်သို့မျှအကျိုးရှိမည်မဟုတ်သည့် ဤသံလွင်ရေကာတာ တည်ဆောက်ရေးစီမံကိန်းကို ရပ်ရန်၊ သို့မဟုတ်ပါက အခြားတဘက်တွင် ဤ ရေကာတာကြောင့် အတင်းအဓမ္မ စေခိုင်းမှုများ၊ ပြောင်းရွှေ့မှုများနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများကို ဒေသခံလူထုများ ဆက်လက်၍ ခံကြရမည်ဖြစ်ပြီး ပို၍ပို၍သာ ဒုက္ခသည်များ တိုးများလာစေမှာဖြစ်သည်။
- မြန်မာပြည်၌ စစ်မှန်သည့်ဒီမိုကရေစီ မရသေးသည့်အချိန်တွင် ပုံစံအမျိုးမျိုးသော ရင်းနှီးမြှုပ်နှံ မှုများသည် စစ်အာဏာရှင်ကိုသာ အားကောင်းစေမှာဖြစ်ပြီး တိုင်းရင်းသားပြည်သူများအား ဖိနှိပ်အနိုင်ယူသည့် စစ်အစိုးရ၏ စစ်ရေးသေနင်္ဗျူဟာများကို ထောက်ပံ့ရာကျသည်။
- မြန်မာပြည်၌ဒီမိုကရေစီမရသေးသည့်အချိန်တွင် ဖွံ့ဖြိုးရေးအကူအညီအားလုံးကိုရပ်ဆိုင်းရန်။ အဘယ်ကြောင့်ဆိုသော် ဤအကူအညီများသည်အဆင့်မြင့်စစ်တပ်အရာရှိများကိုသာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ဒေသခံလူထုအများအတွက် အသုံးပြုကြရမည်မဟုတ်ပါ။

# နောက်ဆက်တွဲ

## aemuquw (1)

**စီမံကိန်းချထားသည့် ရေကာတာအနီးအနားတဝိုက်တွင် နေထိုင်ကြသည့် ရွာသားများအား တွေ့ဆုံမေးမြန်းရာမှရရှိသည့် အချက်အချို့ကို ကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။ ၎င်းမှာ ကရင်မြစ်ချောင်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ထုတ်ပြန်ခဲ့သည့် (၂၀၀၄)ခု၊ ဇွန်လ ဗီဒီယိုမှတ်တမ်း၏ အစီရင်ခံစာမှ ထုတ်နုတ်ယူခြင်း ဖြစ်ပါသည်။**

***ဒီရေကာတာကိုဆောက်လိုက်ရင် ရွာသားတွေအတွက် ဘာပြဿနာတွေနဲ့ ရင်ဆိုင်ကြရမလဲ။***

■ ရွာသားတွေအတွက် ပြဿနာအများအပြား ပေါ်ပေါက်စေနိုင်ပါတယ်။ အထူးသဖြင့် စိုက်ပျိုးရေးနဲ့ပတ်သက်တာဖြစ်မယ်။ ရေကာတာကြောင့် ရေလွှမ်းမိုးသွားရင် ကျနော်တို့မြေယာအားလုံး ပျက်စီးဆုံးရှုံးကုန်မယ်။ ကျနော်တို့ရင်ဆိုင်ကြရမယ့် အခြားပြဿနာတွေကတော့ နအဖတပ်တွေ ကျနော်တို့ဒေသအတွင်း ပိုပြီးလှုပ်ရှားတော့မယ်။ အဲဒီလိုဆိုရင် ကျနော်တို့ တတွေ ထွက်ပြေးပြီး တောထဲမှာဘဲ နေရလိမ့်မယ်။

***ခင်ဗျားတို့ရဲ့ ဒေသစာသင်ကျောင်းနဲ့ပတ်သက်တဲ့ နောက်ခံသမိုင်းကို ပြောပြပါ။***

■ ဒီကျောင်းကို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက တည်ဆောက်ခဲ့ပါတယ်။ ဒါပေမဲ့ နအဖက (၁၉၉၄) ခုနှစ်မှာ ဖျက်ဆီးလိုက်တယ်။ (၁၉၉၅)ခုနှစ်မှာ ကျနော်တို့ ထပ်ဆောက်တယ်။ DKBA နဲ့ နအဖတို့ စတင်ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အချိန်မှာ ဖြစ်တယ်။ ဒေသခေါင်းဆောင်တွေနဲ့ မိဘတွေက ၎င်းတို့ရဲ့ကလေးတွေ ပညာသင်ကြားလိုတာကို တွေ့ကြတယ်။ ဒီမှာကျောင်းတွေ မရှိလို့ မိဘတွေက သားသမီးတွေ ကျောင်းနေရဘို့ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းကို ပို့ကြတယ်။ ဒါကြောင့်လည်း ဒီမှာရှိတဲ့ကလေးတွေအတွက် ကျောင်းဖွင့်ပေးဘို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒီကျောင်းလေးကို လွန်ခဲ့တဲ့ (၇)နှစ်က စတင်တည်ဆောက်ခဲ့တယ်။

■ ကျနော်တို့ဟာ အခုဆိုရင် တည်ငြိမ်တဲ့အခြေအနေအောက်မှာ နေထိုင်နေပါတယ်လို့ ပြောလို့မရဘူး။ (၂၀၀၁)ခုနှစ်မှာ ကျောင်းဆရာလုပ်ဘို့ ကျနော်ဒီကိုလာတာဖြစ်တယ်။ အဲဒီနှစ်မှာဘဲ နအဖတပ်တွေလည်း ရောက်လာတယ်။ ဒါကြောင့် ကျနော်တို့ ကျောင်းပိတ်လိုက်ရတယ်။ အကြောင်းကတော့ နအဖတပ်တွေက “ရော့ကက်”တွေ၊ လက်ပစ်ဗုံးတွေသုံးလို့ဘဲ။ ဒီလက်နက်

တွေနဲ့ ရွာကိုတိုက်ရိုက်တိုက်ခိုက်တာမဟုတ်ပေမယ့် ဒါတွေဟာ ကျနော်တို့ရွာနဲ့ သိပ်နီး လွန်းတယ်။ ကျနော်တို့ဟာ အခြေအနေကိုကြည့်ပြီး နေနေရတယ်။ ဖြစ်လာနိုင်ဘွယ်ရှိတဲ့ ခြိမ်းခြောက်နေတဲ့ အန္တရာယ်တွေအတွက် အမြဲသတိထားနေရတယ်။ ရေကာတာကိုသာ ဆောက်လိုက်ရင်တော့ ကလေးတွေအတွက်ပညာရေးဟာ အလွန်ကိုခက်ခဲမယ်။ ဘာကြောင့်လဲ ဆိုတော့ နအဖတပ်တွေကို ရှောင်တိမ်းထွက်ပြေးနေကြရမှာမို့ဘဲ။ တောထဲမှာဘဲ နေကြရမှာမို့ဘဲ။ ဒီရေကာတာဟာ ကျနော်တို့ရဲ့ ကျန်းမာရေးအခြေအနေကိုလည်း ထိခိုက်စေမှာဘဲ။ ကျနော်တို့က တောထဲမှာဘဲ နေကြတာများတယ်။ အိုးမရှိ၊ အိမ်မရှိနဲ့ဆိုတော့ ရောဂါထူပြောမှာဘဲ။ ဒီမှာရှိတဲ့ ရွာသားတွေရဲ့ကျန်းမာရေး အခြေအနေဟာ အလွန်ညံ့ပါတယ်။

■ ဆေးဝါးအတွက်လည်း ရှာရအလွန်ခက်မယ်။ တခါတလေ ဒီနေရာကို ဖြတ်သန်း သွားလာနေကြတဲ့သူတွေဆီက နဲနဲပါးပါးရတာရှိတယ်။ ဒီနေရာနဲ့ သိပ်မဝေးတဲ့ နေရာမှာလည်း ဆေးပေးခန်းကလေးတခု ရှိတယ်။ ဒါပေမဲ့ သူတို့မှာလည်း ဆေးလုံလုံလောက်လောက်မရှိပါဘူး။ ရွာသားတွေ ဖျားနာကြတဲ့အခါ အဲဒီကိုသွားကြတယ်။ ဒါပေမဲ့ ရောဂါပြင်းထန်သူတွေအတွက် တော့ သွားစရာနေရာမရှိပါဘူး။

## *ဒီရေကာတာကို တည်ဆောက်ရင် ခင်ဗျားတို့ဘယ်လို လုံခြုံရေးပြဿနာမျိုးနဲ့ ရင်ဆိုင် ရမလဲ။*

■ ရင်ဆိုင်ရမှာတွေကတော့ များတယ်။ ဒီနေရာမှာ နအဖတပ်တွေ အင်အား (၂)ဆ တိုး လာမယ်။ ကျနော်တို့ ဘယ်ကိုပြေးမလဲ။ ကျနော်တို့ ဘယ်ကိုသွားနိုင်မလဲ။ အသက်ရှင် ရပ်တည်ရေးအတွက် ဘယ်လိုလုပ်ကြမလဲ။

■ ရေကာတာကို ဆောက်လိုက်ရင် နအဖဟာ လုံခြုံရေးကိုအကြောင်းပြပြီး ဒီဒေသကို ပိုပြီးတင်းကြပ်စွာထိန်းချုပ်မယ်။ ရေကာတာအနီးမှာ နေတဲ့လူတွေတော့ ရွှေ့ပြောင်းကြရမှာဘဲ။ ဒါကြောင့် ရေကာတာဆောက်လိုက်ရင် ရွာသားတွေအတွက် ပိုပြီးခက်ခဲလာဘို့သာရှိမယ်။

■ ရေကလည်း လွှမ်းမိုးမယ်၊ သွားရမယ့်နေရာကိုလည်း ရှာမတွေ့ဘူးဆိုရင်တော့ ကျနော်တို့ သေသွားဘို့ဘဲရှိမယ်။

## *ခင်ဗျားတို့ဘယ်လိုဖြစ်စေချင်လဲ။*

■ ဒီပြဿနာနဲ့ပတ်သက်ပြီး ဆောင်ရွက်လုပ်ကိုင်နေကြတဲ့သူတွေကို ပြောချင်တယ်။ ကုလ သမဂ္ဂနဲ့ အခြားအစိုးရတွေကို ကျနော်တို့ရဲ့အခြေအနေတွေ ပြောပြပေးပါ။ သူတို့ဟာ ဒီရေကာတာ တည်ဆောက်ရေးကို ဟန့်တားပေးနိုင်မယ်လို့ ကျနော်တို့မျှော်လင့်တယ်။

- လမ်းဘေးမှာနေထိုင်ကြတဲ့ရွာတွေဟာ ဘာမှလုပ်နိုင်ကြမှာ မဟုတ်ဘူး။ အချို့အဖွဲ့အစည်းတွေက ပတ်ဝန်းကျင်နဲ့ဆိုင်တဲ့ပြဿနာနဲ့ပတ်သက်ပြီး ဆောင်ရွက်နေကြတယ်။ ဒီအဖွဲ့အစည်းတွေဟာ ကျနော်တို့ဆီကို လာနိုင်ရင် ကျနော်တို့ ပြောပြချင်တယ်။ ကျနော်တို့ ဒီရေကာတာကို မလိုချင်ဘူးလို့ပြောမယ်။ အခုတော့ ကျနော်တို့တဦးတည်းဖြစ်နေတော့ ဘာကိုမှ လုပ်လို့ရမှာ မဟုတ်ဘူး။ ဒီလိုဘဲ ပြောနေရုံဖြစ်မှာဘဲ။ ကျနော်တို့ရဲ့ အခက်အခဲတွေကို ကုလသမဂ္ဂနဲ့ အခြားအဖွဲ့အစည်းတွေ သိပါစေလို့ မျှော်လင့်ပါတယ်။

- ဒီရေကာတာ မဆောက်ဖြစ်အောင် ဘယ်လိုလုပ်ကြမလဲဆိုတာ ကျနော်တို့ မသိတော့ဘူး။ အခြားဖွံ့ဖြိုးပြီးနိုင်ငံများက ကျနော်တို့ကို ကူညီဘို့ မျှော်လင့်တယ်။ ကျနော်တို့ဘာသာ ကျနော်တို့တော့ ဒါကိုတားလို့ရမှာ မဟုတ်ဘူး။ အကြောင်းကတော့ ဗမာဘက်ဘဲ ဖြစ်ဖြစ်၊ ထိုင်းဘက်ဘဲဖြစ်ဖြစ် ဒါကိုဆုံးဖြတ်မှာက အစိုးရတွေဖြစ်နေတယ်။ ကျနော်တို့တတွေဟာ အငယ်လေးတွေပါ။ ငယ်လွန်းပါတယ်။ ဒါကို ဟန့်တားဘို့ဆိုတာ မဖြစ်နိုင်ပါ။

- ဒီရေကာတာကို ဆောက်လိုက်ရင် ရွာသားတွေအတွက် ပြဿနာအများကြီး ပေါ်ထွက်လာမယ်။ ကျနော်တို့မှာ ဒီရေကာတာကိုဟန့်တားဖို့ ငွေလည်းမရှိ၊ အာဏာလည်း မရှိဘူး။ ဒါကို ရပ်ဆိုင်းအောင်လုပ်ဘို့ ကျနော်တို့မှာ အသံဘဲရှိတယ်။ အသံကိုဘဲသုံးရမယ်။

- ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းတွေကို ကျနော်တို့ တိုက်တွန်းနှိုးဆော်ချင်တယ်။ ဒီပြဿနာနဲ့ပတ်သက်ပြီး ကျနော်တို့ကို အတတ်နိုင်ဆုံး ကူညီပါ။ ကျနော်တို့နဲ့ အဲဒီအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်မှုရှိရင် ဒီရေကာတာ မဆောက်ဖြစ်အောင် ဟန့်တားနိုင်မယ်လို့ ကျနော် ယုံကြည်တယ်။

- ကျနော်တို့ ဒီရေကာတာကို ဟန့်တားချင်တယ်။ ကျနော်တို့ကရင်မှာ ရှေးဆိုရိုးစကားနဲ့ အဆိုအမိန့်တခုရှိတယ်။

*"ချမ်းသာတဲ့သူတွေက ရေကာတာဆောက်တော့*
*တောင်ပေါ်ဒေသရှိ လယ်မြေများအား ရေလွှမ်းမိုးပြီး*
*"မိခင်"အတွက် ပြဿနာအမျိုးမျိုး ဖြစ်ပေါ်စေတယ်။*

*ချမ်းသာသူတွေက မြစ်တွေကို ကာရံလိုက်တော့*
*အိမ်ခေါင်မိုးအထိ ရေလွှမ်းမိုးပြီး၊*
*မိခင်ကို အိုးမဲ့အိမ်မဲ့ဖြစ်ရတယ်။"*

**နောက်ဆက်တွဲ**

ဒါဟာ ဘာကိုဆိုလိုသလဲဆိုရင် ရေကာတာကို တကယ်တည်ဆောက်ပြီဆိုရင် ကျနော်တို့ ဘယ်ကိုသွားပြီး ရှာဖွေစားသောက်ကြမလဲ။ နေလို့ရမှာ မဟုတ်တော့ပါ။ ကျနော်တို့ စိုက်ပျိုးပင်တွေလည်း အကုန်ဆုံးရှုံးကုန်မှာဘဲ။ ဒါကြောင့် ဒီရေကာတာဆောက်တာ ကျနော်မလိုချင်ဘူး။

■ ကျနော်တို့မှာ ဒီစီမံချက်ကို ဟန့်တားနိုင်တဲ့အင်အားမရှိဘူးလို့ထင်တယ်။ ကျနော်တို့ ဘယ်လောက်ဘဲအော်အော် ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျနော်တို့ ဟာ အုပ်စုငယ်ငယ်လေးတခုသာဖြစ်တဲ့အတွက်ပါဘဲ။ ဒါကြောင့် ကျနော်တို့ဟာ ကမ္ဘာ့ကုလသမဂ္ဂနဲ့ အခြားတိုင်းပြည်တွေရဲ့ အကူအညီတွေကို လှမ်းမျှော်နေတာပါ။ သူတို့ရဲ့ အကူအညီနဲ့ဆိုရင် ဖြစ်နိုင်မယ်လို့ ကျနော်တို့ ယုံကြည်တယ်။ ကျနော်တို့ချည်းဘဲဆိုရင် မရနိုင်ပါဘူး။

■ ဒီရေကာတာ မဆောက်ဖြစ်အောင် ကျနော်တို့ ဘာမှလုပ်နိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ တခုလုပ်နိုင်တာက ကျနော်တို့ခေါင်းဆောင်တွေကို ပြောဘို့ဘဲ။ သူတို့ကနေတဆင့် ဒီရေကာတာ တည်ဆောက်မယ့် ကုမ္ပဏီတွေကို ကျနုာ်တို့ရဲ့အခက်အခဲတွေကို ပြောပြနိုင်မယ်။ သူတို့က ကျနော်တို့ကို သနားရင်၊ သူတို့မဆောက်ဘဲ နေချင်နေမှာပေ့ါ။ ကျနော်တို့ အခုလို အဖိနှိပ်ခံနေရတာကို သူတို့ဂရုမစိုက်ဘူးဆိုရင်လည်း ကျနော်တို့ ခံရမှာပေ့ါ။ ဘာတတ်နိုင်မှာလဲ။

■ ကျနော့်အမြင်အရ ကျနော်တို့ချည်းဘဲဆိုရင် ဒါကိုဟန့်တားနိုင်မှာမဟုတ်ဘူး။ ဒီကိစ္စကို ဆောင်ရွက်နေကြတဲ့ ကျနော်တို့ခေါင်းဆောင်တွေနဲ့ အဖွဲ့အစည်းတွေက ကျနော်တို့ကို ထောက်ခံပြီး ကျနော်တို့နဲ့ တိုင်ပင်ဆွေးနွေးမယ်ဆိုရင် ကျနော်တို့နိုင်တာကိုတော့ လုပ်သွားမှာဘဲ။ ကျနော်တို့လည်း များများစားစားတော့ လုပ်နိုင်မှာမဟုတ်ပါ။ သူတို့အနေနဲ့မှန်တာကို လုပ်ဆောင်ဖို့ရန် တွန်းအားပေးမှုလောက်သာအများဆုံးလုပ်နိုင်မှာဖြစ်တယ်။

## aeMuquw (2) ဖါပွန်ခရိုင်အတွင်း စစ်အစိုးရတပ်ချထားသည့်နေရာများ

၁။ ခလရ – ခြေလျင်တပ်ရင်း

၂။ ခမရ – ခြေမြန်တပ်ရင်း

### *ဖါပွန်ခရိုင်အတွင်း အမြဲရှိနေသည့် တပ်ရင်းများ*

ခလရ (၁၉)* ခမရ (၃၄၀)** ခမရ (၃၄၁)** ခမရ (၄၃၄)**

### vaomrle,

၁။ လယ်မူပလော်

၂။ စော်မူပလော်

၃။ တာဂေါ်ထိ

၄။ ကိုဝါကျိုး

၅။ လယ်စေး

၆။ လယ်ခလေးခို

၇။ လယ်ခွီးဖလယ်

၈။ မောပူ

၉။ ကာခို

၁၀။ ဖလပ်ခို

၁၁။ ခူးခို

၁၂။ ဖွဂေါ်

၁၃။ မောလော

### ',v;rle,

၁၄။ ခို့ရှော့

၁၅။ ကွီးပနာ

၁၆။ မဲဝိုင်

၁၇။ ကူးဆိပ်

၁၈။ မာထော

၁၉။ ထွီသီးအူ

၂၀။ ကေကော်

၂၁။ ကွီးသီးထာ

၂၂။ ဝေါ်မူ

၂၃။ မယ်ပရီခီး

၂၄။ တောင်သုံးလုံး

၂၅။ ထီးကဆောမဲ

၂၆။ တောသူးကလါး

၂၇။ ဘောကျို့လယ်

၂၈။ ကတိုင်တိ

၂၉။ ဘောကျို့တို

၃၀။ မောလော်ကလိုး

၃၁။ ဝါသိုးခို

၃၂။ ဝေါ်တမို

### b;olrle,

၃၃။ သီးမူထာ

၃၄။ ဝါလူခို

၃၅။ မယ်ရိကျိုး

၃၆။ ပါဟဲ့

၃၇။ ကော်ကျခို

၃၈။ လေးခေါ်ထိ

၃၉။ ခေါ်ပူ

၄၀။ မယ်ခါးထာ

၄၁။ ဒါးဂွင်

၄၂။ မယ်ဖိုးကျိုး

၄၃။ လယ်တိုး

၄၄။ အူးသူးထာ

၄၅။ သော်လဲထာ

၄၆။ မော်မိုကျိုး

၄၇။ မယ်ပေါ်မူထာ

၄၈။ သီးရိုထာ

၄၉။ မယ်ပ

၅၀။ ခလရ ၁၉ (ဌာနချုပ်)

၅၁။ ခမရ ၃၄၀ (ဌာနချုပ်)

၅၂။ ခမရ ၃၄၁ (ဌာနချုပ်)

၅၃။ ခမရ ၄၃၄ (ဌာနချုပ်)

၅၄။ အမြောက်တပ် တပ်ခွဲ (ဝ၅၁)

* ၁၉၉၀ ခုနှစ် မတိုင်မီကတည်းက လှုပ်ရှားနေသည့် တပ်ရင်း။

** ၁၉၉၂ ခုနှစ်၊ နဂါးမင်း စစ်ဆင်ရေးကာလအတွင်း ရောက်ရှိလာသည့် တပ်ရင်းအသစ်များ၊

**မှတ်ချက်** ။ ။ အထက်ပါအမြဲတမ်းတပ်ရင်း (၄)ရင်းအပြင် အခြားတပ်ဖွဲ့များလည်း ဝင်ရောက်လာကြသည်။ ၎င်းတို့မှာ (၆)လတကြိမ် အလှည့်ကျအဝင်အထွက်လုပ်သည်။ ဤတပ်နေရာများမှာ ဒေသခံရွာသားများက မှည့်ခေါ်ခြင်းသာဖြစ်သည်။

# aemuquw (3)

## သံလွင်မြစ် ရေကာတာစီမံကိန်းနှင့် ပတ်သက်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်မှတ်တမ်း။ "သဘာဝပတ်ဝန်းကျင်ပြန်လည်ကောင်းမွန်ရေးဖေါင်ဒေးရှင်း"မှ ပြုစုသည်။

**(Foundationtion for Ecological Recovery, June 2003)**

ခုနှစ်သက္ကရာဇ်အစဉ်လိုက်အဖြစ်အပျက်များရေးမှတ်ထားသည့်ဇယား။[၃၁]

| | |
|---|---|
| ၁၉၇၉ | EGAT က မဲခေါင်မြစ်နှင့် သံလွင်မြစ်တို့၏ မြစ်လက်တက်များမှ ပို့လွှတ်လိုက်သော ရေများနှင့် ပတ်သက်သည့် ဖြစ်နိုင်မှု ရှိ/မရှိအတွက် လေ့လာမှု (၁၄)ခု ပြုလုပ်ရန် ထုတ်ပြန်ကြေညာသည်။ |
| ၁၉၈၁ | EGAT မှ ထိုင်း–မြန်မာနယ်စပ် အထက်ပိုင်းနှင့်အောက်ပိုင်း သံလွင်ရေကာတာ စီမံကိန်း၏ ရေအားလျှပ်စစ်စွမ်းအင်ဖွံ့ဖြိုးမှုလေ့လာရေး ရလာဒ်ကို တင်ပြလာသည်။ ဤတင်ပြချက်တွင် အထက်ပိုင်းနှင့်အောက်ပိုင်း သံလွင်ရေကာတာများမှ လျှပ်စစ်စွမ်းအင် ၄၅၄၀ နှင့် ၇၉၂ မီဂါဝပ်(ဒ်) MW အသီးသီး ထုတ်လုပ်နိုင်ကြောင်း ဖေါ်ပြသည်။ အစီရင်ခံစာအမှတ် ၈၄၆–၂၄၀၉။ စက်တင်ဘာ ၁၉၈၁။ |
| ၁၉၈၁ | ထိုင်းအစိုးရအဖွဲ့မှ "ပူးတွဲအလုပ်အဖွဲ့"တခုကို ရွေးချယ်ခန့်အပ်ပြီး ထိုင်းမြန်မာ နယ်စပ်တွင် ရေအားလျှပ်စစ်ဓါတ်ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ဖြစ်နိုင်မှု ရှိ/မရှိကို လေ့လာစေမည်။ နယ်စပ်မြစ်ပေါ်၌ ရေအားလျှပ်စစ် ထုတ်လုပ်ရေးစီမံချက်အတွက် ဖွဲ့စည်းလိုက်သည့် အလုပ်အဖွဲ့ထဲတွင် MEPE ခေါ် မြန်မာပြည်လျှပ်စစ်လုပ်ငန်းအဖွဲ့၊ NEPO ခေါ် ထိုင်းနိုင်ငံ အမျိုးသား စွမ်းအင်နှင့်ပေါ်လစီရုံးနှင့် EGAT အဖွဲ့အစည်း အသီးသီးတို့၏ ကိုယ်စားလှယ်များပါဝင်သည်။ |
| ၁၉၉၁ | ဤပူးတွဲအလုပ်အဖွဲ့မှနေ၍ EPDC မှ ငွေရေးကြေးရေး ထောက်ပံ့မှုအတွက် ပါဝင်မည့်ကိစ္စကို NEPO ကိုယ်စားလှယ်များမှ အဆိုပြုတင်ပြသည်။ စီမံချက်များအတွက် ကနဦးလေ့လာရေး ကိစ္စများကို မြန်မာပြည်၌ ပြုလုပ်သည့် တတိယအကြိမ် အစည်းအဝေးတွင် လက်ခံအတည်ပြုသည်။ |

[၃၁]။ အထက်ပါ FER ဇွန် ၂၀၀၃၊ ကိုကြည့်ပါ။

| | |
|---|---|
| ၁၉၉၂ | EPDC သည် စီမံချက်၏ ဖြစ်နိုင်မှု ကနဦးလေ့လာရေးကို ပြီးဆုံးအောင် လုပ်နိုင်ခဲ့ပြီး ဤလုပ်ငန်းအတွက် ပူးတွဲအလုပ်အဖွဲ့၏ အတည်ပြုမှုကို လည်း ရရှိခဲ့သည်။ EPDC က လျှပ်စစ်စွမ်းအား စုစုပေါင်း ၆၃၈၇.၅ MW ထွက်ရှိပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၁၂၀ သန်း ကုန်ကျမည့် ရေအားလျှပ်စစ်ထုတ်ရေကာတာ (၈) ခုတည်ဆောက်ရန်အဆိုပြုခဲ့သည်။ ADB နှင့် Norconsult တို့၏ အစီရင်ခံချက်အရ ရင်းနှီးမြှုပ်နှံမှုမှာ အမေ ရိကန်ဒေါ်လာ သန်း ၇၀၀၀ မှ ၈၀၀၀၀ အထိ လိုအပ်မည်။ အထက်ပိုင်း သံလွင် ရေကာတာနှင့် အောက်ပိုင်းသံလွင်ရေကာတာ စီမံချက်များသည် EPDC အဆိုပြုချက်၏ အစိတ်အပိုင်းများသာဖြစ်သည်။ ၁၉၈၁ ခုတွင် EGAT လုပ်ခဲ့သည့် လေ့လာမှုနှင့် ဆင်တူသည်။ |
| ၁၉၉၃ | အစိုးရအဖွဲ့က သံလွင်မြစ်ဝှမ်းမှ ကျောက်ဖရားဖြစ်ဝှမ်းသို့ ရေလွှဲပြောင်းရေး စီမံကိန်းကို အတည်ပြုခဲ့သည်။ ဤတွင် သံလွင်ရေကာတာစီမံချက်သည် ဤစီမံကိန်းထဲ၌ အစိတ်အပိုင်းတခုအဖြစ် ပါဝင်နေသည်။ |
| ၁၉၉၄ ဇွန် | Norconsult က ကမ္ဘောဒီးယား၊ လာော၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ် ပြည်သူ့သမတနိုင်ငံ–ယူနန်ပြည်နယ်စသည်များပါဝင်သည့် ဤဒေသ ပူပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး အစီရင်ခံစာတရပ်ကို ADB ထံသို့ တင်ပြခဲ့သည်။ အစီရင်ခံစာသည် သံလွင်မြစ်အထက်ပိုင်းနှင့် အောက်ပိုင်း ရေကာတာများ အပါအဝင် သံလွင်မြစ် တလျှောက်လုံး၌ ရေကာတာ တည်ဆောက်ရေးဖြစ်နိုင်မှု လေ့လာချက်များအား ထောက်ခံထားသည်။ |
| ၁၉၉၄ နိုဝင်ဘာ | ထိုင်းအထက်တန်းအရာရှိများ ပူးတွဲအလုပ်အဖွဲ့စည်းဝေးတွင် သံလွင် အထက်ပိုင်း ရေကာတာတည်ဆောက်ရေး စီမံကိန်းကို အဆိုပြုခဲ့သည်။ |
| ၁၉၉၅ ဇန်နဝါရီ | ထိုစဉ်က ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဖြစ်ခဲ့သူ တပ်ဆင် ရှင်နဝပ်ထရာ မြန်မာပြည်သို့သွားရောက် လည်ပတ်ပြီး ပြန်လာသည့်နောက်ပိုင်းတွင် ယခုကဲ့သို့ ပြောဆိုခဲ့သည်။ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဤဖြစ်နိုင်မှု လေ့လာရေးရလာဒ်ကို သဘောတူကြောင်းနှင့် ပဋိပက္ခကင်းမဲ့သည့် သံလွင် မြစ်ပေါ်တွင် ရေကာတာတည်ဆောက်ရေးကို ထောက်ခံရန် ဆန္ဒရှိသည်ဟု ပြောဆိုကြောင်း။ |

၁၉၉၅ မေ — **ပန်ညာ** အတိုင်ပင်ခံ ကုမ္ပဏီလီမီတက်သည် သံလွင်၊ သောင်ရင်း ဘူမိဗောလ် ရေကာတာ ရေလွှဲမြောင်းစီမံချက်ဖြစ်နိုင်မှု ကနဦးလေ့လာချက်ကို ပြုလုပ်ခဲ့ပြီး ၎င်း၏လေ့လာရရှိချက်ကို စွမ်းအင်ဖွံ့ဖြိုးရေးနှင့် မြှင့်တင်ရေးဌာနသို့ တင်ပြခဲ့သည်။ နောက်ပိုင်းတွင် (ထိုင်းနိုင်ငံ) သိပ္ပံနည်းပညာနှင့် ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာနက ဤစီမံကိန်းကိုအတည်ပြုသည်။

၁၉၉၆ ဇူလိုင် — ထိုင်းအစိုးရက မြန်မာအစိုးရနှင့် နားလည်မှု စာချွန်တော် M0U တခုကို လက်မှတ် ရေးထိုးခဲ့သည်။ ဤစာချွန်တော်အရ သက္ကရာဇ် ၂၀၁၀ ခုနှစ်တွင် ထိုင်းနိုင်ငံသည် မြန်မာပြည်ထံမှ လျှပ်စစ်ဓါတ်အား ၁၅၀၀ MW ဝယ်ယူရန်ဖြစ်ပြီး မြန်မာအစိုးရနှင့် လက်တွဲကာ ရေကာတာ တည်ဆောက်ရေးအတွက် နားလည်မှု စာချွန်တော် နောက်ထပ်အသစ်တခုကို သဘောတူ လက်မှတ်ရေးထိုးရန် ဖြစ်နိုင်ချေရှိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၀၂ ဒီဇင်ဘာ — EGAT အုပ်ချုပ်ရေးမှူး Mr. Sittiporn Rattanopas သည် အထက်ပိုင်းနှင့် အောက်ပိုင်း သံလွင်ရေကာတာ တည်ဆောက်ရေးနှင့်ပတ်သက်ပြီး နအဖစစ်အစိုးရနှင့်သွားရောက်ဆွေးနွေးခဲ့သည်။ ၎င်းနောက် EGAT သည် သတင်းဌာနများအား ထုတ်ပြန်ရာတွင် ၎င်းသည် ဤစီမံကိန်းအတွက် တဦးတည်းရင်းနှီးမြှုပ်နှံသူဖြစ်သည်ဟု ပြောဆိုသည်။ ယင်းကြောင့် EGAT ၏ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး စီမံကိန်းမှာ ဆက်လက်ထားရှိမည်ဖြစ်ပြီး ဤစီမံချက်တွင် ရင်းနှီးမြှုပ်နှံနိုင်ရန် EGAT တွင် ငွေပင်ငွေရင်း ကြီးကြီးမားမား ရှိရန်လိုအပ်သည်။ ဤရေကာတာနှစ်ခုကြောင့် ထိုင်းနိုင်ငံတွင် လျှပ်စစ်ဓါတ်အားဈေးနှုန်းမှာ တယူနစ်လျှင် (၀.၁၅)ဘတ် ကျဆင်းသွားသည်ဟု EGAT က ကြေညာသည်။ ဤအတောအတွင်း EGAT သည် ဤစီမံချက်အတွက် လုပ်ငန်းများစတင်နိုင်ရန် စိုင်းပြင်းလျှက်ရှိသည်။

၂၀၀၃ ဖေဖော်ဝါရီ — EGAT သည် နိုင်ငံခြားရေးရာ ဆီးနိတ်ကော်မရှင်အား အကြောင်းကြားရာတွင် ဗမာပြည်စစ်အစိုးရနှင့် သဘောတူညီမှု၊ ဖြစ်နိုင်ခြေလေ့လာမှု၊ လူမှုရေးနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု သုံးသပ်သည့် လုပ်ငန်းများကို သက္ကရာဇ် ၂၀၀၃ ခုအတွင်း စတင်သည်။

၂၀၀၃ မတ် — တရုတ်ပြည်အမျိုးသား စက်ပစ္စည်းကရိယာဆိုင်ရာကုမ္ပဏီဥက္ကဌသည် ထိုင်းနိုင်ငံ၏စွမ်းအင်ဝန်ကြီး (Dr. Prommin Lerdsuriyader MD) ထံလာရောက် လည်ပတ်ကာ သံလွင်မြစ် ရေကာတာအတွက် ပူးတွဲမြှုပ်နှံရန် လိုအပ်ငွေ ဘတ်ငွေသန်း ၂၀၀၀၀၀ နှင့်ပတ်သက်၍ စိတ်ဝင်စားကြောင်း တင်ပြခဲ့ သည်။ ဤအတောအတွင်း ဝန်ကြီးချုပ် တပ်ဆင် ရှင်နဝပ်ထရာ (Thaksin Shinawattra) က သတင်းစာဆရာများအား ပြောပြရာတွင် ထိုင်းအစိုးရသည် ဤစီမံချက်အား ထောက်ပံ့သွားမည်ဟုဆိုသည်။ အကြောင်းမှာ ဤလျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးသည် ရေအားလျှပ်စစ်သုံးစက်ဖြစ်သဖြင့် လောင်စာဆီအတွက် ကုန်ကျရန် မလိုသောကြောင့်ဖြစ်သည်။

၂၀၀၃ ဇွန် — EGAT ၏၂၀၀၃ မှ ၂၀၁၆ အထိ စွမ်းအင်ဖွံ့ဖြိုးရေး စီမံကိန်း (PDP–၂၀၀၃)တွင် သံလွင်ရေအားလျှပ်စစ်စီမံချက်ကို အဓိကစီမံကိန်းအဖြစ် ထားရှိသည်။ ဤရေကာတာမှာ ၂၀၁၃ ခုနှစ်တွင် လျှပ်စစ် ဓါတ်အားများကို စတင်ထုတ်ပေးမည်။ ဤအတောအတွင်း စွမ်းအင်ဝန်ကြီးက သတင်းထောက်များအား သံလွင်စီမံကိန်းသည် လျှပ်စစ်ဓါတ်အား တယူနစ်လျှင် (၀.၉၀)ဘတ်နှုန်းဖြင့် ထုတ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟုဆိုသည်။

တချိန်တည်းမျှပင် တရုတ်ပြည် **ဟွာဒီယန်း** ကော်ပိုးရှင်း၊ ယူနန်ဖွံ့ဖြိုးရေးရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ၊ ယူနန်လျှပ်စစ်အုပ်စု၏ ရေအားလျှပ်စစ်တည်ဆောက်ရေးကုမ္ပဏီနှင့် ယူနန် (Nu river) နူမြစ် လျှပ်စစ်အစုများက “ယူနန် ဟွာဒီယန်း–နူမြစ် ရေအားလျှပ်စစ်ဖွံ့ဖြိုးရေးကုမ္ပဏီ”အသစ်တခုကို ဖွဲ့စည်းသွားရန် သဘောတူကြသည်။ ဤကဲ့သို့ပြုလုပ်ခြင်းမှာ စီမံကိန်းအား ဘဏ္ဍာရေးအရ ထောက်ပံ့နိုင်ရန် အလေးအနက် ဆောင်ရွက်ခြင်းဖြစ်သည်။ စီမံကိန်းမှာ နူမြစ် (တရုတ်ပြည်တွင်ရှိသည့် သံလွင်မြစ်အပိုင်း) တွင် ရေတံခွန် (၁၁)ခုရှိသည့်နေရာများ၌ ရေကာတာတည်ဆောက်ပြီး ရေအားလျှပ်စစ် ထုတ်လုပ်ရန်ဖြစ်သည်။

သေမင်းတမန်ရေကာတာ

ကရင်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့




Karen Rivers Watch

ကရင်မြစ်ချောင်းများစောင့်ကြည့်လေ့လာရေးအဖွဲ့
မြန်မာဘာသာပြန်ထုတ်ဝေခြင်း - ဧပြီလ၊ ၂၀၀၅